www.burmeseclassic.com

မောင်မျိုး
စိတ်ဦးသည်

BURMESE CLASSIC .com

# နိုကိုရဲ့

## ရည်းစားစာ

ဝဏ္ဏါဝိုစု



www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စာမူခွင့်ပြုချက်အမှတ်
၃၈၂/ ၂၀၀၄ (၄)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၇၆/ ၂၀၀၄ (၆)

ထုတ်ဝေသူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်စာပေ

ပုံနှိပ်သူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

ထုတ်ဝေခြင်း
ပထမအကြိမ် ၂၀၀၅ ခုနှစ်၊ နိုဝင်ဘာလ
အုပ်ရေ ၅၀၀၊ တန်ဖိုး ၁၀၀ ကျပ်

Wild Cats PUBLICATION

မောင်မျိုး
(ကြောင်နှစ်ကောင်စာပေ)
စီစဉ်သည်

www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


(၁) ရည်းစားစာ

(၂) စိတ်ရှိရာဘက်သို့

(၃) ကတုံး

(၄) ယုန်တစ်ကောင်ရဲ့ဖြောင့်ချက်

(၅) ကျွန်တော်နှင့် တီထွင်သူများ

(၆) လည်ပင်းဝန်

(၇) နတ်ဝင်သည်

(၈) တစ်သုံးခွန်ရှစ်

(၉) ဇာတ်သိမ်းမှားတဲ့ ဒိုင်ယာရီ

(၁၀) ဘဲကင်နဲ့အသုရာ


BURMESE CLASSIC .com

# ရည်းစားစာ

www.burmeseclassic.com

www.burmeseclassic.com



လူဆိုတဲ့ သတ္တဝါဟာ အီဘော်လူးရှင်းသီအိုရီအရ မျောက်ကနေပဲ ဆင်းသက်ဆင်းသက်၊ ထာဝရဘုရားသခင်ကပဲ ဖန်ဆင်းဖန်ဆင်း၊ နေ့ကပဲ ဖွားလာ ဖွားလာ၊ ကံ ကံ၏အကျိုးကြောင့်ပဲဖြစ်ဖြစ် အတွေ့ရှိနေ့သမျှ မကြုံဖူးတာတွေ ကြုံရ၊ မဖြစ်ဖူးတာတွေဖြစ်၊ ကိလေသာ အမှောင်တော မှာ တော်တော်ထူးထူးဆန်းဆန်း မျောကြတဲ့ သတ္တဝါအုပ်စုပါ။

လူတစ်ယောက်မှာရှိတဲ့ အတွေ့ဟာ တော်တော် အနုစိတ်ပြီး တော်တော် လည်း ရှုပ်ထွေးပါတယ်။ လူတွေဖြစ်တဲ့ ပြဿနာကိုပဲ လူတွေရှင်းဖို့ တော်တော်ကလေး ကြိုးစားရတယ်။ ကျွန်တော်တို့ ရုံးခန်းကလေးမှာ ဒီတစ်ခါဖြစ်တဲ့ ပြဿနာက ဖြေရှင်းမရခင် တော်တော်ကလေး ရှုပ်ထွေး ပါတယ်။ ရှင်းလေ ရှုပ်လေ ဆိုတာမျိုးပါ။

ပြဿနာအစကို ဒေါ်မြသောင်းဆိုတဲ့ မိန်းမကြီးကပဲ စပြောမှရမယ်။ ဒေါ်မြသောင်းဆိုတာ ကျွန်တော်တို့ရပ်ကွက်က နေနိုင်စားနိုင် ပထမတန်း စားလို့ ခေါ်နိုင်တဲ့ အမျိုးသမီးတစ်ယောက်ပါ။ သူ့ခင်ပွန်းက ဌာနဆိုင်ရာ တစ်ခုမှာ အရာရှိငယ်လုပ်တယ်။ သူ့မှာ ကလေးသုံးယောက်၊ အကြီးမ ကလေးက ကိုးတန်း၊ အငယ်ကောင်လေး နှစ်ယောက်က ကျောင်းနေနဲ့

ကြောင်နှစ်ကောင်တောက်ပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ငါးတန်းမှာပါ။ သူက ရပ်ကွက်ရှေ့ဘက် ဘူတာနားမှာ စတိုးဆိုင်ကလေး တစ်ခုလည်း ဖွင့်ထားသေးတယ်။ ပစ္စည်းစုံတင်တဲ့ သူ့စတိုးဆိုင်ကလေးက တော်တော်ရောင်းကောင်းပါတယ်။ ငွေတိုးကလေး ဘာလေးလည်း ပေးလေ တော့ ပိုရောင်းကောင်းတာပေါ့။

ယောက်ျားက ဝန်ထမ်း၊ သားသမီးတွေက ကျောင်းတက်တုန်း၊ သူကလည်း စတိုးဆိုင်ကလေးရှိဆိုတော့ ဒေါ်မြသောင်းက အိမ်ဖော်တွေ ဘာတွေ ထားပါတယ်။ အိမ်ဖော်ဆိုတာကလည်း ဆယ့်သုံးဆယ့်လေးနှစ် အရွယ် မိန်းကလေးတွေ များပါတယ်။ စတိုးဆိုင်ရှိပေမဲ့ အကြွေးကိစ္စတွေ ဘာတွေနဲ့ ဒေါ်မြသောင်း ရပ်ကွက်ရုံးခန်းကို မရောက်ပါဘူး။ သူရောက်တဲ့ ပြဿနာက အိမ်ဖော်ကိစ္စနဲ့တစ်ကြိမ် နှစ်ကြိမ် ရောက်ဖူးတာပါ

သူ့ ပြဿနာဖြစ်မှပဲ အိမ်ဖော်ထားရတာ ရှုပ်လှပါလားလို့ ကျွန်တော် သိရတာ။ အိမ်ဖော်မှာ ပွဲစားဆိုတာက ရှိသေးတာကိုး။ လိုချင်ရင် ရှာပေး၊ အိမ်ဖော်ကို လခပေး၊ ပြီးတော့ အိမ်ဖော်ရဲ့ ပထမဦးဆုံးလခနဲ့ လစဉ် လခထဲက ရှာပေးတဲ့အမျိုးသမီးက ၁၀ ရာခိုင်နှုန်းယူဆိုပဲ။ ပထမတစ်ခါ ကတော့ အိမ်ဖော်နဲ့အဆင်ပြေပေမဲ့ အိမ်ဖော်ပွဲစားက ရှုပ်လို့ တက်ကြတဲ့ ပြဿနာပါ။ လူကြီးတွေက အိမ်ဖော်ပွဲစားဆိုတဲ့အမျိုးသမီးကို ခံဝန်တွေ ဘာတွေထိုးပြီး ဖြေရှင်းလိုက်ရတယ်။

နောက် သိပ်မကြာဘူး၊ နောက်အိမ်ဖော်တစ်ယောက် ပြောင်းရင်း ပစ္စည်းတွေရော၊ အဲဒီကောင်မလေးရောပါ ပျောက်လို့ လာတိုင်ဖူးတယ်။ ပြန်တော့ မရရှာပါဘူး။ သူကလည်း ချက်ရေးပြုတ်ရေး သားသမီး လင် ယောက်ျားရေးအတွက် အိမ်ဖော်ရှိမှဖြစ်မှာကိုး။

အိမ်ဖော်မှာကလည်း အလုပ်ပျင်းတဲ့သူ၊ အစားအသောက် စားအိပ်၊ အလုပ်ပြင်၊ ခိုင်းတာကျ တလွဲတွေ လျှောက်လုပ်တဲ့ အိမ်ဖော်မျိုး၊ ဟိုနိုင်ငံရှင် ဒီရောက် တော်တော်နဲ့ ပြန်မလာ ပတ်ဝန်းကျင်မှာ မသိအောင် အကြွေးယူ၊ စကားတွေရှုပ်လို့ ရှင်းရတဲ့ အိမ်ဖော်မျိုး၊ အသက်တွေကလည်း ၁၄/၁၅ ဆိုတော့ ကိုယ့်သမီးထက်တောင် ထိန်းရခက်သေး၊ သမီးက ပြောမရရင် ရိုက်လို့ရပေမဲ့ အိမ်ဖော်က ရိုက်ရင်မခံတတ်ကြဘူး။ ဒေါ်မြသောင်းလည်း ဆူရင်း ဟောက်ရင်း အော်ရင်း အိမ်ဖော်မမြဲရင်းပေါ့လေ။ သူပြောပြတော့ လည်း သူ့ဘက်က ဟုတ်သလိုလိုပါပဲ။

ဒါပေမဲ့ အခုတစ်လော ဒေါ်မြသောင်း တွေ့တဲ့လူတိုင်းကို သူ့အိမ်ဖော် ကလေးတော်ကြောင်း ကျိတ်ချီးမွမ်းတတ်တယ်။ ပွဲစားနဲ့ ရှာတာမဟုတ်ဘဲ အသိနဲ့ရှာကဆိုလား ပြောတာပါ။ ကောင်မလေးက ဆယ့်ငါးနှစ်လောက် တော့ရှိမယ်။ သွက်သွက်လက်လက် ရည်ရည်မွန်မွန်ကလေး။ ဒေါ်မြသောင်း စတိုးဆိုင်မှာတောင် တစ်ခါတစ်ခါ ထိုင်လို့။ ဒေါ်မြသောင်း သမီးအကြီးနဲ့ ဗီဒီယိုအခွေတို့ ဝတ္ထုစာအုပ်တို့ အငှားထွက်လို့။ ဒေါ်မြသောင်းကလည်း သူ့အိမ်မှာ နေပျော်အောင် ဆင်ရှာပါတယ်။ ကောင်မလေးကလည်း ရုပ်ရည်ကလေး ခပ်သန့်သန့်ဆိုတော့ အိမ်ဖော်လို့မရင်ရဘဲ တူမတို့ဘာတို့ လို ဖြစ်နေတယ်။

တစ်ညတော့ ဒေါ်မြသောင်း ရုံးခန်းကိုရောက်လာပြီး ဥက္ကဋ္ဌကို တိုးတိုးတိုင်ပင်တာ တွေ့ရတယ်။ လက်ထဲမှာလည်း စာလေးတစ်စောင်နဲ့။ သိပ်မကြာဘူး ကျွန်တော်သိရတာ ဒေါ်မြသောင်းအိမ်က အိမ်ဖော်ကောင် မလေးနဲ့ အိမ်နားက ကောင်လေးတစ်ယောက် စာတိုက်နေပါ။ ဒေါ်မြ





www.burmeseclassic.com

www.burmeseclassic.com



သောင်း ကိုင်လာတဲ့စာက အိမ်ဖော်ကောင်မလေးက ရေးထားတာ။ ကျွန်တော် ဖတ်ကြည့်တော့ လက်ရေးက မလှ၊ သတ်ပုံတွေ မမှန်ပေမဲ့ တရဲ့အစီတွာယ်ကတော့ ပေါ်ပါတယ်။

ကောင်လေးကို သူက အဖြေပြန်ပေးထားတာ၊ သူက အိမ်ဖော်ကလေးမို့ သူ့ကို အထင်မသေးဘဲနဲ့ တန်ဖိုးထားဖို့၊ သူကတော့ သစ္စာရှိရှိချစ်မဲ့အကြောင်း ရေးထားတာ။ ကောင်မလေးရေးတဲ့ စာထဲက ကောင်လေးက ဥက္ကဋ္ဌသားတွေနဲ့ တွဲနေတဲ့ ကောင်လေး၊ လမ်းက တစ်လမ်းကျော်ကပါ။

"စာကိုမိလို့ တော်သေးတာပေါ့၊ ကျွန်မကလည်း သူ့ကို လက်လွှတ်လို့မရလို့ပါ ဥက္ကဋ္ဌရယ်၊ ဥက္ကဋ္ဌသားနဲ့လဲ တွဲနေတော့ ခေါ်ပြီး နည်းနည်းပါးပါး သတိပေးထားပေးပါ၊ ပြဿနာမတက်ချင်ပါဘူး"

ဒေါ်မြသောင်းကလည်း အားကိုးရတဲ့ သွက်လက်ပြီး အလုပ်နဲ့လက်နဲ့ မပြတ်အောင်လုပ်တဲ့ အိမ်ဖော်လေးကို မဆုံးရှုံးရေးအတွက် အားအေးဆေးဆေး ကာကွယ်တဲ့သဘောမျိုးပါ။ ဒါနဲ့ ဥက္ကဋ္ဌကလည်း သူ့သားကတစ်ဆင့် ကောင်လေးကိုခေါ်ပြီး မေးတယ်။ ကောင်လေးက ကြောင်တောင်တောင်နဲ့ မဟုတ်ဘူး ငြင်းတော့တာပဲ။ သူနဲ့လည်း ရည်းစားမဖြစ်ကြောင်း၊ သူကလည်း စာမပေးကြောင်း ပြောတယ်၊ ကောင်လေးက ၁၀ တန်းကျောင်းသားလေးပါ။

ဥက္ကဋ္ဌရော ကျွန်တော်တို့ရော ကောင်လေး ရှက်ပြီးငြင်းတယ်လို့ ထင်ကြပါတယ်။ ကောင်မလေးစာက မိထားတာကိုး။ ဥက္ကဋ္ဌက နောက်မကြားချင်ကြောင်း ပြောဆိုပြီး ဆုံးမလွှတ်လိုက်တယ်။ သိပ်မကြာဘူး၊ ကောင်လေအမေတွေရော အစ်မတွေရော ရုံးခန်းရောက်လာပြီး





မကျေမနပ်ပြောကြတယ်။ သူတို့သားကို မေးပြီးကြောင်း၊ မဟုတ်ကြောင်း။ သူတို့သားက မောင်က အိမ်ဖော်ကို မမှန်းကြောင်းတွေ အသံကျယ်ကျယ်နဲ့ ရန်လာတွေ့ကြတယ်။ ပြဿနာတက်ပြီဆိုတော့ ဒေါ်မြသောင်းကိုခေါ်၊ စာကိုပြရတယ်။ ဒါလည်း ကောင်လေးက မဟုတ်ဘူးလို့ ငြင်းတယ်။ သူ့အမေက ဒေါကန်ပြီး တစ်ချက်နှစ်ချက်ချတယ်။ အိမ်ဖော်ကို သူ့သားက စိတ်မဝင်စားကြောင်း ရင့်ရင့်သီးသီးပြောတော့ ဒေါ်မြသောင်းနဲ့တောင်မှ ရုံးခန်းထဲ စကားများကြသေးတယ်။ နောက်ဆုံး လူကြီးတွေက ရှင်းကြရပါတယ်၊

ပြဿနာတစ်ခု အေးသွားတော့ နောက်နေ့ကောင်မလေးကို နေမြဲတိုင်း သွားမြဲတိုင်း ပြန်တွေ့ရတယ်။ သိပ်မကြာပါဘူး ၁၅ ရက်လောက်နေတော့ ဒေါ်မြသောင်း ရှူးရှူးရှဲရှဲနဲ့ ရုံးခန်းရောက်လာပြန်တယ်။ အိမ်ဖော်မလေး မသင်းကိစ္စပဲ။ အိမ်ဖော်ကောင်မလေးကိုလည်း ရိုက်ခဲ့တယ်လို့ပြောတယ်။ ဒီတစ်ခါ မိတဲ့စာက ပထမကောင်လေးနဲ့ မဟုတ်တော့ဘူး။ ရပ်ကွက်ထဲက ခပ်တေတေ ကောင်လေးတစ်ယောက်နဲ့၊

စာကိုဖတ်ကြည့်တော့ ချိန်းတွေ့တာတွေရော၊ သူ ဒီအိမ်မှာနေရတာ မပျော်တာတွေရော၊ ဘဝတူချင်းမို့ သူ ပိုယုံကြည်ကြောင်းတွေရော၊ နောက်တစ်ခါ ညဘက်မချိန်းဖို့တွေရော၊ တိမ်နဲ့ ငှက်ကလေးတွေအကြောင်း ရေးထားတဲ့ ကဗျာကလေးတောင်ပါတယ်။ ကဗျာကတော့ ကူးချထားတာပါ။

"ဥက္ကဋ္ဌကြီး ဒီတစ်ယောက်ကိုတော့ သေသေချာချာခေါ်ပြီး ဆုံးမပေးပါ၊ ဒီကောင်က လွယ်တဲ့ကောင်မဟုတ်ဘူး၊ တော်ကြာ တောင်ရာလှုပ်ရှင်



www.burmeseclassic.com

www.burmeseclassic.com



ခံတော့်ကုန်ကြလိမ့်မယ်၊ ကျွန်မလဲ မိခင်းကို တော်တော်ကိုရိုက်လိုက်တယ်၊ သူ့ဟာတော့ ပေခံပြီးမှ ဝန်ခံတယ်"

ကောင်လေးကိုခေါ်ပြီးမေးတော့ ထုံးစံအတိုင်း ငြင်းပြန်တယ်။ သူမသိကြောင်း၊ သူချိန်းလည်းမတွေ့ကြောင်းကို တိုင်တည်တယ်။ တစ်ခါ နှစ်ခါသာ စ,ဖူးကြောင်း ဝန်ခံရှာတယ်။ ဒေါ်မြသောင်းကတော့ မရဘူး၊ သူ့လက်ထဲမှာက စာနဲ့ကိုး။

"ဒီမယ်... နင်တို့ လူကြီးတွေမသိအောင် ကျိတ်လုပ်ကြ၊ လူမိတော့ မဟုတ်ဘူးငြင်းကြနဲ့၊ ငါတို့က အရူးမဟုတ်ဘူးဟဲ့၊ သွားစမ်း မိချော... မိသင်းကို ခေါ်လာခဲ့"

မိသင်းရောက်လာတော့ လူကြီးတွေက မေးကြတယ်။ မိခင်း ငိုပဲနေတယ်၊ ဘာမှမပြောဘူး။

"ဟဲ့ကောင်မလေး... နင့်ကို ငါဘယ်တုန်းက ရည်းစားစာ ပေးလို့လဲ၊ နင်နဲ့ငါ ဘယ်မှာမှချိန်းမတွေ့ဘူး၊ ငါ သိလဲ မသိဘူး"

ကောင်လေးက ဒေါသတကြီးပြောတော့ မိသင်း မျက်လုံးဝိုင်းကြီးနဲ့ ကြည့်ပြီး ငိုပါတယ်။ ကျွန်တော်တို့လည်း တော်တော်စဉ်းစားရ ကျပ်သွားတယ်။ ဒါနဲ့ ကျွန်တော် ကောင်မလေးကို ခေါ်ပြီး ချော့မေးတယ်။ ဘာမှ မပြောဘူး။ ဒါနဲ့ ဒေါ်မြသောင်းက ကောင်းကြောင်း၊ အဝတ်အစားလည်း ဆင်ကြောင်း လိမ်လိမ်မာမာနေဖို့ သူ့ကို တစ်နာရီလောက်ပြောတော့ ကောင်မလေးက ဝန်ခံတယ်၊ သူ လိမ္မာပါ့မယ်တဲ့။

"မင်းတို့အရွယ်ကတော့ စိတ်ကစားကြတာပဲ၊ ဒါပေမဲ့ မင်းအရွယ် မရောက်သေးဘူး၊ ဘဝမှာ သိစရာတွေ အများကြီးကျန်သေးတယ်၊





ဒေါ်သောင်းတို့အိမ်မှာနေရင် တောမှာနေရတာ တခြားအိမ်မှာ နေရတာထက် မင်းအတွက် အများကြီးပိုအဆင်ပြေတယ်၊ မင်း လိမ္မာရင် သူတို့က သားရင်း သမီးရင်းလို တစ်သက်လုံး ထားကြမှာ၊ မင်း သူတို့အိမ်မှာ နေရတာ ဘာအခက်အခဲရှိသလဲ၊ အစ်ကို့ကိုပြော၊ မင်းမပြောရဲရင် အစ်ကို ပြောပေးမယ် ဟုတ်လား၊ လူကြီးစကားကို နားထောင်"

စသည်ဖြင့် ဆုံးမတော့ ကောင်မလေး တအီအီငိုရင်းနဲ့ ကတိတွေ ပေးတယ်။ ဒေါ်မြသောင်းကိုလည်း ကန်တော့တယ်။ ဒီတော့လည်း ပြေလည်သွားကြပြန်ရော၊

နောက်တစ်လလောက်ကြာတော့ တခြားကိစ္စတွေနဲ့ ကျွန်တော် မိသင်းကိစ္စကို မေ့သွားတယ်။ သူတို့လည်း ရုံးခန်းမရောက်တော့ ပြေလည်ပြီပေါ့လေ။

တစ်ညနေ ရုံးခန်းဖွင့်တုန်း ဒေါ်သောင်းရဲ့သမီးကလေး မိချော ရုံးခန်းကို ရောက်လာတယ်။ ကျွန်တော့်ကို ချောင်းကြည့်ပြီး ပြန်ထွက်သွားတာနဲ့ ကျွန်တော် လှမ်းခေါ်ရတယ်။ ရုံးခန်းမှာ ဘယ်သူမှ မရောက်ကြသေးဘူး။

"ဟဲ့ မိချော ဘာကိစ္စတုံး၊ ဘယ်သူ့ရှာတာလဲ"

မိချောက ဘာမှမပြောဘူး၊ ကျွန်တော့်ကို ပြုံးစစနဲ့ကြည့်တယ်။

"မိသင်းရော အဆင်ပြေသွားပြီလား"

ကျွန်တော့်မေးသံကြားတော့ ကောင်မလေးက မဲ့ပြပြီးပြန်ထွက်ပြေးသွားတယ်။ ကျွန်တော် တော်တော်ကြောင်ပြီး ကျန်ခဲ့တာ၊ ဘာသဘောဆိုတာ ဘယ်လိုမှ စဉ်းစားလို့မရဘူး၊ ရုံးခန်းလူစုံမှပဲ အဖြေကပေါ်တာ။



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါလည်း မိသင်း စာမိတာပါပဲ။

မိတဲ့လူက တော်တော့်ကိုခေါင်းစားသွားတယ်။ မိတဲ့လူက ကျွန်တော်တော် ဖြစ်နေတာကိုး။ ချစ်ရတဲ့ ကိုရဲ့ (စာရေးလေး)တဲ့။

"ငါတော့ စိတ်ညစ်ပါတယ်ဟယ်၊ လုပ်ပါဦး စာရေးလေးရဲ့၊ ဖတ်ကြည့်ပါဦး၊ နင်နဲ့တကယ်ကြိုက်နေတာလား၊ နင်နဲ့ဆိုရင်တော့…"

ကျွန်တော့်လည်မျိုမှာ အလုံးကြီးကျပ်လာပါတယ်။ ရယ်ချင်တာထက် ရှက်တာက ပိုများထင်တာပဲ၊ ဥက္ကဋ္ဌတို့ကလည်း ပြုံးစစလုပ်ကြတယ်။ ကဲ ဘယ်လိုတုန်းမောင်ဖုန်းဆိုတဲ့ သဘောပဲ။

ကျွန်တော် ဖတ်ကြည့်တော့ သူ့ကို ဆုံးမတဲ့အတွက် ကျေးဇူးတင်ကြောင်း၊ ကျွန်တော် သူ့ကို သနားပြီး ချစ်တယ်ဆိုတာ ယုံကြောင်း၊ သူ့အချစ်ကိုလည်း ယုံစေချင်ကြောင်း၊ ကျွန်တော်ပြောသလို သူ ကျောင်းပြန်တက်ပြီး ပညာတတ်အောင်လုပ်မည်ဖြစ်ကြောင်း၊ သူ့ကြောင့် ကျွန်တော် အရှက်မရစေချင်ကြောင်း၊ ကျွန်တော် နမ်းတော့ သူ ရင်ခုန်ရကြောင်း တောင်မှ ပါလိုက်သေးတယ်။ အောက်ဆုံးက မောင်စိန်ဝင်း (ပုတီးကုန်း)ရဲ့ တစ်သက် တစ်လွှာ တစ်လွှာတစ်ရွက် ဆိုတဲ့ ကဗျာကို ပြောင်းပြန်ဖောက်ထိုးတွေ ရေးထားတယ်။

ကျွန်တော်လည်း ရှေးကလူတွေလိုပဲ အရယ်တစ်ဝက် အတည်တစ်ဝက်နဲ့ ငြင်းရတယ်။ ဒီစာကို ဘယ်ကရတာလဲဆိုတော့ ကြောင်အိမ်ပေါ်ကတဲ့။ အရင်စာတွေတုန်းကလည်း ဒီလိုပဲ လက်တန်းပေါ်ကတို့၊ ပန်းကန်စင်ပေါ်ကတို့ ရတာပါဆိုတာ သိရတယ်၊

ဒီတော့မှ မိသင်းဟာ ဝတ္ထုတွေဖတ်ပြီး သူ့စိတ်ထဲမှာ ရှိသမျှလူတွေ





နဲ့ ရည်းစားဖြစ်ဟန် စိတ်ကူးယဉ် စာတွေရေးပြီး လူကြီးတွေ တွေ့နိုင်မဲ့နေရာမှာ ချချထားတာလို့ ခန့်မှန်းမိပါတယ်။ ပြောပြတော့ အားလုံးလက်ခံပေမဲ့ စိတ်ရှင်းအောင် မိသင်းကိုခေါ်ပြီး အော်လိုက် ခြောက်လိုက်နဲ့ မေးတော့မှ ဟုတ်တယ်လို့ ငိုရင်း ဝန်ခံတယ်။ လူကို ဖတ်ဖတ်ကိုမော ရောပဲ။

မိသင်းကိုလည်း နားလည်စာနာစိတ်နဲ့ ခံစားပြီး မပြောရဲတော့ဘူး၊ နောင် ဒါမျိုးလုပ်ရင် ရဲစခန်းပို့မယ်လို့ ခြောက်ရတယ်။ ဟုတ်တယ်လေ တော်ကြာ သူသာ တစ်ခုခုဖြစ်ပြီး ချစ်ရတဲ့ကိုရဲ့ (စာရေးလေး)ဆိုရင် ပြဿနာက ရှင်းလို့ဆုံးတော့မှ မဟုတ်ဘူး။

ကျွန်တော့်ကိစ္စကျမှပဲ နာမည်ကြီးသွားတယ်။ ရှေ့ကလူတွေလည်း လွတ်ကြ ကျွတ်ကြတယ်ပေါ့လေ။ ကျွန်တော် ရပ်ကွက်ထဲသွားလို့ စတိုးဆိုင်နားရောက်ရင် မိသင်းက ပုန်းနေတတ်ပါတယ်။ ရပ်ကွက်ထဲက ခင်တဲ့လူတွေကတော့ စာရေးလေး ကောင်မလေးကို အပျော်ကြံတာလားလို့ စ,ကြတယ်။

ကျွန်တော် အခုတော့ မိသင်း ဘာတွေဖြစ်နေသလဲဆိုတာ မသိပါဘူး။ မိသင်းဟာ ဒီထက်စာများများဖတ်ခဲ့ရင် ဒီထက်များပိုပြီး စိတ်ကူးယဉ်တတ်ရင် စာရေးဆရာမ ဖြစ်လာမလားလို့တောင် အခု တွေးနေမိပါတယ်။ ကျွန်တော်တို့ စာရေးဆရာဆိုတာကလည်း မိသင်းနဲ့စိတ်ကသိပ်ကွာကြတာ မဟုတ်ဘူးလေ။

❐



www.burmeseclassic.com

www.burmeseclassic.com


# စိတ်ရှိရာဘက်သို့...


www.burmeseclassic.com

www.burmeseclassic.com



ညစာထမင်းကို ညကိုးနာရီခွဲလောက်တွင် စားအပြီး စီးကရက်တစ်လိပ်ကို မီးမညှိသေးဘဲ လက်ကြားညှပ်ကာ စာအုပ်တစ်အုပ်ကိုကိုင်ရင်း ကျွန်တော့်ခုတင်ရှိရာ အခန်းထဲသို့ ဝင်လာခဲ့သည်။ ကျွန်တော့်စိတ်ကူးက ညစာ ထမင်းကောင်းကောင်း စားခဲ့ပြီးနောက် စီးကရက်လေးခဲကာ ခုတင်ပေါ်တွင်ငြိမ်နှပ်ရင်း စာဖတ်ရန်ဖြစ်သည်။ စာဖတ်ရင်း မျက်စိညောင်းလာလျှင်လည်း အိပ်လိုက်မည်ဖြစ်၏။

သို့သော် ခုတင်ပေါ်သို့ လှဲချရန် အထိုင်တွင် ကျွန်တော့်မျက်စိရှေ့ လက်လှမ်းရန် အနေတော်လောက်မှ ခြင်တစ်ကောင် လေးလေးကြီး ပျံသန်းလာသည်ကို မြင်သဖြင့် ဘာရယ်မဟုတ်ဘဲ ရိုက်လိုက်ရာ ထိုခြင်မှာ ကျွန်တော့်လက်ဖဝါး နှစ်ဖက်ထဲတွင် 'ဖိ'ခနဲမြည်အောင် သေဆုံးသွားသည်ဟု ခံစားရသဖြင့် လက်ဝါးကို ဖွင့်ကြည့်တော့ ဘယ်ဘက်လက်ဝါးတွင် ခြင်သေနှင့်အတူ နီရဲနေသော သွေးကွက်တစ်ကွက်ကို တွေ့လိုက်ရ၏။

ကျွန်တော် ခေတ္တငိုင်ကာ စဉ်းစားမိသည်။

ထိုခြင်သည် ကျွန်တော်တို့မိသားစု တစ်ဦးဦးကို စွန့်စားမှုများစွာနှင့် ကိုက်ကာ ဗိုက်ဝသွားသဖြင့် ဇိမ်ရှိရှိ တစ်နေရာ၌နားကာ နှပ်နေရင်း ကျွန်တော့်ရှေ့က ဖြတ်အပျံတွင် သေဆုံးရခြင်း ဖြစ်ဟန်တူသည်။ ကျွန်တော်





www.burmeseclassic.com

www.burmeseclassic.com



လည်း ထမင်းကောင်းကောင်းစားကာ ဗိုက်ဝပြီး နှပ်ရန်ကြံနေသူ ဖြစ်သည့်အတွက် ထိုခြင်အတွက် စိတ်မကောင်းဖြစ်မိကာသွားသည်။ ငါ ဘယ်လိုစိတ်မျိုးနဲ့ ရိုက်မိလိုက်ပါလိမ့်ဟု ကိုယ့်ကိုယ်ကိုယ် မေးမိသည်။

တစ်စုံတစ်ရာ ရည်ရွယ်ချက်တော့ မရှိပါ။ မျက်စိရှေ့ရောက်လာသဖြင့် ကောက်ရိုက်လိုက်ခြင်းသာ ဖြစ်ပါသည်ဟု တွေးမိသည်။ ဒီခြင်ကိုကလည်း တော်တော်ကံဆိုးဟန်တူသည်။ သွေးဝပြီးလျှင် တစ်နေရာရာမှာသာ နားနေပါက ဒီအဖြစ်မျိုးနဲ့ ကြုံမည်မဟုတ်။ ကျွန်တော့်ခုတင်ဘက်ကို ပျံလာသည်ထားဦး၊ ကျွန်တော့်မျက်စိရှေ့မှ မဟုတ်ဘဲ တခြားတစ်နေရာများမှ ပျံသန်းသွားလျှင် ကျွန်တော်ပင် သိလိုက်မည်မဟုတ်။ သူ (ခြင်) ကိုက သေနေ့စေ့ဟန်တူသည်ဟု ကျွန်တော်တွေးကာ စိတ်ကူးကိုရပ်သော်လည်း စိတ်ကူးက ထိုနေရာတွင်ပင် ရပ်မသွား။

ခြင်ပေါင်းများစွာထဲက ဒီခြင်ကိုမှ ကျွန်တော် ရိုက်လိုက်မိခြင်းသည် သူ့ဝဋ်ကြွေးဆုံးခြင်း (ဆပ်ခြင်း) ကံလား။ ကျွန်တော့်အကုသိုလ်ကံ အစလား။ ဒီခြင်သည် ကျွန်တော်ရိုက်၍ သေရန်အစွက် ကျွန်တော့်အိမ်ပတ်ဝန်းကျင်မှာ မွေးဖွားခဲ့ရမည်။ အခြားမည်သည့်အတွက်မှ မသေဘဲ ခုနကအချိန်ထိ အသက်ရှင်နေရမည်။ ပြီးမှ ကျွန်တော်ရှိရာဘက်သို့ အချိန်ကိုက်ကွက်တိပျံသန်းလာရဦးမည်။ (ကျွန်တော့်အိပ်ခန်းအဝင်ဝ၌ သွားကြားထဲတွင် ညှပ်နေသော အသားစကိုသာ စက္ကန့်သုံးဆယ်လောက် အချိန်ယူ၍ ဖယ်နေရမည်ဆိုလျှင် ထိုခြင်နှင့် လွဲသွားနိုင်ပါသည်။ သို့သော် အသားစက ချက်ချင်းခွာ၍ ရသွားခဲ့သည်။) အခုတော့ အရာအားလုံးသည် ကွက်တိ ဖြစ်လာခဲ့သည်။





ကျွန်တော် သိရွေ့ကတော့ ခြင်သည် အနော့ဖလီပဲဖြစ်ဖြစ်၊ ကျူးလက်ပဲဖြစ်ဖြစ် အများဆုံး (၁၀) ရက် ပတ်ဝန်းကျင်ခန့်သာ အသက်ရှင်နိုင်သည်။ ထိုပုံမှန် အသက် (၁၀) ရက်အတွင်း ရာသီဥတုဒဏ်၊ ခြင်ဆေးနှင့် အိမ်မြှောင်၊ ပင့်ကူတို့၏အန္တရာယ်၊ လူရိုက်ခြင်းဖြစ်စဉ်တို့မှ လွတ်မြောက်ကာ သူတို့အစာဖြစ်သော လူသွေးကို သောက်ခွင့်ရသောခြင်သည် တစ်သောင်းမှာ တစ်ကောင်ခန့်သာ ရှိနိုင်သည်။ အခုတော့ ရှားရှားပါးပါး အောင်မြင်လာသောခြင် တစ်ကောင်သည် လူသွေးကိုသောက်ပြီးစ ဗိမ်ပင်မယူနိုင်ဘဲ သွားရှာလေပြီ။

ကျွန်တော့် လက်ဖဝါးနှစ်ခု ညှပ်သည့်ကြားထဲတွင် သူ့ကိုယ်သူဘာမှန်းပင် သိလိုက်မည်မဟုတ်ဘဲ ဘဝပြောင်းသွားလေပြီ။ (ကျွန်တော်က ခြင်သည် ကူးစက်တတ်သော ရောဂါပိုးကို သယ်ဆောင်တတ်သော အင်းဆက်ဟု မတွေးဘဲ၊ သတ္တဝါတစ်ကောင်၏ သေခြင်းဘက်မှ တွေးနေခြင်းသာဖြစ်သည်။)

ကျွန်တော့်လက်ဖဝါးထဲက ခြင်ကို စိတ်မကောင်းစွာ ငေးကြည့်နေမိသည်။ ကျွန်တော်သာ ခုတင်၏ ယခုနေရာမှာ မထိုင်မိဘဲ တစ်ပေခန့်ခွာထိုင်မိခဲ့လျှင်လည်း ထိုခြင်သည် ယခုလောက်ဆို နံရံတစ်နေရာမှာနားကာနှပ်နေလောက်ပြီ။ စိတ်မကောင်းစွာဖြင့် ကျွန်တော် ကြည့်နေမိတုန်း ကျွန်တော့်နံဘေးပေါင်မှာ ပူခနဲဖြစ်သွားသဖြင့် မသိစိတ်ဖြင့် ကျွန်တော် လှမ်းကာရိုက်လိုက်သည်။

ထိုလျှပ်တစ်ပြက်အချိန်အတွင်းမှာပင် ခြင်ကိုမမိခြင်း၊ ထိုခြင်က မျက်နှာနားကို ပွတ်သပ်ကာ 'ဗီ'ခနဲ တောင်ပံခတ်သံပေးကာ ပျောက်သွားခြင်း



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့် လက်ကြားထဲမှာညှပ်ထားသော စီးကရက်မှာ ထပ်ပိုင်းကျိုးကာသွားခြင်း။ ထိုခြင်ကို ကျွန်တော် လိုက်ရိုက်သော်လည်း လွတ်ကာသွားခြင်းတို့ ဆက်တိုက်ဖြစ်ကာသွား၏။

လက်ကြားထဲမှာ ထက်ပိုင်းကျိုးသွားသော စီးကရက်ကို ငေးကြည့်ကာ ကျွန်တော် တော်တော်ဒေါသထွက်ကာ သွားသည်။ ထိုစဉ် ခြင်တစ်ကောင် ပြေးဝင်လာသဖြင့် အားနှင့်ရိုက်ချလိုက်သည်။ ပြီး လက်ဝါးကို ဖြင့်ကြည့်လိုက်တော့ ပုံသဏ္ဌာန်ပျက်ကာ လုံးထွေးနေသော ခြင်သေကိုမြင်ရသဖြင့် ကျွန်တော် ဝမ်းသာသွား၏။ လက်ဝါးနှစ်ဖက်ကို ပွတ်ချေလိုက်တော့ ထိုခြင်သည် အမှုန့်ဖြစ်ကာ ပျောက်သွားသည်။

ထို့နောက် ကျွန်တော့်ရှေ့တွင် ဟိုမှဒီမှ ဝဲပျံနေသောခြင်တွေကို ဇောနှင့်လိုက်ကာ ရိုက်နေမိသည်။ ခြင်တစ်ကောင်မိတိုင်း ကျွန်တော် ဝမ်းသာသည်။ ဖြန်းခနဲ တစ်ခါရိုက်ပြီးတိုင်းလည်း လက်ဖဝါးနှစ်ဖက်ကို ဖွင့်ကြည့်ရတာအမော၊ ကျွန်တော်ရိုက်ရင်းက ခြင်တွေက ပိုကာများများလာသည်။

ဖြန်းခနဲရိုက်ပြီးတော့ လက်ဖဝါးနှစ်ဖက်ကို ဖွင့်သည်။ ခြင်ကိုမတွေ့ရ။ သို့သော် ဘယ်ဘက်လက်ချောင်းတွေကြားမှာ ကိုရွှေခြင်က ညှပ်ကာနေ၏။ လက်ချောင်းများကို တင်းတင်းစေ့ရင်း ညာဘက်လက်နှင့် ဖိချေရန်ယူတော့မှ ထိုခြင်က လှစ်ခနဲပျံကာ ထွက်သွားသည်။ ကျွန်တော် လိုက်ရိုက်လည်း မမိတော့။

ကျွန်တော် မဲကာကြိုးကာ ခြင်တွေလိုက်ရိုက်နေမိသည်။ ခေါင်းကို ပတ်ချမြှုံးသည့်အကောင်ကို နဖူးခံကာ ရိုက်သည်။ လက်မောင်းနားက





ခြင်ကို လက်မောင်းခံကာရိုက်၏။ ကျွန်တော် ရှေ့မှာမဲရိုက်တုန်း ကျောကုန်းကိုဝင်တွယ်သော ခြင်လည်းရှိသည်။ ဒီလောက်ရိုက်နေသည့်ကြားက လက်ဖျံပေါ်ကို ဆင်းကာ ဝင်နားသောခြင်ကို အသာငြိမ်စောင့်ကာ ဖိုင်မှရိုက်သည်။ သို့သော် မမိ၊ ထိုခြင်ပျံထွက်ရာနောက်သို့ မဲကာလိုက်ရိုက်ရင်း လက်ဖဝါးနားပျံလာသော နောက်ခြင်တစ်ကောင်ကို မိသည်။ ကျွန်တော် ရိုက်လေ ခြင်တွေက ကျွန်တော့်နားမှာ ပိုဝဲကာပျံလေလေဖြစ်သည်။

ပုလဲဆိပ်ကမ်းကို ဗုံးကြဲသော ဂျပန်လေယာဉ်တွေလို ခြင်တွေက ကျွန်တော့်အနားမှာ ဝဲကာနေသည်။ ကျွန်တော် လက်မလည်အောင် ရိုက်နေရ၏။ The Longest Day ဆိုသော ကားထဲမှာ အမေရိကန်တပ်တွေက ဂျာမန်တွေသိမ်းထားသော နော်မန်ဒီကမ်းခြေသို့တက်စဉ် စက်သေနတ်နှင့် ကမ်းပေါ်က အပိုင်ပစ်ရသော ဂျာမန်တွေကို ကျွန်တော် သတိရသည်။ များစွာသော လူတွေထဲမှာ သူစိတ်ထင်ရာကို ပစ်ခွင့်ရှိသည်။ သူ့စိတ်ထင်ရာ ရွေးချယ်မှုကလေး တစ်ချက်သည် ဟိုတစ်ဖက်က ဘဝတစ်ခုဆုံးခြင်း (သေဆုံးခြင်း)ပင်ဖြစ်၏။

အခု ကျွန်တော်လည်း မျက်စိရှေ့တွင် မြင်နေရသော ဝဲပဲနေသည့် ခြင်တွေများစွာထဲက စိတ်ထင်ရာကို ရွေးကာရိုက်နေသည်မဟုတ်လား။ ကျွန်တော်နှင့်နီးတိုင်း ထိုခြင်သေခြင်းမဟုတ်၊ တစ်ခါတစ်ရံ အဝေးမှခြင်းကို ကုန်းကာ (ဘာကြောင့်မှန်းမသိ) လိုက်ရိုက်မိတာလည်းရှိသည်။ လွတ်သွားသည့်ခြင်ကို ဇောအရှိန်နှင့် သုံးလေးချက် မရမက လိုက်ရိုက်တာမျိုးလည်းရှိသည်။

ထိုသို့ခြင်ရိုက်ရင်းကပင် ကျောင်းတက်စဉ်က စံရိပ်ငြိမ်အဆောင်တွင် ကြုံဖူးသော သူငယ်ချင်းတစ်ယောက်ကို သတိရမိသေးသည်။ ဒီကောင်အာ ညဆိုလျှင် သူ့ခြင်ထောင်ထဲသို့ ခြင်တွေကိုသွင်းကာ မကုန်မချင်း လိုက်



www.burmeseclassic.com

www.burmeseclassic.com



နှိုက်လေ့ရှိ၏။ တစ်ရက်လည်းမဟုတ် နှစ်ရက်လည်းမဟုတ် ညစဉ်ဖြစ်သည်။ ဒီကောင့်ကို သူငယ်ချင်းတွေက 'မော်စကွိတို ဟစ်တလာ'ဟု နောက်ကာခေါ်ကြသည်။

ကျွန်တော်တွေးရင်းက ခါးကိုဆန့်ကာ အပေါ်မှခြင်ကို တီးထည့်လိုက်သည်။ မိလည်းမိသည်။ ထိုစဉ် မိန်းမကခြင်ဆေးခွေထွန်းပြီးသားကို လာကာချသည်။

"နေပါစေ၊ ပြန်ယူသွား"

"ထွန်းထားလိုက်၊ တဖြန်းဖြန်းနဲ့ တော်ကြာ ကလေးနိုးသွားလိမ့်မယ်"

"အေးပါကွ"

ကျွန်တော် ပြန်ပြောရင်း ခြင်တစ်ကောင်ကို လှမ်းကာရိုက်သည်။ မိ၏။

"တိုးတိုးပါဆိုနေမှ အဓိပ္ပာယ်မရှိ ခြင်တွေလျှောက်ရိုက်နေတယ်၊ ကလေးတော့ နိုးတော့မှာပဲ"

မိန်းမက အံကိုကြိတ်ကာ ကျိန်းသည်။ ခဏငြိမ်လိုက်တော့မှ ကျွန်တော် တော်တော်မောနေမှန်းသိရ၏။ ကျွန်တော့်လက်ဖဝါးနှစ်ဖက်ကို ဖွင့်ကာကြည့်တော့ မည်းနက်သော အစု၊ အစက်အကြောင်းကလေးတွေ အဖြစ်နှင့် သေနေကြသော ခြင်များကို တွေ့ရသည်။ ကျွန်တော့်လက်ဖဝါးကိုငေးကာ ကြည့်နေမိသည်။ ကျွန်တော့်လက်ဖဝါးနှစ်ဖက်စလုံး ခြင်သွေးတွေကြောင့် ကပ်စေးစေးဖြစ်ကာနေသည်။ ကျွန်တော် ဘာတေဖြစ်သွားသနည်း။





"ခြင်ထောင်ချလိုက်တော့လေ"

မိန်းမအသံကြားရတော့ လက်ဝါးနှစ်ဖက်ကိုပွတ်ကာ ချေလိုက်တော့ အားလုံး ချေး(ကျိုး)အမှုန့်ဖြင့်ကာ ကွာကျကုန်သည်။ စာဖတ်ချင်စိတ်လည်း မရှိတော့သဖြင့် ကျွန်တော် ခြင်ထောင်ကိုချကာ အထဲသို့ဝင်လိုက်သည်။

စောင်ကို ကျကျနနခြုံပြီး ပက်လက်လှန်ကာ ကျွန်တော် စဉ်းစားနေမိသည်။ ကျွန်တော် ဘာဖြစ်လို့ ခြင်တွေကို လိုက်ရိုက်နေမိသနည်း။ စီးကရက် ကျိုးသွားသည့်အတွက် စတင်ရိုက်မိခြင်း ဖြစ်သော်လည်း ထိုခြင်များကို ရိုက်နေချိန်မှာ စီးကရက်ကို နှမြောရမှန်း လုံးဝသတိမရတော့တာ သေချာပါသည်၊

ကျွန်တော့်အခန်းထဲက ဟိုဘက်ခုတင်မှာ (၄) လသား ကျွန်တော့် ကလေး ရှိသည့်အတွက် ညရေးညတာထဖို့ မီးဖွင့်ထားသဖြင့် ခြင်ထောင် အမိုးကို ကျွန်တော် ထင်လင်းစွာ မြင်နေရသည်။ သို့သော် ကျွန်တော် မျက်စိကို အတင်းမှိတ်ကာ အိပ်ဖို့ကြိုးစားလိုက်သည်။

နောက်နေ့မနက် မိုးလင်းတော့ မိန်းမက ကျွန်တော့်ကို ခြင်ထောင် ထဲဝင်ကာ နှိုးသည်။

"ဆယ့်တစ်နာရီတောင် ထိုးနေပြီ၊ ထတော့..."

ထို့နောက် 'ဖြန်းခနဲ' ခြင်ရိုက်သံကို ကြားလိုက်ရ၏။ မိန်းမက လက်ဝါးနှစ်ဖက်ကိုဖြန့်ကာ နှာခေါင်းကိုရှုံ့ရင်း ပြောသည်။

"ကြည့်ပါဦး... ခြင်က သွေးတွေဝလို့ပါလားတဲ့။

□



www.burmeseclassic.com

www.burmeseclassic.com



ကတုံး





www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို ခေါင်းတုံးဖြင့် ပထမဦးဆုံးစတွေ့သူမှာ ကျွန်တော့် ဇနီးသာလျှင် ဖြစ်ပါသည်။ သူ့မျက်နှာမှာ အံ့သြသွားသလို ခဏဖြစ်သွားပြီး နောက် စိတ်ပျက်သွားသလို အမူအရာဖြင့် မျက်နှာကိုလွှဲကာ ဘာမှမမေးဘဲ ရေချိုးလိုက်ဟုပြောပြီး အိမ်ထဲဝင်သွား၏။ ထိုအမူအရာမှာ ကျွန်တော် လုပ်ချင်တာကို လုပ်လာခဲ့ပြီး သူမ မကျေနပ်လျှင် ပြနေကျအမူအရာမျိုးသာ ဖြစ်ပါသည်။ ခေါင်းတုံးနှင့်ပတ်သက်၍ ကျွန်တော့်ရှုံလွဲမှားမှုကို ပြောပြရန် အသစ်တုံးပြီးစ ခေါင်းကလေးကိုကိုင်ကာ ကျွန်တော် ပြုံးနေခိုက် သူမက မျက်နှာလွှဲသွားခြင်းလည်း ဖြစ်၏။

သူမကို ကျွန်တော် ကိုယ်ချင်းစာနိုင်ပါသည်။ ဆံပင်ညှပ်မည်ဟု ထွက်သွားတုန်းက အကောင်း၊ ပြန်လာတော့ ကျွန်တော်က ဘာမပြောညာ မပြောနှင့် ခေါင်းတုံးကြီးဖြစ်နေသည့်အပေါ် သူမ စိတ်မကျေနပ်ဖြစ်သင့်ပါ သည်။ ကိုယ့်ယောက်ျားအပေါ် ပုံရိပ်လွဲသွားသော ဇနီးတစ်ယောက်၏ တုံ့ပြန်ခြင်းဟု ကျွန်တော်ယူဆကာ ဘာမှမပြောတော့ဘဲ ရေချိုးရန် ပြင်ဆင်ရ၏။

မမျှော်လင့်ထားဘဲ ကျွန်တော်လည်း ခေါင်းတုံးတုံးလိုက်ရသဖြင့် ဦးခေါင်းဗော်ပါး လန်းဆန်းသွားသော ခံစားမှုအပေါ် အေးမြသောရေကို





www.burmeseclassic.com

www.burmeseclassic.com



လောင်းချခြင်း၊ လည်ကုတ်မှ ဆံပင်အစတို့၏ ယားယံမှုကို မခံနိုင်ခြင်းတို့ကြောင့် ရှေ့တွင်မရှိတော့သော မိန်းမကို ဘာမှပြန်မရှင်းနေတော့ဘဲ ရေချိုးကန်သို့သွားကာ အားရပါးရ ရေလောင်းကာချိုးလိုက်သည်။

ရေ၏ မူလအေးမြသော သဘာဝသည် လတ်လတ်ဆတ်ဆတ် တုံးထားသော ဦးခေါင်းပေါ်မှ ကြည်လင်စွာဖြတ်သွားသည့် အရသာကို ကျွန်တော် ခံစားရင်း ခေါင်းတုံးတုံးလာရသည့်ကိစ္စကို ကျေနပ်သွား၏။ ရေချိုးပြီးတော့ ခါတိုင်းနေ့များနှင့်မတူ ကျွန်တော် ပို၍လန်းဆန်းနေသော်လည်း ကျွန်တော့်မိန်းမက သဘက်ကို လှမ်းပေးကာ ခေါင်းကိုခြောက်အောင် မြန်မြန်သုတ်လိုက်ဟုပြောရင်း ထွက်ကာသွား၏။

ကျွန်တော်လည်း အကြောင်းကြောင်းဖြင့် ကျန်ရစ်ခဲ့သည်။

ခေါင်းမှာ ဆံပင်မှမရှိတော့တာ ဘယ့်နှယ်ခြောက်အောင်သုတ်ရမှာလဲ၊ ကျွန်တော်ပြုံးရင်း စကားပြောမှားသွားသော ဇနီးကို စရန် စဉ်းစားရင်း၊ ထိုသို့ စပြီးမှ ကျွန်တော် ခေါင်းတုံးတုံးခဲ့ရပုံကို ရှင်းပြမည်ဟု စိတ်ကူးကာ ရေသုတ်ရင်း အိမ်ပေါ်တက်ခဲ့သည်။

"မင်းကလည်း ခေါင်းမှာ ဆံပင်မှမရှိတာ၊ ဘယ်လိုလုပ်အောင်သုတ်..."

"သိပါတယ်... သိပါတယ်၊ ဘာလုပ်လာတယ်ဆိုတာကို သိတယ်၊ မပြောချင်ဘူး၊ သူတို့ ခေါင်းတုံးတုံးတာနဲ့ ဘာမှမဆိုင်ဘူး"

"ဟ... မင်း ဘာကိုပြောတာလဲ"

"ဘာပြောရမှာလဲ၊ သိတယ်လို့ပြောပြီးပြီပဲ၊ ဘာမှမဆိုင်ဘူး"





ဆံပင်မရှိတော့ပြီဖြစ်သော ဦးခေါင်းကိုပွတ်ရင်း ကျွန်တော်တော်တော်စိတ်ညစ်ကာသွားရ၏။ မိန်းမက ကျွန်တော့်ကို ထုတ်ဆိုးတိုးသလို မျက်နှာ ခေါင်းငုံ့ကာရှောင်ရင်း အခန်းထဲမှထွက်ကာ ထမင်းစားပြင်ရန် စတင်သည်။ ကျွန်တော် မကျေနပ်။

"နေပါဦး... မင်းက ဘာကိုသိတာလဲဆိုတာ ပြောစမ်းပါဦး၊ ငါ ခေါင်းတုံးတုံးလာရတာကို မင်း ဘယ်နည်းနဲ့မှ..."

"လုပ်မနေနဲ့ သိပြီးသားပါ၊ ဒွေးကလည်း သူ့ဘာသာချောင်းဝကျောင်းမှာ ဘုန်းကြီးဝတ်တာ၊ ကိုမိုး (လွင်မိုး)ကလည်း ပုဂံမှာကားရိုက်ရှိလို့ ဝတ်တာ ဘာမှ ကိုယ်ကလိုက်တုံးစရာမလိုဘူး"

"ဟာ..."

ကျွန်တော် 'ဟ'နှင့် ကျွန်တော် ကျန်ခဲ့ခြင်းသာဖြစ်ပါသည်။ မိန်းမများ စိတ်ကောက်လျှင် လုပ်တတ်သည့်နည်းအတိုင်း သူတို့ပြောစရာ စကားကုန်သည်နှင့် လှည့်ထွက်သွားသောကြောင့် ဖြစ်၏။ ဦးခေါင်းမှာ ခေါင်းတုံးအသစ် ရေချိုးပြီးသည့်အရသာ ပူရှိန်းရှိန်း၊ ရင်ထဲမှာ မကျေနပ်သည့် ဒေါသစပ်ဖျင်းဖျင်းနှင့် ကျွန်တော် ကျန်ခဲ့၏။

ထမင်းစားကြတော့ မိန်းမက ဘာစကားမှမပြောဘဲ ထမင်းကို စက်ရုပ်တစ်ကောင်လို စားပြနေ၏။ သူမ လိုချင်တာက အကြောင်းပြချက်မရှိဘဲ ကျွန်တော် မင်းသားများကို လိုက်တုကာ ခေါင်းတုံးတုံးလာသည်ဟုထင်ကာ ထိုကိစ္စကို မကျေနပ်ကြောင်း ပေါ်လွင်စေရန်ဖြစ်၏။

သူမ ထင်မြင်ချက်သည် သူမအတွက်တော့မမှား၊ ထိုအချိန်တွင် ကိုသားကြီး (ဒွေး)ကလည်း သူ့ဇနီးနှင့် (၁၄) နှစ်မြောက် မင်္ဂလာနှစ်ပတ်



www.burmeseclassic.com

www.burmeseclassic.com



လည်အပြီး ချောင်းဝကျောင်းမှာ ပဉ္စင်းခံခဲ့သည်။ ကိုမိုး (လွင်မိုး)ကလည်း ကားကြီးရိုက်ရင်း ဇာတ်ဝင်ခန်းအရ အရိုင်း၊ ကင်းကောင်၊ ဖိုးဖြူတို့နှင့် ပွဲတွင် ပဉ္စင်းတက်ခဲ့သည်။ ထိုမင်းသားနှစ်ယောက်နှင့် ကျွန်တော် ရင်းနှီးသော်လည်း ဘာမှမဆိုင်ဘဲ သူတို့ဘုန်းကြီးဝတ်တာနှင့် ကျွန်တော်က ဒီက ဖမ်းခေါင်းတုံးတုံးရလောက်အောင် မမိုက်မဲကြောင်းကို ကျွန်တော့် ဇနီးက နားမလည်ရကောင်းလားဟု။ ကျွန်တော်ကလည်း ဒေါသဖြစ်ကာ သူ့လို စက်ရုပ်မဆန်ဘဲ လူဆန်ဆန်ပင် ထမင်းကို အားရပါးရ စားပြကာ ဘာစကားမှမပြောဘဲ နေလိုက်သည်။

ထမင်းစားပြီးတော့ အပူတွေ ဦးခေါင်းက တရှိန်ရှိန်ထွက်တာကြောင့် လား၊ ထမင်းစားများ[illegible]ားလို့လား မသိ၊ ကျွန်တော် လန်ဒန်ကလေးနှင့် မှိန်းရင်း အိပ်ချင်လာသဖြင့် အိပ်ပစ်လိုက်လေသည်။

*

ကျွန်တော် ခေါင်းတုံးတုံးတာကို ဒုတိယရယ်မော၍ တွေ့သူမှာ ကဲကော်ဝတ်ရည်စာပေမှ မဝိုင်းဖြစ်ပါသည်။ အစ်မနှင့် ကျွန်တော် ဆယ့်ငါးရက်နေ့ခန့်က အိမ်မှာပင် တစ်ကြိမ်တွေ့ခဲ့ကြဖူး၏။

"ဟယ်တော့… တော်သေးတာပေါ့၊ ဘယ်နေ့က လူထွက်တာလဲ၊ ပြီးခဲ့တဲ့ (၃) ရက်လောက်က လာဦးမလဲ၊ ရောက်ဖြစ်ရင် ဘုန်းကြီးကျောင်း လိုက်ရမှာ"

"မဟုတ်ဘူး အစ်မ၊ ဘုန်းကြီးဝတ်တာ မဟုတ်ဘူး"

"ဟင်… ဘုန်းကြီးမဝတ်ရင်…"





မဝိုင်းက ကျွန်တော့်ဦးခေါင်းကိုသာ ကြည့်၏။ ကျွန်တော့်ခေါင်းမှာ ထားနှာလည်းမတွေ့၊ ပွေးကိုလည်းမမြင်ရ၊ ဘုန်းကြီးလည်းဝတ်တာမဟုတ် ဆိုတော့ ဘာကြောင့်ဆိုတာ ဆက်တွေး၍ရဟန်မတူ။

"ဟုတ်တယ် အစ်မရေ ဆံပင်သွားညှပ်တော့ အကောင်းဗျာ၊ ပြန် လာတော့ ဟဲ… ဟဲ"

ထိုအချိန်မှာပင် မိန်းမက ခပ်မဲ့မဲ့မျက်နှာပေးဖြင့် ထွက်လာကာ အစ်မ နေကောင်းလား၊ ဘာလာလုပ်၏။ မိန်းမမျက်နှာမှာ အလကားထွင် တုံးပြီး လာသည့်ညှော့်သည်ကို လိမ်ပြောဦးမည်ဆိုသည့် မျက်နှာပေးကြီး ရှိနေသဖြင့် ကျွန်တော့်စိတ်ထဲ ဒေါသဖြစ်ရပြန်သည်။

"ဘုန်းကြီးမဝတ်ရင် ဘာလိုဖြစ်ပြီး…"

"ဒီလိုပါပဲ အစ်မရာ၊ ဘာမှမဟုတ်ပါဘူး၊ ဒီအတိုင်းတုံးတာပါ"

အစ်မ နားလည်ဟန်မတူပါ။

ဗုဒ္ဓဘာသာဆိုတာက ခေါင်းကို အထွဋ်မြတ်ထားလေ့ရှိကြသည် မဟုတ်လား။ အကြောင်းတစ်စုံတစ်ရာမရှိဘဲ ခေါင်းတုံးတုံးပစ်လေ့ပစ်ထ မရှိ (ကိုဇာဂနာနှင့် ဆရာမြင့်ဦးဦးမြင့်လှလွဲ၍ပေါ့။) ဆံပင်နှင့်တွေ့ပြီး ရက်အတော်ကြာ၍ ခေါင်းတုံးနှင့်တွေ့လျှင် ဘုန်းကြီးဝတ်တာလားမေး၊ တစ်ရာမှာ တစ်ရာလုံး မှန်နေသည့်ကိစ္စ။ ကျွန်တော့်ကျမှ မဟုတ်ဆိုတော့ ညှော့်သည်လည်း နားလည်ဟန်မတူ။ အခန့်မသင့်လျှင် လူတစ်ယောက် ခေါင်းတုံးဖြစ်သွားနိုင်သည်ဆိုသည့်ကိစ္စကို ကျွန်တော်မှလွဲ၍ မည်သူမှ ဖြစ်ခဲ့ကြဖူးဟန်မတူ။



www.burmeseclassic.com

www.burmeseclassic.com



ထင်မြင်ချက်၊ ဖြစ်နိုင်ချေနှင့်လွဲနေသော ကျွန်တော့်ကို အစ်မကလည်း ဘာမှဆက်မမေးတော့ဘဲ အခြားကိစ္စကိုသာ ပြောကြ၏။ ညည့်သည်နှင့် အိမ်ရှင်ဆိုတာလည်း ပါလိမ့်မည်ထင်သည်။

*

ကျွန်တော့်ကို ခေါင်းတုံးနှင့် တတိယအကြိမ် တွေ့သူက အမေပင် ဖြစ်၏။

ထိုနေ့က အမေက မနက်စောစောကိစ္စရှိသဖြင့် အပြင်သို့သွားရသည်။ မနက်က မူလ အတိုင်း၊ နေ့ခင်းပြန်လာတော့ ခေါင်းတုံးကလေးနှင့် ဧည့်ခန်းမှာ စကားပြောနေသော ကျွန်တော့်ကိုတွေ့တော့ အမေ အံ့ဩသွားသည်။

"ဟယ်... ငသားကလေးက ခေါင်းတုံးနဲ့တော့၊ ဘယ်လိုဖြစ်သွားရတာတုန်း"

အမေက ဝအံ့တသြ အော်ကာတက်လာ၏။ ဧည့်သည်လည်း ကျွန်တော် ခေါင်းတုံးဖြစ်တာကို အမေပင်အံ့သြတယ်ဆိုတော့ ကျွန်တော် ဘုန်းကြီးဝတ်တာမဟုတ်မှန်း သေချာသွားကြောင်း သိသွားသဖြင့် ကျွန်တော် လိမ်ညာခြင်းမဟုတ်ကြောင်း သက်သေရသလိုဖြစ်ကာ ကျေနပ်သွားသည်။ သို့သော် ဘာဖြစ်လို့ ကျွန်တော် ခေါင်းတုံးတုံးရသလဲဆိုတာတော့ ထပ်မမေး စကားလမ်းကြောင်းက ခေါင်းတုံးနှင့်ဝေးကာနေသည်။

ပြန်ကာနီးတော့မှ ကျွန်တော့်ကို နှုတ်ဆက်ရင်းမေး၏။

"ညီမလေးနဲ့ရော အဆင်ပြေတယ် မဟုတ်လား"





"ဗျာ... ပြေပါတယ်၊ ဘာဖြစ်လို့လဲ"

ကျွန်တော့် ပြန်မေးစကားကို ဘာမှမပြော၊ ကျွန်တော့်ခေါင်းတုံးကို တစ်ချက်ကြည့်ကာ-

"ဘာမှမဟုတ်ပါဘူး"ဟုပြောကာ ပြန်သွား၏။ ကျွန်တော်ခေါင်းတုံးကိုသာပွတ်ပြီး ကျန်ခဲ့သည်။

ကျွန်တော့်ဇနီးနှင့် အဆင်ပြေလားဟုမေးပြီး ဘာကြောင့် ကျွန်တော့် ခေါင်းတုံးကို တစ်ချက်ကြည့်ရသနည်း၊ စိတ်ရှုပ်ရှုပ်ဖြင့် တက်လာသော ကျွန်တော့်ကို အမေက ထပ်မေးပြန်၏။

"ရဲဝင်း... နင်က ဘယ်လိုဖြစ်လို့ . . ဘာဖြစ်တာလဲ"

"ဘာမှမဟုတ်ဘူး... အမေရာ စိတ်ပေါက်တာနဲ့"

လူတစ်ယောက် ခေါင်းတုံးတုံးသည့်ကိစ္စကို မိခင်၊ မိန်းမနှင့် ဧည့်သည်တို့က ဘာကြောင့် မယုံသင်္ကာဖြစ်ရသနည်း။

နောက်တစ်ရက် စတုတ္ထမြောက် ကျွန်တော့်အား ခေါင်းတုံးနှင့်တွေ့သောသူမှာ အလင်းတန်းဂျာနယ်မှ တာဝန်ခံအယ်ဒီတာ ကိုဦးဆွေပင်ဖြစ်သည်။

"အံမယ်... ခင်ဗျားလည်း ဘုန်းကြီးဝတ်တယ်ပေါ့၊ ဒွေးနဲ့လား လွင်မိုးနဲ့လား"

"မဟုတ်ဘူးဗျ"

"လွင်မိုးနဲ့ပေါ့၊ ကဲ ပုဂ္ဂိုလ်ကိုသာ တင်းပေး၊ ဘာကားလဲ၊ ဇာတ်ညွှန်းက ခင်ဗျားပဲလား"

"ဟာ... မဟုတ်ဘူးဆို၊ ကျွန်တော် သူတို့နဲ့ ဘုန်းကြီးမဝတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကိုဦးဆွေက ဒီတော့မှ အားနာသလိုကြည့်၏။ သို့သော် မလျော့သေး ဂျာနယ်လစ်တစ်ယောက် ပီသပါပေသည်။

"ဒါဆို ခင်ဗျားဘာသာဝတ်တာပေါ့၊ ဘယ်ကျောင်းမှာဝတ်တာလဲ၊ သတင်းထည့်မှာပါဗျ၊ ပြော၊ ဓာတ်ပုံရှိသလား၊ ဟိုတစ်လောကပဲ ဝတ်သေးတာမဟုတ်လား"

"ဟာ... မဟုတ်ဘူးဆို၊ ကျွန်တော် ဘုန်းကြီးဝတ်တာ မဟုတ်ဘူး၊ ကိုယ့်ဘာသာ တုံးလိုက်တာ"

သူငယ်ချင်းက ချစ်ခင်ရင်းနှီး ပျော်ရွှင်မှုကို မျက်နှာပေါ်မှ ရုတ်တရက် ရုပ်ပစ်လိုက်၏။ ဂျာနယ်မှာ လူတစ်ယောက် သတင်းအလကားထည့်ရဖို့ လွယ်သလား။ ဒါကို သူက ဖော်ဖော်ရွေရွေ လိုလိုလားလား တောင်းနေတာကို ကျွန်တော်က တမင့်ချေးကိုင်နေသည်ဟု ထင်ကာသွား၏၊

"မဟုတ်ပါဘူးဗျာ၊ ဟုတ်ပါတယ်၊ တကယ်ပါ၊ ကျွန်တော့်ဘာသာ ကျွန်တော် တုံးဖြစ်တာပါ၊ ထွန်းအိန္ဒြာဗိုလို၊ ဇော်ဝင်းထွဋ်လို၊ ဒွေးနဲ့ လွင်မိုးတို့လို သာသနာ့ဘောင် မဝင်ရပါဘူး၊ တကယ်ပါ"

ကျွန်တော် တောင်းတောင်းပန်ပန်ပြောနေသည့်တိုင် ကိုဦးဆွေက ကျွန်တော့်ခေါင်းတုံးကို တစ်ချက်ကြည့်ကာ စကားလမ်းကြောင်းကို ပြောင်းလိုက်၏။ ပြီးတော့ ထွက်ကာသွားသည်။ ကျွန်တော် ဘာကြောင့် ခေါင်းတုံးတုံးသည်ဆိုတာကို ဆက်မမေးတော့၊ မေးလျှင်သူ သတင်းကောင်းတစ်ပုဒ် တကယ်ရမည်မှာ သေချာ၏။

သို့သော် မပြောချင်သူ့ထံမှ မမေးတော့ပြီဟု သူ ဆုံးဖြတ်သွားပုံရ၏။

*





ပဌမ မောင်မျိုးမင်း (ရင်တွင်းဖြစ်)၊ ဆဋ္ဌမ ကိုရွှေထူး (ပြည်)နှင့် စောမင်းဝေ၊ သတ္တမ စာဖတ်ပရိသတ်တစ်ဦး၊ အဋ္ဌမ---- နဝမ---- များစွာ 'ဘုန်းကြီးဝတ်သလား'---- ကြာတော့ ကျွန်တော် စိတ်ရှုပ်လာသည်။ ကျွန်တော် ခေါင်းတုံးတုံးရခြင်းအကြောင်းကို လူအများကို ရှင်းပြခွင့်မရ။ သူတို့ထင်သလို ဘုန်းကြီးဝတ်ခြင်းလည်း မဟုတ်။

ခေတ်ကာလ ရေစီးကြောင်း...

နေရာမပေး၍မရသော လူငယ်တစ်ယောက်ကြောင့် ကျွန်တော် ခေါင်းတုံးတုံးရခြင်းသာ ဖြစ်ပါသည်။ ကျွန်တော်သည် ငြင်း၍မရသော ရေစီးကြောင်းကြောင့် ခေါင်းတုံးတုံးရခြင်းဖြစ်ကြောင်းကို အောက်ပါအတိုင်း ဝန်ခံ၍ ရေးပါသည်။

*

ထိုနေ့က မိန်းမကို ဆံပင်ညှပ်မည်ဟုအသိပေးကာ လန်ဒန်တစ်လိပ်သောက်ရင်း ကျွန်တော် ထွက်လာခဲ့၏။ ဆံပင်ညှပ်ဆိုင်က ကျွန်တော့်အိမ်နှင့် သိပ်မဝေး၊ ဆံပင်ကလေးနည်းနည်းထူလျှင် ခေါင်းယားတတ်သော ကျွန်တော်၊ ဆံပင်တိုတို ပါးပါးကလေးညှပ်ဖို့ စိတ်ကူးနှင့် ထွက်လာခဲ့ခြင်းသာဖြစ်ပါသည်။ ကျွန်တော်အပြန်တွင် ခေါင်းတုံးကြီးဖြစ်လာမည်ဆိုတာကို မည်သူမှမသိ။ ကျွန်တော်လည်း မသိ။

ဆံပင်ညှပ်ဆိုင်ရောက်တော့ ထိုင်ခုံ (၂) နေရာစလုံးမအား။

ထိုင်စောင့်နေသော ကျွန်တော့်ကို ဂျာနယ်တစ်ထပ် လာပေးသဖြင့် ကိုယ်မဖတ်ရသေးသော ဂျာနယ်ကိုဖတ်ကာ စောင့်ရ၏။ (လွန်ခဲ့သည့် လေးငါးနှစ်ခန့်ကတော့ သတင်းစာဖတ်ကာ စောင့်ခဲ့ရဖူးသည်) သုံးမိနစ်ခန့်ကြာတော့ ထိုင်ခုံတစ်ခုအားသည်။ ဆံပင်ညှပ်ပြီးသွားသည့် ကောင်လေး



www.burmeseclassic.com

www.burmeseclassic.com



က (အသက် ၁၅ နှစ်ခန့်ရှိမည်) ထိုင်ခုံမှထကာ သူ့ဆံပင်ကို ကျေနပ်စွာဖြင့် မှန်မှာကြည့်ကာ ရပ်ပြီးသဖြင့် ကျွန်တော် ရုတ်တရက် ဝင်မရဘဲ မတ်တင်းရပ်ကာ ထိုကောင်လေးခေါင်းကို ကြည့်လိုက်တော့ အတော်ကိုးရိုးကားရားနိုင်သော ဆံပင်ကိုတွေ့ရ၏။

နား ထင်နှစ်ဖက်ကို စက်ကတ်ကြေးဖြင့်ထိုးကာ ပြောင်အောင်ရိတ်ထားပြီးနောက်က အုန်းမှုတ်ခွက်လို တိထား၏။ ရှေ့ဆံပင်က အထပ်လိုက်ဘဲ့ကာ ပြောင်နေသော နားထင်ပေါ်ကျသည်။ ဘာပုံဆိုတာကိုလည်း ကျွန်တော်မသိ၊ ကောင်လေးကတော့ ညှပ်ပြီးစ သူ့ဆံပင်ပုံစံအသစ်ကို သဘောကျစွာဖြီးရင်း ထွက်ကာသွား၏။

"ဘာပုံခေါ်သလဲကွ၊ တယ်ဟုတ်ပါလား"

ကျွန်တော် အားသွားသော ခုံအသစ်တွင် ဝင်ထိုင်ရင်း ဆံသဆရာလေးကို မေးမိသည်၊

"ဘာပုံခေါ်မလဲတော့မသိဘူး အစ်ကို၊ ဒီခေတ်အဲဒီလို ညှပ်ကြတာပဲ"

"ဟား ဟား ဟား ဟား ကောင်းတာပေါ့ကွာ၊ ကောင်းတယ်"

ကျွန်တော်တို့တုန်းက ဘိုကေ၊ ရှေ့တစ်လက်မနောက်ပြောင်၊ ဝင်းဦးအမောက်၊ ခလယ်ခွဲ၊ ဟင်နရီဆန်နာဒါးကေ၊ တူးတူးကေ စသည်ဖြင့် နာမည်ရှိကြ၏။ အခုခေတ်ကျတော့ ညှပ်သည့်လူကလည်း ဘာပုံမှန်းမသိ၊ ညှပ်သွားသည့်လူကလည်း ဘာပုံမှန်းမသိ၊ ကောင်းမှကောင်း။ မင်းသားတွေ အဆိုတော်တွေလုပ်သလို လိုက်လုပ်ကြသောခေတ် မဟုတ်တော့၊ ကိုယ်ပိုင်သောဆံပင်ကို ကိုယ်စိတ်ချမ်းသာအောင် ထားကြသောခေတ် ဖြစ်သွားပြီ





ဖြစ်သည်။ ဒါကို 'ကောင်းတယ်'ဟု ကျွန်တော်ပြောခြင်းသာဖြစ်သည်။ ခေတ်ရေစီးကြောင်းသည် ကျွန်တော့်အဖေတွေတုန်းကလို အသက် (၅၀) ကျော်မှ ပြောင်းတာမဟုတ်တော့။

ကျွန်တော် တံခွန်အားကစားဂျာနယ်ထဲက ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားအဖြစ် ရေဘာဒိုနှင့် ဘက်ခမ်းတို့နှစ်ယောက် ဘယ်သူရမလဲ ဆိုသော ဆောင်းပါးကို စိတ်ဝင်တစား ဆက်ဖတ်ကာ ဆံပင်အညှပ်ခံရသည်။

ခဏကြာတော့ ဆံသဆရာလေးက ပြော၏။

"ကြိုက်ပြီလား အစ်ကို တော်ပြီလား"

"ဘုရား... ဘုရား..."

နဂိုကမှ ထိပ်ပြောင်သော ကျွန်တော့်မှာ နံထင်ဘေးစက်ကတ်ကြေးထိုးကာ၊ နောက်တိ၊ ရှေ့ဆံပင်မရှိနှင့်... သွားပြီ။

"ဟာ... ဟေ့ကောင် ငါ့ကိုဘယ်လိုလုပ်..."

"အစ်ကိုပဲ ခုနကကောင်လေးပုံညှပ်မယ်ဆို"

ထိုပုံနှင့်သာ သွားလို့ကတော့ ခေါင်းတုံးတုံးတာထက် ပိုဆိုးမည်ထင်ပါသည်။ ကျွန်တော် အရမ်းစိတ်ဆိုးသော်လည်း ဘာမှပြောလို့မရတော့။ ထိုသို့ ကျွန်တော် ခေါင်းတုံးဖြစ်ခဲ့ရပါသည်။

ချစ်ပါသော မကြည် အဲလေ... (ယောင်လို့)

ချစ်ရပါသော မိန်းမရေ...

❐



www.burmeseclassic.com

www.burmeseclassic.com


# ယုန်တစ်ကောင်ရဲ့ပြောင့်ချက်


ကြောင်နှစ်ကောင်စာအုပ်တိုက်
www.burmeseclassic.com

www.burmeseclassic.com





မြင့်မားသော သစ်ပင်စိမ်းညို့ညို့ကြီးများ၊ ကျယ်ပြန့်သော လွင်ပြင်များထဲမှာ အရောင်အသွေးစုံ ပန်းတောကော်ဇော၊ မြင့်မားကြီးကျယ်သော ရေတံခွန်ကြီးများရဲ့ သဘာဝအလှ စိမ့်အေးကြည်လင်သော စမ်းချောင်းကျွေ့ကွေ့ကလေးများဖြင့် ကြည့်လေရာ စာဖွဲ့မဆုံးအောင် လှပနေသော တောအုပ်ကြီးထဲမှ ကိုရွှေယုန် ကြည်နူးစွာ ဖြတ်သန်းလာရင်း ကွင်းပြင်ကြီးထဲသို့ ဝင်လိုက်သည်နှင့် ခံ့ညားသော အစည်းအဝေး စင်မြင့်ရှေ့တွင် တစ်တောတစ်တောင်လုံးက တိရစ္ဆာန်တွေ ကြိတ်ကြိတ်တိုး ရှိနေပေပြီ။

သူက စင်မြင့်ပေါ်သို့ စတိုင်(လ်)ပါပါ တက်ခဲ့ပြီး စကားပြောခင် အနောက်တွင်ရပ်ကာ သူ့အောက်မှ တောက်ပသော မျက်လုံးများထဲတွင် တိုးတက်ကြည်လင်သော အမြင်များနှင့် ပြည့်ရွှန်းနေသော သူတို့ တောဟောဝန်၏ မျိုးဆက်သစ် တိရစ္ဆာန်များကို အားရကျေနပ်စွာ ကြည့်ငေးကာ ပီတိတဝေဝေနှင့် ဂါရဝပြုလိုက်လေသည်။

ဒီလို အတွေးအခေါ် အယူအဆ နိမ့်ပါးသော၊ ဗဟုသုတချို့တဲ့သော တိရစ္ဆာန်များ မဖြစ်စေရန် ခေတ်မီတိုးတက်နေသော ကမ္ဘာနှင့်အညီ အတွေး





www.burmeseclassic.com

www.burmeseclassic.com

**အခေါ် အယူအဆ၊** ဗဟုသုတ တိုးတက်သသော တိရစ္ဆာန်များ ဖြစ်လာ**စေရန် သူ့ အချိန်အတော်ကြာ** ဦးဆောင်ပြောင်းလဲပေးခဲ့ရသည် မဟုတ်လား။ **ထိုသို့ဖြစ်လာစေရန်** အကောင်းဆုံးနှင့် အထိရောက်ဆုံးနည်းလမ်းကား **'ဟန်သစ်'** မဂ္ဂဇင်းကို ဝယ်ယူကာ တိရစ္ဆာန်အားလုံးအား ပေးဖတ်စေသော**နည်း**ပင်ဖြစ်၏။

အခြား မဟေသီ, ပိတောက်ပွင့်သစ်, ဒီရေစီးသံ, ရုပ်ရှင်တေးကဗျာ**စ**သော မဂ္ဂဇင်းများကို ဖတ်ရှုကြသော်လည်း သူ့အပါအဝင် တစ်တော**တစ်တောင်လုံးရှိ** တိရစ္ဆာန်များကို အတွေးအခေါ်သစ် အပေးနိုင်ဆုံး၊ **တိရစ္ဆာန်များအားလုံးက** အနှစ်သက်ဆုံးမှာ ဟန်သစ်မဂ္ဂဇင်းမှ 'ပုံပြင်ဟန်သစ်' ကဏ္ဍတည်း။ ယင်းကဏ္ဍ၏ အကျိုးကျေးဇူးကြောင့် တိရစ္ဆာန်များအားလုံး အတွေးအခေါ် အယူအဆ ဆင်းရဲခြင်းမှ လွတ်ကင်းခဲ့ရပြီး မလိုအပ်တော့သော အစွဲအလမ်းများ လွှင့်စဉ်ခဲ့ပြီ။ နောက်လာမည့် သက္ကရာဇ် အနည်းအငယ်တွင် လူများ၏ အသိဉာဏ်ကိုပင် လှည့်စားကောင်း လှည့်စားလာနိုင်ဖွယ်ရာရှိသည်ဟု သူ တွက်ချက်ထားမိ၏။

ဆူညံပွက်ထနေသော တိရစ္ဆာန်အုပ်မှာ သူက ချောင်းဟန့်၍ ဆွေးနွေးပွဲကြီး စတင်ပြီဖြစ်ကြောင်း ကြေညာလိုက်သည်နှင့် တစ်ပြိုင်နက် တိတ်ဆိတ်ငြိမ်ကျသွားလေသည်။ ခဏမျှအကြာတွင် ပရိသတ်ထဲမှ ခြသေ့ တစ်ကောင် ထ,ရပ်ကာ

"ဟန်သစ်မဂ္ဂဇင်း ရလာ မလာသိချင်ပါတယ်၊ မဖတ်ရတာ အတော်ကြာသွားပါပြီ၊ ရုပ်နားသွားတဲ့ ဂျိမ်းဘာဗာရဲ့ ပုံပြင်ကဏ္ဍ ဆက်ပါ မပါလဲ သိချင်ပါတယ်"ဟု ကျယ်လောင်စွာ ပြောလေသည်။





ကျန်တိရစ္ဆာန်အားလုံးကလည်း "ဟုတ်တယ်၊ ပါလာရင် **ဝေပါတော့ ရှို**"၊ "ပုံပြင်ဟန်သစ်ကဏ္ဍကို ဖတ်ချင်လှပြီ"ဟု ဝိုင်းကာ **တစ်ပြောင် တစ်ခွန်း** အော်ကြလေသည်။

သူက ဒါကို ပြုံးရွှင်ကျေနပ်သော မျက်နှာနှင့် လက်ပြဟန့်တားလိုက်ကာ—

မဖတ်ရသေးသော ဟန်သစ်မဂ္ဂဇင်းများအားလုံး ပါလာပြီဖြစ်ကြောင်း ယခုကဲ့သို့ လစဉ်မှန်မှန် မဖတ်နိုင်သည့်အတွက် ဝမ်းနည်းကြောင်း၊ ထိုသို့ ဖြစ်ရသည်မှာ သူတို့ထံသို့ VPP ဖြင့် ပို့ရန်မလွယ်ကူသောကြောင့် ဖြစ်ကြောင်း၊ ပုံပြင်ဟန်သစ်ကဏ္ဍကိုလည်း ဂျိမ်းသာဗာ၏ ပုံပြင်များအစားမြန်မာ့ရနံ့သင်းစွာ ဖတ်ရှုရတော့မည်ဖြစ်ကြောင်း ပြောဆိုကာ ပုံပြင်ဟန်သစ်များပါသော မဂ္ဂဇင်းများကို မျိုးနွယ်စုတစ်စုလျှင် တစ်အုပ်ကျစီ ဝေငှပေးလိုက်လေသည်။

တိရစ္ဆာန်များအားလုံး ဝမ်းသာပျော်ရွှင်စွာ 'ပညာရှိကြီး ကျန်းမာပါစေ'ဟု ဆုတောင်းရင်း အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြ၏။ ယခုဆိုလျှင် တစ်တောလုံးရှိ တိရစ္ဆာန်များ အတွေးအခေါ် မှန်ကန်စွာ ပြောင်းလဲလာကာ ယခင်ကကဲ့သို့ ကမောက်ကမ အနေအထား အကြောင်းအရာများ အားလုံးလည်း ပုံပြင်ဟန်သစ်ကြောင့် မှန်ကန်စွာ တည်ရှိနေပေပြီ။

သူကတော့ ယခင်ပုံပြင်များထဲကလိုပင် ယုန်ပညာရှိဖြစ်နေဆဲ၊ ဒါလည်း သူတို့ ယုန်တွေနှင့်ပတ်သက်၍ ယုန်ပညာမဲ့ ပုံပြင်ဟန်သစ်များ မပါသောကြောင့်ပင် ဖြစ်ပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



၂)

ယခင်က ကြည့်လေတိုင်း အလုအပတို့ဖြင့် ထုံမွှမ်းကာ ပျော်ရွှင်ဖွယ်ကောင်းသော တောကြီးမှာ တိတ်ဆိတ်သွေ့ခြောက်နေသည်ကို သူတွေ့ရလေသည်။ ကွင်းပြင်ထဲ ဝင်လိုက်သည်နှင့် စုရုံးရောက်ရှိနေသော တိရစ္ဆာန်များမှာ ယခင်ကလို တက်ကြွလန်းဆန်းမနေတော့ဘဲ ကိုယ့်မျိုးနွယ်စုနှင့်ကိုယ် တီးတိုးတီးတိုးနှင့် ကွင်းပြင်ကြီးမှာ တိတ်ဆိတ်နေလေသည်။

သူက စိတ်ရှုပ်ထွေးစွာ စင်မြင့်ပေါ်တက်လိုက်ပြီးသည်နှင့် တစ်ပြိုင်နက် အစည်းအဝေး စတင်ကြောင်း ကြေညာလိုက်ချင်းပင် ခြင်္သေ့က မတ်တတ်ရပ်လိုက်ကာ–

"ဆရာဒီပြောသလို ကပ္ပလီပဲသောက်သောက်၊ မျောက်ပဲသောက်သောပက်၊ ဒရယ်ပဲသောက်သောက်၊ မြွေပဲသောက်သောက် ပျောက်တဲ့ MPI ဘာမိတွန့်ပဲကွ၊ အခု ငါက ယိုးဒယား ဘာမိတွန့်ပဲ ရှာလို့ရတော့ တိုက်လဲ နှာစေးမပျောက်ဘူးလို့ ပြောကြလို့ လွှတ်လွှတ်ပေးနေတယ်၊ ငါ အစားမစားရတာ ၂ လကျော်ကြာပြီ၊ အဲဒါ မင်းက ပညာရှိဆိုတော့ ဖြေရှင်းစမ်းပါဦးကွ"

ခြင်္သေ့ရဲ့စကားဆုံးတော့ သူ့အံ့သြစွာ မှင်တက်နေစဉ် မြေခွေးတစ်ကောင်က ထရပ်လိုက်ပြန်ကာ–

"ကိုရွှေယုန်ခင်ဗျား၊ နေမျိုးရဲ့သံနဲ့ လုပ်ထားတဲ့ အိပ်မက်သတ္တုကို အရမ်းခံစားရကြောင်းပါ၊ ဒါပေမဲ့ ခင်ဗျား..."

မြေခွေးက စကားကို ခဏရပ်တန့်ကာ ဝမ်းနည်းဖွယ် တစ်ချက်အူလိုက်ပြီးနောက်–





"ကျီးကန်းတွေဟာ သူတို့ကို မြှောက်ပင့်ချီးမွမ်းရုံနဲ့ အသားတုံးတွေကို လွှတ် မချတော့တာ ကျေနပ်ပါတယ်၊ ဒါပေမဲ့ အခု မြှောက်ပင့်ကို မပြောရသေးဘဲနဲ့ အသားတုံးတွေကို သူတို့က လွှတ်ချနေကြပြီ၊ ကျွန်တော်ကလည်း ပထမအကြိမ်မှာ အဆိပ်ကပါသလား၊ ဒုတိယမှာလား၊ တတိယမှာလားဆိုတာ တိကျသေချာစွာ ဝေခွဲလို့မရတော့ သူတို့လွှတ်လွှတ်ချယတဲ့ အသားတုံးတွေကို မစားရဲတော့လို့၊ အသားမစားရတာ ၃ လနီးပါးရှိပါပြီ။ ခင်ဗျား အဲဒါ ပညာရှိကိုရွှေယုန် ဖြေရှင်းပေးပါ"

သူ့မှာ ဘာပြန်ပြောရမလဲဆိုတာကို စဉ်းစားမရနိုင်အောင် အကျပ်ရိုက်နေစဉ် ကြက်တူရွေးတစ်ကောင်က အနီးရှိ ဆင်ကြီးတစ်ကောင်ပေါ်သို့ ပျံသန်းတက်လာရင်းက–

"ကိုရွှေယုန်ခင်ဗျား မောင်ချောနွယ်ရဲ့ အောက်ခြေလူတန်းစားရှင်းတဲ့ မျှော်လင့်ခြင်း ထမင်းသိုးများ ကဗျာကို သိပ်ကြိုက်ကြောင်း ပြောပေးပါ၊ ပြီးတော့..."

ကြက်တူရွေးက စကားကို ရပ်နားလိုက်ကာ သူ့အောက်မှ ကြက်တူရွေးအုပ်ဘက်သို့ လှည့်အကြည့်တွင် ကြက်တူရွေးများက တစ်ပြိုင်နက် ခေါင်းညိတ်ပြလိုက်တော့မှ–

"ကျွန်တော်တို့တောက နှစ်တိုင်း လေကြီးမိုးကြီး ကျလေ့ရှိပါတယ်။ ကျတိုင်းလဲ ကြက်တူရွေး အနည်းနဲ့အများ လေနဲ့မိုးနဲ့ ပါသွားလေ့ရှိပါတယ်။ ဒါပေမဲ့ အခု လေနဲ့ပါသွားတဲ့အခါ ကျွန်တော်တို့ ကြက်တူရွေးတွေဟာ ဘုန်းကြီးကျောင်းမှာပဲ ခိုနားရမလား၊ သူခိုးတွေနဲ့ပဲ မိတ်ဆွေဖွဲ့နေရမလားဆိုတာ ဝေခွဲမရဖြစ်နေရပါတယ်။ အိမ်ရှင်မ ကြက်တူ



www.burmeseclassic.com

www.burmeseclassic.com



ရွေးများကလည်း သူတို့ သားသမီးတွေကို ဘယ်လိုဆုံးမဩဝါဒပေးထားရမှန်းမသိဖြစ်နေပါတယ်။ ကိုရွှေယုန်ဟာ ပညာရှိပါ၊ အဲဒီကိစ္စကို တိကျတဲ့ အဖြေပေးပါခင်ဗျား"

သူ့ခန္ဓာကိုယ်မှာ ကျဉ်စက်နှင့် အတို့ခံလိုက်ရသလို တုန်ခါသွားကာ ခရမ်ဦးချစ်တင် ဝမ်းနှုတ်ဆေးတစ်ဘူးလုံး စားမိလိုက်သလို အားအင်ကုန်ခမ်း ပျော့ခွေသွားလေသည်။ သူက အသံယဲ့ယဲ့ကလေးကို ဖျစ်ညှစ်လိုက်ကာ–

"ဒီကိစ္စတွေဟာ…"ဟု အစချီရုံရှိစဉ် ပုရွက်ဆိတ်တစ်ကောင်မှာ ပြင်းထန်စွာ ခုန်ပေါက်ရင်းက–

"ဒီမှာ ကိုရွှေယုန် ပညာရှိရဲ့၊ ကျုပ်တို့ ပုရွက်ဆိတ်လောကမှာ နွေမိုးဆောင်း ရှောင်တယ်ဆိုတာ ဘယ်တုန်းကမှ ရာဇဝင်မရှိခဲ့ဘူး၊ ကမ္ဘာစစ်တပ်ကြီးတွေကတောင်မှ နမူနာယူ အတုယူရလောက်အောင် စနစ်တကျ အလုပ်လုပ်တဲ့ ပုရွက်ဆိတ်တွေပါ၊ ဒါပေမဲ့ အခုတော့ မိုးတွင်းမှာ မိုးကြိုးအပစ်ခံရမှာ စိုးလို့ပါတဲ့၊ ဘယ်သကောင့်သားမှအစာရှာမထွက်ရဲကြတော့ဘူး၊ စုဆောင်းစာမရှိလို့ ကျုပ်တို့အားလုံး ငတ်နေကြရပြီဗျ"

ပုရွက်ဆိတ်ရဲ့စကားဆုံးတော့ တိရစ္ဆာန်တွေအားလုံး ဝုန်းခနဲဒေါသတကြီး ထရပ်ကာ တစ်ကောင်တစ်မျိုး၊ အော်ဟစ်ကြသဖြင့် အစည်းအဝေးမှာ ထိန်းမရတော့ချေ။

သူ့နောက်က မှတ်တမ်းတင် လက်ရေးကို လက်နှိပ်စက် စာရေးမကလေး မေသမင်လည်း လန့်ဖျပ်၍ ခြေဦးတည့်ရာ ပြေးချေပြီ။ ဒေါသ





ကြီးနေသော တိရစ္ဆာန်များမှာ သူ့ကို ရန်မူဖို့ပင် ကြိုးစားလာကြ၏။

သူ့မှာ ဒေါသတကြီးဖြစ်နေသော တိရစ္ဆာန်အုပ်ကြီးကို ရရာကတိများဖြင့် ဖျောင်းဖျကာ ၎င်းအဖြစ်အပျက်များအားလုံးကို ဟန်သစ်အဖွဲ့တစ်ဖွဲ့လုံးနှင့် သွားရောက်ဆွေးနွေး တင်ပြပေးမည်ဖြစ်ကြောင်း ကတိပေးကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ရလေသည်။

(၃)

ထိုနေ့မှစ၍ ပညာရှိ ကိုရွှေယုန်ကို အပြင်မှာ လုံးဝမတွေ့ရတော့ချေ။

ပညာရှိ ကိုရွှေယုန်၏အိမ်သို့ သွားရောက်ချောင်းပြောင်း လေ့လာသူ သတင်းထောက်များ၏ သတင်းပေးချက်အရ ကိုရွှေယုန်မှာ စာတွေဖတ်လိုက်၊ ရေးလိုက် လုပ်လျက်ရှိကြောင်းကို သိရှိရလေသည်။

နောက်ဆုံးတွင်–

ပညာရှိ ကိုရွှေယုန် ဆုံးပြီဟူသောသတင်း ထွက်ပေါ်လာလေသည်။

တိရစ္ဆာန်များအားလုံး စုရုံးကာ တအံ့တဩ ပညာရှိ ကိုရွှေယုန်အိမ်သို့ သွားရောက်ကြည့်ရှုကြသည့်အခါ ပညာရှိ ကိုရွှေယုန်မှာ အိပ်ရာပေါ်တွင် သေဆုံးလျက်ရှိပြီး သူ၏အခန်း တစ်ခန်းလုံးနှင့် စာရေးစားပွဲပေါ်တွင် ဖတ်လက်စ ပုံပြင်စာအုပ်များနှင့် ယုန်သည် ပညာရှိဖြစ်ကြောင်း ရေးသားထားသည့် ပုံပြင်အမျိုးမျိုးကို ပြင်ဆင်ကာ ယုန်သည် ပညာမဲ့သာ ဖြစ်ကြောင်း သူကိုယ်တိုင်ရေးထားသည့် စာရွက်များပေါ်မှ ပုံပြင်များ (သူကိုယ်တိုင်လည်း စိတ်တိုင်းကျခဲ့ဟန် မတူ)ကို တွေ့ရလေသည်။

❐



www.burmeseclassic.com

www.burmeseclassic.com



# ကျွန်တော်နှင့် တီထွင်သူများ



www.burmeseclassic.com

www.burmeseclassic.com







"တီထွင်သည်"... ဟူသော ဝေါဟာရသည် လူနှင့်သာ ပတ်သက်ပြီး လူသတ္တဝါကသာ ပြုလုပ်နိုင်သော ကိစ္စရပ်တစ်ခုသာ ဖြစ်ပါသည်။

ကမ္ဘာဦးအစကတော့ ကျောက်တုံးနှစ်တုံး (သို့) သစ်သားနှစ်ခုကို အမှတ်တမဲ့ ပွတ်တိုက်မိရင်း... မီးကို ဖန်တီးယူ၍ရမှန်း သိလာကြ၏။ မီးလောင်ရာမှ လောင်ကျွမ်းခံရသော အသားကို အနံ့အသက်ကြောင့် စားမိရာမှ အသားငါးကို ကင်စားရမှန်း သိလာကြ၏။ လုံးဝန်းသော ကျောက်တုံး တစ်တုံး လိမ့်ဆင်းလာသည်ကို မြင်ရာမှ ဘီးသဘောကို သိလာနိုင်ကြ၏။

ကျေနပ်ရောင့်ရဲမှု မရှိခြင်းကြောင့် တီထွင်မှုသည် စတင်ခဲ့သည်။

ကျောက်တုံးနှစ်တုံးပွတ်တိုက်၍ မီးရသည်ကို ကျေနပ်လျှင်... မီးခြစ်များပေါ်လာစရာ အကြောင်းမရှိပေ။ ထင်းဖြင့် မီးကိုထိန်းသိမ်းရသည်ကို ရောင့်ရဲနေလျှင် လောင်စာဆီများ ပေါ်လာစရာ အကြောင်းမရှိပေ။ လှည်းနှင့်သွားရသည်ကို သာယာနေလျှင် ကားပေါ်လာစရာ အကြောင်းမရှိပေ။ အသားကို ကင်စားရုံဖြင့် အာသာပြေနေလျှင် ကြော်လှော်ချက်ပြုတ်နည်းများပေါ်လာစရာ အကြောင်းမရှိပေ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကျောက်တုံးမရှိသောဒေသတွင် မီးကို ဘယ်လိုရှာဖွေမည်နည်း။ မီးရှာနေသောအခါ ဘယ်လိုလုပ် ကျောက်တုံးမှ မီးပွားထွက်လာမည်နည်း။

ပြည့်စုံမှုကိုမှ လိုချင်သောသူသည် သဘာဝကြီးကို စဉ်းစားရသည်။ သဘာဝကြီးကမေးသော မေးခွန်းကို ဖြေရသည်။

'တီထွင်ကြသူများ' သည် သဘာဝ၏မေးခွန်းကို မှန်အောင်ဖြေဆိုနိုင်ကြသူများပင် ဖြစ်ပါသည်။

တီထွင်မှုဆိုသည်မှာ ပြီးပြည့်စုံခြင်းမရှိသေးမီ စတင်ချိန်တွင် တော်တော်အကြောင်းကြောင်းနိုင်သော ကိစ္စမျိုးသာဖြစ်သည်။ ရုတ်တရက် ကြည့်မည်ဆိုလျှင်... မကြားဖူးသော... မမြင်ဖူးသော... ထုံးစံမရှိသော... ကိစ္စတစ်ရပ်ကို ဖြစ်မည်ဟု ထင်နေသော လူ လက်မခံနိုင်သည့်ကိစ္စမျိုးသာ ဖြစ်လေ့ရှိသည်။ လူအများ လက်ခံမထားသောကိစ္စကို အားထက်သန်သဖြင့် 'အရူး' ဟု လွယ်လွယ်ပြောနိုင်ပါသည်။ ၎င်းတီထွင်သည့်ကိစ္စ အထမမြောက်ခဲ့လျှင် ထိုဘွဲ့ထူးမျိုးကို ရတတ်ပါသည်။

လေယာဉ်ပျံဆိုတာ မမြင်ဖူးခင်အချိန်က လူတွေ လေပေါ် ပျံနိုင်ရမယ်... ဟု ယုံကြည်ကာ တောင်ထိပ်ပေါ်မှ အတောင်ပံတပ်ခုန်ချသူကို ထိုပတ်ဝန်းကျင်ရှိ လူတွေက ထိုဘွဲ့ထူးကို လျှင်လျှင်မြန်မြန်ပေးတတ်ပါသည်။

ထိုလူကလည်း သူ အတောင်ပံတပ်၍ တောင်ပေါ်မှ ခုန်ချခြင်းကို တီထွင်နေခြင်းဟု သိချင်မှလည်း သိပါလိမ့်မည်။ သူ့စိတ်ထဲမှာ လိုချင်သော အခြေအနေကို ဆန္ဒရှိသည့်အတိုင်း လုပ်ကြည့်ခြင်းသာ ဖြစ်ပါသည်။ ထိုလူ





ထိုသို့ မပြုလုပ်နိုင်လျှင် မပြုလုပ်ရဲလျှင်... တီထွင်မှုဆိုသည်မှာ ဘယ်တော့မှ ဖြစ်နိုင်မည် မဟုတ်ဆိုတာတော့ သေချာပါသည်။

ကျွန်တော် ကျောင်းနေစဉ်က အဖြစ်အပျက်တစ်ခုကို ယနေ့တိုင် အမှတ်ရနေပါသည်။ ထိုကိစ္စမှာ တီထွင်မှုတစ်ခုတော့ မဟုတ်ခဲ့ပါ။ စိတ်ထဲမှာရှိသည့် ခံစားမှုအတိုင်း လုပ်ခဲ့သောကိစ္စသာ ဖြစ်ပါသည်။ ထိုကိစ္စကို မည်သူမှ လိုက်မလုပ်သလို မည်သူမှလည်း လုပ်ဖို့ ကြိုးစားမည်မဟုတ်ပါ။ ကျွန်တော့်ကိုလည်း အရူး... ဟူသောဘွဲ့ကို ပေးမည်ဆိုလျှင် ကျေနပ်ပါသည်။ ပေးလည်း ပေးကြပါသည်။

ထိုကိစ္စဖြစ်ခဲ့ခြင်းမှာ ကျွန်တော် (၁၀) တန်း ပထမနှစ်ကျပြီးသည့် အချိန်က ဖြစ်ပါသည်။ (၁၀) တန်းကျသဖြင့် ကျွန်တော် တော်တော် စိတ်လေသွားပါသည်။ အမှန်တော့ (၁၀) တန်းကျလျှင် စိတ်လေရမည်... ဟု ရှေးက (၁၀)တန်းကျသမားများနှင့် ရုပ်ရှင်၊ ဝတ္ထုများက ပေးခဲ့၍လားမသိ။ ဘာမှ မဟုတ်ဘဲ ကျွန်တော် စိတ်ဓာတ်ကျရမည်ဟု ယုံကြည်ကာ စိတ်ဓာတ်ကျခဲ့ကြောင်း ကောင်းကောင်းမှတ်မိပါသည်။

(၁၀) တန်းကျသူများကို (ကျွန်တော်တက်သော ကျောင်းက) အားလုံး စုထားသဖြင့် အကျချင်းပေါင်းကာ နေကာ ကျွန်တော်တို့ တစ်တန်းလုံး လိုအပ်ပျော်ရွှင်စွာ စိတ်ဓာတ်ကျကြ၏။ စိတ်ဓာတ်ဆိုသည်မှာ ကျဆိုလျှင် ကျတတ်မှန်း ကျွန်တော်မသိ။ ကျွန်တော်သိသည်မှာ (၁၀) တန်းကျလျှင် စိတ်ဓာတ်ကျရမည်ဆိုတာပဲဖြစ်သည်။

ထိုနှစ်မှာပင် ကျွန်တော် ဆေးလိပ်သောက်သည်။ မပြေးစဖူး ကျောင်းလည်း ပြေးဖူး၏။ ဂစ်တာလည်း တီးတတ်သွားသည်။ ည (၈) နာရီမှ



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကို ပြန်ရောက်၏။ ည (၈) နာရီဆိုသဖြင့် ပြောရဦးမည်။ ကျွန်တော်တို့ခေတ်တုန်းက ယနေ့ခေတ်လို T.V တွေ ဘာတွေမရှိ။ လူတွေကို ဖြေဖျော်စရာ (Entertainment) မရှိ။ ရေဒီယိုသာ ရှိသည်။ ရေဒီယိုမှ စာတ်လမ်းပမာ မလာသည့်ညမျိုးဆိုလျှင် (၈) နာရီမှာ အိမ်သားတွေ အိပ်ပြီ ဖြစ်သည်။ ယနေ့ခေတ် (၈) နာရီပြန်လာလျှင်တော့ (၇) နာရီ တရုတ်ကားပြီးစ... သတင်းလာနေချိန်တွင် အိမ်သားတွေ နားနားနေနေရှိနေတုန်းသာ ဖြစ်လိမ့်မည်။ ကျွန်တော်တို့တုန်းကတော့ (၈) နာရီသည် အခုထက်မှောင်တာ လမ်းမှာ ခွေးတွေကိုက်နေကြပြီ ဖြစ်၏။

ကျွန်တော် ကျောင်းစာကိုလည်း စိတ်မဝင်စား။ မနှစ်က သင်ပြီးသားများဖြစ်သဖြင့် ဆရာပြောလျှင် သိနေသည်။ ဆရာများကလည်း မနှစ်ကလိုပင်... ဒီသင်ခန်းစာ မသင်ခင်... ဒီရယ်စရာ ပြောမည်။ ဒီနားကျလျှင်... မင်းတို့မသိဘူး မဟုတ်လားဟု မေးမည်ဆိုတာ သိနေကြသည်။ ဆရာပြောမှ သိခြင်းဖြစ်ပြီး ထိုစာကို ကျွန်တော် အလွတ်ရနေခြင်းတော့ မဟုတ်။ (၉) တန်းအောင်တုန်းက စိတ်ဝင်စားခဲ့သော်လည်း (၁၀) တန်းအကျဆိုတော့ စိတ်မဝင်စားတော့။ စာလည်း မကူး။ မနှစ်က ကူးထားတာတွေ ရှိနေသည်။

ခြုံ၍ပြောရလျှင် ကျွန်တော့်ပတ်ဝန်းကျင်သည် ကျွန်တော့်အတွက် ငြီးငွေ့စရာဖြစ်နေသည်။ စာသင်ခန်းသည် ကျွန်တော့်ကို သက်သာချောမွေ့အောင် မဆွဲဆောင်နိုင်ခဲ့။ (၁၀) တန်းကျ၍ စိတ်လေရမည်ဆိုတာ တစ်ခုသာ ကျွန်တော့်အတွက် ဆန်းနေခဲ့သည်။ ဆန်းသစ်ခြင်းကို စိတ်ဝင်စားသော လူငယ်သဘာဝကို စိတ်လေခြင်းကိုသာ အကြိမ်ကြိမ်လုပ်နေမိသည်။





ဒီလိုနှင့် (၁၀) တန်း၏ ပထမအစမ်းစာမေးပွဲဖြေရသည်။ ပထမဦးဆုံးဖြေရသောဘာသာမှာ အများသိသည့်အတိုင်း မြန်မာစာပင်ဖြစ်၏။

မေးခွန်းကိုဖတ်ကာ ကျွန်တော် စိတ်ညစ်သွားသည်။ သဒ္ဒါ... အားပြေ... ကဗျာ... ခက်ဆစ်... အားလုံးမှာ ကျွန်တော်သိပြီးသားတွေချည်း ဖြစ်နေ၏။ ကြောက်ကြောက်ရွံ့ရွံ့နှင့် ဖြေရမည့်မေးခွန်း ဘာမှမရှိ။ စာမေးပွဲအခန်း၏ ရင်ခုန်စရာ အနံ့အသက်ကို ကျွန်တော်မရ။ ထို့ကြောင့်... ကျွန်တော့်ထုံးစံအတိုင်း စိတ်လေပစ်လိုက်၏။

(၁၀) တန်းအသစ်နှင့် အဟောင်းကို ရောကာ ခုံနံပါတ်ချထားသဖြင့်... ကုန်းရုန်းကာဖြေနေသော အသစ်ကလေးတွေကို ကြည့်ကာ (၁၀) တန်းကျထုံးစံ ကျွန်တော်ပြုံးမိသည်။

သို့သော်... စာမေးပွဲအခန်းကို ဝင်သူတစ်ယောက်အနေနှင့် ကျွန်တော်သူတို့လိုပဲ ဖြေချင်ပါသည်။ မေးခွန်းစာရွက်ကို စိတ်ဓာတ်ကျကာ ဆက်ဖတ်တော့ ကျွန်တော့်အတွက် ဆန်းသစ်နေတာတစ်ခု တွေ့ရ၏။ ထိုမေးခွန်းမှာ စာစီစာကုံးသာဖြစ်ပါသည်။ ကျွန်တော်မကျက်ဖူးသော... ကျွန်တော်ဆင်ရသေးသော အရာ...။

ကျွန်တော်မေ့မရအောင် မှတ်မိနေသော စာစီစာကုံးသုံးခုက... (၁) အများအကျိုးပြု တို့ရေးရှု။ (၂) သီတင်းကျွတ်ပွဲတော်၊ (၃) နွေရာသီအားလပ်ရက်... တို့ ဖြစ်ပါသည်။

ထို (၃) ခုအနက် ကျွန်တော်က 'သီတင်းကျွတ်ပွဲတော်' ကို ရွေးပါသည်။ ကျွန်တော်ရင်ခုန်စွာ နံပါတ်ထိုးပြီး စရေး၏။ ထိုစဉ်က ငါးဆယ်နိပါတ်တော်အပြင် စာပေါင်းစုံဖတ်ထားသဖြင့် ကျွန်တော်သီတင်း



www.burmeseclassic.com

www.burmeseclassic.com



ကျွတ်ပွဲတော်ကို ကောင်းကောင်းရေးနိုင်မည်ဟု ကျွန်တော့်ကိုယ် ကျွန်တော် သိနေပါသည်။

မြတ်စွာဘုရားရှင်က မွေးကျေးဖူးကိုဆပ်ရန်အတွက် နတ်ပြည်တွင်ရှိသော မယ်တော်မိနတ်သားထံ တရားဟောသွားပုံနှင့် စာစီစာကုံးကို ဖွင့်သည်။

နတ်ပြည်တွင် တရားဟောသည့်အခါ… တရားဟောသူက ဘုရားရှင်… တရားနာသူက နတ်များဖြစ်သဖြင့် လူပရိသတ်ထက်များစွာ အသိဉာဏ်အဆင့်မြင့်ပုံ… ဘုရားရှင်က တရားဟောသည့်အခါတွင်… သာမန်လူများ စကားတစ်ခွန်းပြောပြီးသည့်အချိန်ကို ဘုရားတို့၏တန်ခိုးအာနုဘော်ဖြင့် စကားအခွန်း (၁၀၈) လုံးမျှပြီးသည် အရှိန် (အလျင်) ဖြင့် ဟောပြောပုံ၊ ထိုသို့ဟောပြောသည်ကိုပင်လျှင် ဝါတွင်းလေးလ ကြာမြင့်ခဲ့ပုံ။ ထိုသို့ဟောအပြီး မြတ်စွာဘုရား ပင်ပန်းတော်မူသဖြင့် နတ်ပြည်ရှိ မဟာနန္ဒာကန်တော်တွင် မျက်နှာတော်သစ်ရပုံ၊ မယ်တော်မိနတ်သား… သောတာပန်တည်ပုံ… မြတ်စွာဘုရားရှင်မရှိခိုက် လူ့ပြည်တွင် လူအများက ဥပုသ်သီလစောင့်ထိန်းကြခြင်းဖြင့်… ဝါတွင်းတွင် ဥပုသ်သီလစောင့်ခြင်း အလေ့အထဖြစ်ပုံ၊ ဘုရားရှင် လူ့ပြည်သို့ပြန်ကြွသောအခါ ရွှေ၊ ငွေ၊ ပတ္တမြားစောင်းတန်းများဖြင့် ဆင်းပုံ… လူအများက ဆီမီးထွန်းကာ ပူဇော်ကြပုံတို့ကို စာကိုယ်တွင်ရေးပြီး… နိဂုံးတွင် ယနေ့ခေတ် သီတင်းကျွတ်ပွဲတော်တွင် လူအများက ထိုကိစ္စများကိုမေ့လျော့ကာ ပျော်ရွှင်ကြပုံ၊ ဘုရားသွားကာ မိန်းကလေးများငမ်းကြပုံ သရုပ်ပျက်ဂီတများဖြင့် စင်ထိုးကာ ပျော်ရွှင်နေကြပုံများကို ထုံးစံအတိုင်းရေးကာ နိဂုံးချုပ်ရသည်။





ကျွန်တော့်စာရွက် (၃) ရွက် ထပ်တောင်းရ၏။ စာစီစာကုံးများကို တစ်ခါမှ မရေးဖူးသလို ဝတ္ထုရေးခဲ့ခြင်းသာ ဖြစ်ပါသည်။ စာမေးပွဲအချိန် (၃) နာရီပြည့်ရန် (၁၅) မိနစ်လောက်လိုမှ ကျွန်တော်ပြီး၏။ မြန်မာစာနေ့ဖြစ်သဖြင့် လွန်ခဲ့သောနာရီဝက်ခန့်ကတည်းက အတန်းထဲမှ လူများထွက်တုန်ကြပြီဖြစ်သည်။ ကျွန်တော်တစ်ဦးတည်းသာ စာစီစာကုံးတစ်ပုဒ်တည်းဖြေရင်း ကျန်နေခဲ့ခြင်းဖြစ်သည်။ စာမေးပွဲခန်းထဲက ထွက်တော့… ထူးဆန်းစွာ ကျွန်တော်ပေါ့ပါးလွတ်လပ်နေခဲ့သည်ကို အထူးမှတ်မိပါသည်။ (ယခုမှ ပြန်တွေးရသည်မှာ ကျွန်တော် ဝတ္ထုတိုတစ်ပုဒ်ရေးပြီးစ လွတ်လပ်မှုမျိုးဝင်ဖြစ်သော်လည်း… ထိုစဉ်က အရသာက ပိုမို၍ ခံစားရပါသည်)။

ကျောင်းတွေပြန်ဖွင့်ပြီး ဒုတိယနေ့တွင်… မြန်မာစာဆရာမ ဝင်လာပါသည်။ အမှတ်စာရင်းမကြေညာမီ ဆရာမမှ 'ခုံနံပါတ် (၂၄၈) ရဲဝင်း…ထ' ဟူသော အသံကို ကြားရ၏။ ကျွန်တော်မတ်တတ်ရပ်ပြီးတော့ ဆရာမမှ ကျွန်တော်ဖြေခဲ့သော စာစီစာကုံးကို တစ်တန်းလုံးကြားအောင် ဖတ်ပြပါသည်။

ဆုံးသွားတော့ အင်မတန်ကောင်းသော စာစီစာကုံးဖြစ်ကြောင်း… သူပင်လျှင် မသိသောအချက်များပါဝင်နေကြောင်း… သတိမထားမိသော အချက်များလည်းပါကြောင်း…။ ဥပမာ– တရားဟောသည်မှာ ဘုရားရှင်ဖြစ်ပြီး နားထောင်ေ…ားနာသူများက နတ်ဖြစ်သောကြောင့်…။ ဆိုတာမျိုးကို သူ သတိမထားခဲ့မိကြောင်း။ ဘုရားတို့၏အာနုဘော်ဖြင့် သာမန်လူ စကားတစ်ခွန်းပြောချိန်တွင် စကား (၁၀၈) ခွန်းပြီးကြောင်း…။ အဲ့ဒါကို သူမသိကြောင်း… ပြောပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် အကောင်းဆုံးစာစီစာကုံးအဖြစ် အမှတ် (၂၀) ပေးသည့် အနက်က (၁၈) မှတ်ရကြောင်း… သို့သော် ထိုစာစီစာကုံးတစ်ပုဒ်သာ ရေး သည့်အတွက် ကျွန်တော်တစ်ဦးတည်း တစ်တန်းလုံး (၁၀) တန်းကျောင်းသား အားလုံးထဲတွင် အမှတ် (၁၈) မှတ်ဖြင့် ကျကြောင်း ပြောကာ ကျွန်တော့်ကို ရှေ့ထွက်ခိုင်းပါသည်။

ကျွန်တော့်အဖြေလွှာတွင် စာစီစာကုံးမှ လွဲ၍ အခြားမည်သည့် အပုဒ် ကိုမျှ မဖြေခြင်းသည် စာမေးပွဲကို မထေမဲ့မြင်ပြုကြောင်း၊ အထူးသဖြင့် မြန်မာစာသင်သောဆရာမ သူ့ကိုစော်ကားခြင်းဖြစ်ကြောင်း၊ မည်မျှရေးတတ် ရေးတတ် ထိုသို့ စတန့်မထွင်သင့်ကြောင်း အားလုံးသိအောင်ပြောက ထို အပြစ်များအတွက် ကျွန်တော့်ကို ကြိမ်လုံးနှစ်လုံးပူးနှင့် ၅ ချက်တီးပါသည်။ ကျွန်တော်ကောနေအောင် ခံလိုက်ရ၏။ တော်တော်နာပါသည်။

ဆရာမက ကျွန်တော့်စာစီစာကုံးကို အတန်းတိုင်း ဖတ်ပြကာ ကျွန်တော် (၁၈) မှတ်ဖြင့်ကျ၍ ၅ ချက်အတီးခံရကြောင်း ပြောခဲ့သဖြင့်… ကျွန်တော့်ကို (၁၀) တန်းကျောင်းသားတိုင်းက သိသွားကြသည်။ တချို့က ‘ရူးတာပါကွာ…’ ပြောကြပြီး တချို့က ‘ထွင်တာ’ ဟု ပြောကြ၏။ သို့ သော်… ကျွန်တော့်လို စာစီစာကုံးတစ်ပုဒ်တည်းသာ ဖြေသောလူကော နောက်ထပ်မပေါ်လာပါ။ ကြားလည်း မကြားရပါ။ ရှိလည်း ရှိမည်မထင် ပါ။ ကျွန်တော် ရူးသလို မည်သူမျှ မရူးကြပါ။

ဆရာမရိုက်စဉ်က နာကျင်သဖြင့် စိတ်ဆိုးခဲ့သော်လည်း ထိုအနာ ပျောက်သွားသည့်အခါ စိတ်မဆိုးတော့ပါ။ ကျွန်တော်၏ တစ်ကြိမ်တစ်ခါ ရူးခြင်းကို မည်သူမှ လိုက်မလုပ်သည့်အတွက်လည်း စိတ်မကောင်းမဖြစ်ပါ။





ဆရာ၊ ဆရာမတို့၏ မာနအရ အပြစ်ပေးသော ဆရာမအပေါ်လည်း မနာ ကြည်းပါ။ ကျွန်တော် (ရူးခြင်း၊ ထွင်ခြင်း) ဆိုတာကိုလည်း ထိုစဉ်က မသိပါ။

ကျွန်တော့်လုပ်ရပ် (ရူးခြင်း) သည် မည်သူ့အတွက်မှ အကျိုးမပြုခဲ့ သော်လည်း… ကျွန်တော့်အတွက်တော့ (တစ်ကြိမ်တစ်ခါ ရူးခွင့်ရခြင်း ကြောင့်) ယနေ့တိုင် အကျိုးရှိနေခဲ့ပါသည်။ ကျွန်တော့်စာစီစာကုံးကို ဆရာမ က အတန်းတိုင်းဖတ်ပြခြင်းကို ကျွန်တော်ကျေနပ်ပါသည်။ ထိုအချိန်မှ စ၍ ကျွန်တော် စာရေးရန်စိတ်ကူးရပါသည်။ စာရေးခြင်းကို ကျွန်တော် တပ် မက်သွားခဲ့ပါသည်။

ထို့ကြောင့်… လူသည်… တီထွင်မှုအတွက်… ရောက်ရှိနေသော အခြေအနေကို မကျေနပ် ငြီးငွေ့သည့်အခါ အသုံးပြုတတ်ပြီး… လူတိုင်း… လူတိုင်း… တစ်ကြိမ်တစ်ခါလောက်တော့ ရူးသင့်သည်ဟု ကျွန်တော် ထင် ပါသည်။

**ကျွန်တော့်ဆရာမအား အမှတ်တရ…**

❒



www.burmeseclassic.com

www.burmeseclassic.com







# လည်ပင်းဝန်



www.burmeseclassic.com

www.burmeseclassic.com



လွတ်လပ်သော လူပျိုဘဝတုန်းက အိမ်ထောင်ကျလျှင် ဘယ်လိုနေမလဲဆိုသော အတွေးကို လူပျိုတိုင်း တွေးကာ စိတ်ကူးမိကြမည်ဟု ထွန်တော်ထင်သည်။

ထို အိမ်ထောင်ကျလျှင် ဘယ်လိုနေမလဲဆိုသောစိတ်ကူးမှာ အတော်ထူးဆန်းရှုပ်ထွေးသော စိတ်ကူးတစ်မျိုးဖြစ်ပြီး ထိုစိတ်ကူးကို မိမိပတ်ဝန်းကျင်ရှိ မိမိနှင့်အိမ်ထောင်ကျနိုင်ခြေရှိသော မိန်းကလေးပေါင်းစုံ၊ ယောကျ်ားလေးပေါင်းစုံတို့နှင့် စိတ်ကူးကြည့်သည့်အခါ များစွာရှုပ်ထွေးစွာ ထွက်လာနိုင်လေသည်။

ထိုသို့စိတ်ကူးရင်း စိတ်ရှုပ်သွားသည်လည်း ရှိ၏။ ပျော်တော်တော်ဖြစ်လာသည်လည်း ရှိသည်။ ဟ... ဘာကြီးလဲဟ ဖြစ်သွားတာလည်းရှိ၏။ စိတ်ကလေးတဝေဝေနှင့် တွေးမဝနိုင်တာမျိုးလည်းရှိ၏။ သို့သော် ဘယ်လိုပဲဖြစ်ဖြစ် စိတ်ကူးသည် စိတ်ကူးသာဖြစ်၍ ပြီးတော့ ပြီးသွားတာပဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်အိမ်ထောင်ကျသောအခါ ထိုစိတ်ကူးယဉ်ထားတာတွေနှင့် ဘာမှဆိုင်။ တစ်ခါမှ စိတ်မကူးဖူးတာတွေကိုသာ လျှောက်လုပ်လိုက်ရ၏။ မူလက စိတ်ကူးထားတယ်ဆို၍ နိုးပြေးမည် (မည်သူမဆို) ဆိုတာပဲ ဟူ၏။ အိမ်ထောင်ကျခြင်းသည် မူလစိတ်ကူးထားစဉ်က အပြောင်းလဲကြီး တစ်ရပ်ဟု ထင်ထားခဲ့သော်လည်း တကယ်တမ်းကြုံရတော့ ထိုသို့ မဟုတ်လှပါ။ ရေမချိုးခင်နှင့် ရေချိုးပြီးချိန်လောက်ပင် ဖြုန်းခနဲမပြောင်းလဲပါ။ လုပ်နေကျအရာများကိုလုပ်ရင်း တစ်စစပြောင်းလဲသွားရသော အခြေအနေမျိုးဖြစ်သဖြင့် ကိုယ့်ပြောင်းလဲမှုကို ကိုယ်အသေအချာ သတိမထားမိတာမျိုးဖြစ်လိမ့်မည် ထင်ပါသည်။

ဘာပဲ ဖြစ်ဖြစ် ကျွန်တော် အိမ်ထောင်ကျ ကံကောင်းသည်ဟုတော့ ပြောနိုင်ပါ၏။ ကျွန်တော့်ဇနီးက ကျွန်တော့်ထက် ဆယ့်သုံးနှစ်ငယ်သည်။ ကျွန်တော်လုပ်နေသည့် စာပေလောက၊ ရုပ်ရှင်လောကအကြောင်း ဘာမှမသိ။ သူ သဘောကျနေသော မင်းသားတစ်ယောက်ကို ကြည့်ချင် မြင်ချင်တာလောက်ပဲ ရှိသည်။ သူ့ကိုကြည့်လိုက်လျှင် ပျော့စိပျော့ဖတ်၊ ကြောင်တိကြောင်တောင်၊ ယောင်တောင်တောင်နှင့်သာ တွေ့ရမည်။ သူက ကျွန်တော့်အိမ်လိုက်နေသဖြင့် ကျွန်တော့်အတွက် အပြောင်းအလဲကို မသိဟု ခံစားရခြင်းလည်း ဖြစ်မည်။ ကျွန်တော်သွားနေကျနေရာတွေကို သွားကာ အရင်နေသလိုပင် နေနေခဲ့သည်။

ကျွန်တော်တို့မိသားစုသည် ညီအစ်ကိုနှစ်ယောက်သာရှိပြီး ညီက နယ်မှာအမှုထမ်းရသောကြောင့် ကျွန်တော်နှင့် မိဘနှစ်ပါးရှိရာမှ အိမ်သို့ သူ ရောက်လာခြင်းသာဖြစ်သည်။ ကျွန်တော်က အသက် (၃၃)နှစ်တွင်





အိမ်ထောင်ကျ၍ ကျွန်တော့်ညီက ကျွန်တော့်ထက် တစ်လသာနောက်ကျကာ အိမ်ထောင်ကျသည်။

ကျွန်တော် အိမ်ထောင်ကျပြီးသည်နှင့်တစ်ပြိုင်နက် အမေက ကလေးယူရန် တိုက်တွန်း၏။ အင်း... ယူဆိုတော့လည်း ယူပေါ့လေဟု ကျွန်တော် ပေါ့ပေါ့သာ သဘောထားခဲ့လေသည်။

"ရဲဝင်း နင်က အသက်ကြီးပြီဆိုတော့ အနု ကလေးယူထား၊ နင့်မိန်းမက ငယ်တုန်းဆိုတော့ ကလေးယူရတာ ပိုအဆင်ပြေတယ် သား၊ ပြီးတော့ အမေတို့ကလည်း မြေးကလေး ဘာကလေးချီပြီး နေချင်ပြီ၊ ဟို အငယ်ကောင်က အဝေးကြီးမှာနေပြီး နယ်က မိန်းကလေးနဲ့ အိမ်ထောင်ကျတာဆိုတော့ နင်ရတဲ့ကလေးမှ ငါတို့နဲ့ နီးမှာ၊ နင့်မိန်းမကို ကလေးယူဖို့ ပြောထား"

သို့သော် ကျွန်တော် နည်းနည်းကံဆိုးသည်က ကျွန်တော့်ဇနီးက ကျန်းမာရေးသိပ်မကောင်းလှ။ အချုပ်ချာကြီး ချုချာတာမျိုးတော့ မဟုတ်။ ကိုယ်လက်ကိုက်ခြင်း၊ ခေါင်းမူးရင်တုန်၊ ချောင်းဆိုး ကျောအောင့် စသည်တို့နှင့် လုံးလည်လိုက်တုန်း ဖြုန်းကနဲ အစာအိမ်မှာ အနာပေါက်သောရောဂါ ဖြစ်၏။ နဂိုက ဝါးလုံးလောက်ခန္ဓာကိုယ်က သောပင်လောက် ဖြစ်သွား၏။ နဂိုပါးပါးက လှပ်လှပ်ဖြစ်သွားသည်။ နဂိုဖြူဖြူဖျော့ဖျော့မှ ဖြူဖြူဖြူ ဖြစ်သွား၏။ ဆေးခန်း၊ ဆေးရုံ၊ အထူးကုတွေ ဘာတွေ ကျွန်တော် ရောက်မှုးသွား၏။

ကျွန်တော်လည်း ကျန်းမာရေးကောင်းသူ မဟုတ်ပါ။ သို့သော် အသက်ဆယ့်ရှစ်နှစ်လောက်မှ စ၍ ဘယ်ဆေးရုံ ဆေးခန်းကိုမှ မသွားရ



www.burmeseclassic.com

www.burmeseclassic.com



နှစ်နှစ်တစ်ခါ ဖျားတာနာတာလောက်သာ ရှိသည်။ ဒါလည်း ငါးခါမှ သုံးခါဆေးသောက်ရုံနှင့် ပျောက်တတ်သူ ဖြစ်၏။ မိန်းမရမှ အတွေ့အကြုံ သစ်ဟုပင် သဘောထားရလေသည်။

အစားရှောင်ရသော အစာအိမ်ရောဂါသည် ပျောက်သွားလိုက်၊ အစာ မရှောင်လျှင် ပြန်ဖြစ်လိုက်နှင့် သူ့ထံမှာ အမြစ်မပြတ်ဘဲ တွယ်ကပ်၍ နေသည်။ ကျွန်တော်ကလည်း သူစားတာတွေကို လိုက်မကြပ်မတ်နိုင်အား။ ကိုယ့်အလုပ်နှင့် ကိုယ် ရှုပ်နေသဖြင့် သူ့သူငယ်ချင်း အပေါင်းအသင်းစုံပြီး လျှင် ဗိုက်က ပြန်အောင့်တတ်၏။

ဤသို့နှင့်ပင် အိမ်ထောင်သက် တစ်နှစ်စေ့ကာ သွား၏။

တစ်နေ့ ဖုန်းလှမ်းဆက်ရင်း တာရာမင်းဝေ၏ 'ခင်ဗျား သိပြီးပြီ လား' ဆိုသော စကားကို ဖုန်းခွက်ထဲမှ ကြားရ၏။

"ဘာကိုတုန်း... ဘာသိရမှာတုန်း"

"ကျုပ် ကလေးအဖေဖြစ်တော့မှာဗျ ကျိန်းသေသွားပြီ"

သူက ဝမ်းခေါင်းကြီးတ်သံကြီးဖြင့် တစ်ဟစ်ဟစ်ရယ်နေသံကို ဖုန်း ခွက်ထဲမှာ ကျွန်တော် ငြိမ်ပြီး နားထောင်ကာ နေမိ၏။ ဘာစကား ပြန် ပြောရမှန်းမသိ။ အသားလွတ်ကြီး ကြားမှန်းလည်းသိ၏။ သို့သော် ဘာ ပြန်ပြောရမှန်းလည်း မသိ။

"ကောင်းတာပေါ့ ခင်ဗျား ဝင့်လည်မယ့်ကောင်လာပြီလို့ သဘော ထား"

"အောင်မာ... ဒါမျိုးက လည်ချင်တိုင်း လည်လို့ရတယ် မှတ်လား။ ကြုံမှ သိမှာ၊ ကြားလိုက်ခါစကတော့ တစ်မျိုးကြီးပဲဗျ၊ အခုဆို အိမ်ကထွက်လို့





မရတော့ဘူး၊ မနော်ကလည်း သေချာပြီဆိုကတည်းက စည်းကမ်းတွေ ထုတ် တာပဲ၊ ကျွန်တော်တို့နှစ်ယောက်စလုံး တော်တော်ကြီးပြောင်းလဲသွားကြတာ။ ဟော့လူခင်ဗျားလည်း တစ်နှစ်ကျော်ပြီ၊ လုပ်ဦးလေ ကြိုးစား ကြိုးစား"

ကြိုးစားတာပဲဗျ... ဟု ပြန်ပြော၍လည်း မရသဖြင့် ခပ်တည်တည် သာ နေလိုက်ရ၏။ အိမ်ပြန်လာတော့ စိတ်ထဲမှာတစ်မျိုး ဖြစ်ကာနေ၏။ မိန်းမက ဘယ်သူ့ဆီကဖုန်းလဲဟု မေး၏။

"တာရာ့ဆီကပါကွာ"

မိန်းမက ဘာမှ ဆက်မမေးပဲ နေသဖြင့် ပြောလိုက်ရ ကောင်းမလား စိတ်ကူးသည်။

"မနော် ကိုယ်ဝန်ရှိနေပြီတဲ့"

"ဟုတ်လား ကောင်းတာပေါ့"

နောက်နေ့ကျတော့ ကျွန်တော်လည်း ထိုကိစ္စကို မေ့ကာသွား၏။ သို့သော် စာပေလောက (၃၃–လမ်း) ရောက်တော့ တာရာ ကလေးရတော့ မည့်သတင်းက ပျံ့ကာနေ၏။ ဘယ်သူပြောသလဲဆိုတော့ သူပဲ ဖုန်းဆက် ကာလိုက်ပြောကြောင်း သိရသည်။ အင်း ကြွားစရာကြီးကို ဖြစ်နေပါလား။

"ဒါနဲ့ မင်းရောကွ၊ မယူသေးဘူးလား"

"ယူထားနော် ကိုယ် ငွေကြေးရှာလို့ လွယ်ကူတုန်းမှာ"

"ယူထားနော် စောစောယူတော့ စောစောကိစ္စအေးတာပဲ"

"မင်းက သုံးဆယ်လေး ဟုတ်လား၊ ယူတော့ ယူတော့ ကလေး ဆယ့်ရှစ်နှစ်မှာ မင်းက ငါးဆယ်နှစ် လွန်တောင်နေပြီ၊ ယူတော့"

"နီကိုရဲရေ လူများတွေကတော့ ကြွားကုန်ပြီနော်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် နားတွေအူကာ ပြန်ခဲ့ရ၏။ ငါ့ကျရင် မိန်းမကိုယ်ဝန် ရတာနဲ့ သတင်းစာထဲက ကျေးဇူးတင်ကြောင်း ငါ့ကိုယ်ငါ ထည့်ပစ်မယ် ဟု စိတ်ပေါက်ပေါက်နှင့် တွေးရ၏။ အိမ်ရောက်တော့ မိန်းမကိုတော့ မပြောတော့၊ ပြောလျှင်လည်း ဟုတ်လား ကောင်းတာပေါ့ဟုပဲ ပြောမှာ သေချာ၏။

ဖြစ်ချင်တော့ နောက်အပတ်မှာပင် ညီဖြစ်သူထံမှ စာလာ၏။ သူ့ ဇနီး ကိုယ်ဝန်ရှိနေပြီဆိုသည့်အကြောင်း ဖြစ်သည်။ အမေနှင့်အဖေ ဝမ်းသာ ကြ၏။

“ငါ့သား... မင်းက အရင်မွေးရအောင် ငါတို့က မင်းအိမ်ထောင်ကျ ပြီးမှ မင်းညီကို အိမ်ထောင်ပြုရမယ်လို့ ပြောထားတာ၊ အခုတော့ ငါတို့က မင်းမွေးတဲ့ကလေးက သူမွေးတဲ့ကလေးကို အစ်ကို အစ်မ ခေါ်ရမှာစိုးလို့”

“အမေရာ... ဒါမျိုးဆိုတာက သူ့ထိုက်နဲ့သူ့ကံပါ၊ ကြံစည်တိုင်း ဖြစ်တာမှ မဟုတ်တာ”

“ဒါတော့ဒါပေါ့ ဒါပေမယ့် သားက အရင်ယူတာပဲ၊ ဘာပဲဖြစ်ဖြစ် သားကလည်း ကလေးယူဖို့တော့ စိတ်ကူးသင့်ပြီ၊ အခုတောင် နောက်ကျ နေပြီ”

နောက်နေ့တွေမှာ အမေက ဇနီးကို တိုးတိုးကပ်ကာ စည်းရုံးနေသံ ကြားရ၏။ မိန်းကလေးဆိုတာ အသက်ငယ်တုန်း မွေးမှတို့၊ ငါတို့ရှိနေတုန်း ဆိုတော့ လိုအပ်တာတွေ မပူရဘူးတို့၊ ဟိုဆေးဒီဆေးတွေစားတာ မကောင်း ဘူးနော်တို့ ဖြစ်၏။ ကျွန်တော်ကြားအောင်လည်း ပြောတန်ပြောလေ၏။ ဘကယ်တော့ ကျွန်တော့်ဇနီးက ဘာဆေးမှ မစားပါ။ သူကိုယ်တိုင် ကျန်းမာ





ရေးမကောင်းသဖြင့် သန္ဓေတည်ရန် အခွင့်အရေးမရတာပဲ ဖြစ်လိမ့်မည်။

အမေပြော၍ ညီဖြစ်သူ ကလေးရတော့မည်ဆိုတော့ အိမ်နီးချင်း တွေနဲ့ ဆွေမျိုးတွေက လာပြန်၏။

“ဘယ်လိုတုန်း ရဲဝင်းကြီး ညီက ကျော်တက်သွားပါပကော”

“နင့်အဖေနဲ့ အမေက နင့်ကို ရစေချင်တာဟဲ့၊ သိလား”

“ကိုရဲဝင်းကရော မယူသေးဘူးလား၊ အမေနဲ့အဖေက ဟိုမြေးဘက် ပါသွားမှာနော်”

ကြာတော့ ကျွန်တော် စိတ်ရှုပ်လာ၏။ နေရင်းထိုင်ရင်း မိန်းမကို စိတ်ထဲ ဒေါသဖြစ်ရ၏။ သူ ကျန်းမာရေးမကောင်းတာကိုပဲ အပြစ်တင်ရ သလိုလိုတွေ ဖြစ်လာသည်။ တစ်နေ့တော့ စိတ်ပေါက်ပေါက်နှင့် သူ့ကို မေးသည်။

“နေပါဦး၊ မင်းဗိုက်က ဘယ်တော့”

“ဘာတွေ လျှောက်ပြောနေတာလဲ”

“သိဘူးကွာ ငါ စိတ်ရှုပ်လာပြီ၊ ရလည်း မြန်မြန်ရတော့”

“ဒါတော့ ဘယ်သိမလဲ၊ ကိုယ်လုပ်တိုင်း ဖြစ်တာမှ မဟုတ်တာ”

“အေးလေ... ငါလည်း... တော်ပြီကွာ... စိတ်ရှုပ်တယ်”

ပတ်ဝန်းကျင်မှ ချီးမွမ်းခုနစ်ရက်၊ ကဲ့ရဲ့ခုနစ်ရက် ဆိုသော်လည်း ...မ သတင်းသိသူတွေ ခုနစ်ရက်၊ ပြီးနောက် နောက်မှ ညီ၏သတင်း ကြားသူတွေက ခုနစ်ရက် စပြန်သဖြင့် ထိုစကားသံများကို ကျွန်တော် ...စ်လလောက် ဒဏ်ခံရသည်။

ကျွန်တော့်မှာ ရွာဦးဘိုးဘိုးကြီးထံပြေး၍ သားဆုပန်ရလိုလို၊



www.burmeseclassic.com

www.burmeseclassic.com



နီးစပ်ရာဆရာဝန်ထံ ပြေး၍ပဲ ဆေးစစ်ရမလိုလို ဖြစ်လာ၏။ သို့သော် ဘာမှတော့ မလုပ်ဖြစ်ခဲ့။ ဒီလိုနှင့်ပင် တစ်မနက် ကျွန်တော်အိပ်နေတုန်း အမေက လာနှိုး၏။

"ဟဲ့ ရဲဝင်း… ထ… ထ… "

"ဘာဖြစ်လို့လဲ အမေ"

"နှင့်မိန်းမ… နှင့်မိန်းမ"

ကျွန်တော် ကမန်းကတမ်း ထ,ကြည့်တော့ မိန်းမက နောက်ဖေး ရေကပြင်မှာ ကုန်းကုန်းကလေးဖြစ်နေ၏။ ကိုင်လက်စ ပုစွန်တွေက တန်းလန်း ကြောင်က ဝင်ဆွဲနေသဖြင့် ခြေထောက်ဖြင့် ပြေးခတ်ကာ မိန်းမနား ပြန်ပြေးပြီး မေးရသည်။

"ဘာဖြစ်လို့လဲ ကလေး"

"မူးလို့ ရင်တွေတုန်ပြီး မူးလို့"

ကျွန်တော် ကျောကုန်းကိုဖိနှိပ်ရင်း စဉ်းစားရ၏။ အမေနှင့်ကျွန်တော် မျက်ဝန်းချင်းဆုံကြသည်။ မိန်းမက ကျောကုန်းကလေးကော့ကာ အော့ ပြန်သဖြင့် ပြန်ဖိပေးရ၏။ သုံးလေးခါအော့ပြီး အမေက တွဲကာ အခန်းထဲသို့ လိုက်ပို့ရင်း စကားတွတ်ထိုးသည်။ ပြီးတော့ အခန်းထဲက ထွက်လာသောအမေက ခပ်ပြုံးပြုံး ခပ်ကျယ်ကျယ်ဖြင့် "ဟဲ့… ရဲဝင်း နှင့်မိန်းမကို ည ဆေးခန်းပို့လိုက်" တဲ့။

ဒီလောက်ဆိုရင်ဖြင့် ရဲဝင်းတို့က ကလောင်ကနဲအသံကြားသည်နှင့် ဇစ်ပိုမီးခြစ်က တောက်ပြီးသားဖြစ်ပေသည်။ ရင်ထဲမှာလည်း တစ်မျိုးကြီးဖြစ်ကာသွား၏။ အခန်းထဲပြန်ဝင်လာတော့ မိန်းမက ကွေးကွေး





ကလေးမှိန်းကာ နေ၏။ မာလကာရွက် ယူချင်သည်ဟု ဆိုသဖြင့် မာလကာ ရွက် ခူးပေးရသေးသည်။ ကျွန်တော် စဉ်းစားနေသည်။ အရှေ့ကိုထွက်ကာ ဆေးလိပ်သောက်သည်။ ပြီးတော့ ပြန်ဝင်လာကာ သက်သာရဲ့လား မေးရ၏။ မိန်းမက ခေါင်းကလေးငဲ့ပြကာ မျက်စိမဖွင့်ပဲ မှိန်းနေသည်။

ဒီလိုပျို့အန်တာတွေကို ဗီဒီယိုကား တော်တော်များများမှာ ကျွန်တော် ရေးခဲ့ရဖူးသည်။ ထိုမင်းသမီးသည် မင်းသားနှင့် သမီးရည်းစားဘဝဆိုလျှင် ထိတ်လန့်ကာ ကြောက်ရွံ့တုန်လှုပ်သွားမည်။ ပြီးတော့ မျက်ရည်ဝဲကာ အားကိုးရာမဲ့ ဖြစ်သွားမည်။ ပြီးတော့ မင်းသမီးအမေတွေ အဒေါ်တွေက မျက်နှာကြောတင်းတင်းနှင့် ဒါ ဘယ်သူနဲ့လဲ ပြောစမ်း… ပြောစမ်း… ဟု စစ်မေးမည်။

ထိုမင်းသမီးသည် ယောကျ်ားနှင့်ဆိုလျှင်တော့ ရုံးက အလုပ်ပြန်လာသော ယောကျ်ားအနားကပ်၍ ရှက်စနိုး တိုးတိုးပြောမည်။ ယောကျ်ားဖြစ်သူ မင်းသားက ဝမ်းသားအားရ ထ,ကာအော်နေမည်။ ကျွန်တော်တို့ မြန်မာ ရုပ်ရှင်ပရိသတ်ကြီးသည် မင်းသမီး အော့အန်ပြရုံနှင့် ထိုကိစ္စကြီးကို သဘော ပေါက်ကြပါ၏။ အခု ကျွန်တော်လည်း သဘောပေါက်ပြီ။ လာထားစမ်း။

ထမင်းစားပြီးတော့ မိန်းမက ထပ်အော့ပြန်သည်။

နောက်ဖေးသို့ တန်းကာပြေးသော မိန်းမကို ကျွန်တော်က အောင်မြင်ခန့်ညားသောအသံနှင့် လှမ်းကာ သတိပေးရသည်။

"ဟော့ကောင် ဒါ ရုပ်ရှင်ထဲကလို မဟုတ်ဘူး၊ ဘယ်နေရာမှ ပြေးမနေနဲ့၊ အန်ချင်ရင် အန်ချလိုက်၊ ဟောဒီ ငါ့အိမ်တစ်အိမ်လုံး ကြိုက်တဲ့နေရာ မင်းအန်လို့ရတယ်ကွ သိလား"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်စကားသံကြားတော့ အမေက ပြုံးလေသည်။ ပြီးတော့ နေရာတကာ မနှောက်နဲ့ဟု တား၏။

❒

ညဘက် ဆေးခန်းသွားတော့ ဆရာမကို သေသေချာချာ ကိုယ် ဖြစ်တာပြောပြဖို့ သတိပေးရသည်။ မိန်းမက ခေါင်းညိတ်ကာ 'ဝင်လိုက် မလာနဲ့' ဟု တား၏။

ဆေးခန်းရောက်တော့ ကန့်လန့်ကာကလေး အပြင်ဘက်မှာသာ ကျွန်တော်နေခဲ့ရပါသည်။ တီးတိုးသံသဲ့သဲ့ကို မသဲမကွဲကြားရ၏။ ဆယ် ငါးမိနစ်ခန့်ကြာတော့ မိန်းမ တင်ပါးကလေးပွတ်ကာ ထွက်လာ၏။ ပိုက်ဆံ ရှင်း၊ ဆေးယူပြီး အပြင်ရောက်တော့ ကျွန်တော် အငမ်းမရ မေးရ၏။

"ဆရာမက ဘာတဲ့လဲ"

"နောက်နေ့လာခဲ့ဦးတဲ့"

"မဟုတ်ဘူးလေ၊ မင်း ဟို အန်တာ မပြောဘူးလား၊ ဘာတဲ့လဲ"

"ပြောပါတယ်ဆို၊ နောက်နေ့ပဲ လာခိုင်းတယ်"

အိမ်ရောက်တော့ ညမအိပ်မီ အော့ပြန်၏။ အမေက အခန်းထဲ ရောက်ကာ မေးသည်။ မစားသင့်၊ မနေသင့်တာတွေကို တား၏။ မှာ၏။ ကျွန်တော်သက်ပြင်းချကာ ဘာကြီးမှန်း မသိ ဖြစ်နေသည်။ သူ့အမူအယာ တွေနဲ့ နိမိတ်တွေက ကျိန်းသေနေပြီ။ ငါ ကလေးရတော့မည်။ တွေးရတာ တစ်မျိုးကြီးပါလား။ သိချင်စိတ်ရှိသည်။ သို့သော် ဘာကိုသိချင်မှန်း မသိ။ ကိုယ့်ပုံကိုယ်ရိုက်ထားသည့် ဓာတ်ပုံကို ကြည့်ချင်သလိုမျိုး ဖြစ်သည်။ သို့သော် ထိုသို့အတိအကျလည်း မဟုတ်။ ကိုယ့်ပုံဆိုတာ ကိုယ်သိနေတာပဲ။





ကိုယ်ဝန်ရှိနေပြီဆိုသော စိတ်လှုပ်ရှားမှုနှင့် သိချင်စိတ်၊ စိတ်ကူး သည် အိမ်ထောင်ကျလျှင် ဘယ်လိုနေမလဲ ဆိုသည့် စိတ်ကူးထက် အဆ ပေါင်းများစွာ သာလေသည်။ အခုကိစ္စက စိတ်မကူးဘဲလည်း မနေနိုင်။ စိတ်ကူးတော့လည်း စိတ်ကူးထဲမှာ ဘာမှဖမ်းဆုပ်၍ မရှိ၊ မမိ။ ကျေနပ်၏။ ဘာကိုကျေနပ်မှန်းလည်း မသိ။ သဘောကျနေ၏။ ဘာကိုမှန်းလည်း မသိ။ အံ့သြနေ၏။ မိမိကိုယ် မိမိလည်း မဟုတ်၊ မိန်းမကိုလည်း မဟုတ်။ တစ်ခုခုတော့ ဖြစ်နေ၏။ ထိုတစ်ခုအတွက် အဖြေသည် ဘာမှမရှိ။

ဒီလိုနှင့် မိုးလင်းကာ မိုးပြန်ချုပ်သွား၏။ ဆေးခန်းသွားသည့်လမ်း မှာ သေသေချာချာမေးဖို့ သေသေချာချာတိုက်တွန်းရလေသည်။ မိန်းမက သတိပေး၏။

ထုံးစံအတိုင်း ကန့်လန့်ကာကလေးနောက်မှာ ကျန်ခဲ့ကာ မိန်းမက အထဲဝင်သွားသည်။ ထို့နောက် တင်ပါးကလေးပွတ်ကာ ထွက်လာ၏။

"ဘာတဲ့လဲ"

"စာရေးပေးလိုက်တယ်၊ မြို့ထဲက အထူးကုဆေးခန်းကို သွားပါတဲ့"

"ပြစမ်း သေချာတယ်တဲ့လား"

"မသိဘူး၊ အဲဒီကိုပဲ သွားဖို့ ပြောတယ်"

အိမ်ရောက်တော့ အခြေအနေကို ပြောပြရင်း ဆရာဝန်ဆေးစာကို ယူကာ ကြည့်ကြ၏။ ထုံးစံအတိုင်း ဆရာဝန်လက်ရေးနှင့် ဆေးဝေါဟာရ တွေမို့ ဘာသဲလွန်စမှ မရ။ ဘာမှ မတတ်နိုင်။ သွားဆိုရင်တော့ သွားရ တော့မှာပေါ့။

ညအိပ်ရာဝင်တော့ မှိန်းနေသောမိန်းမကို ကြည့်ကာ သနားနေမိ



www.burmeseclassic.com

www.burmeseclassic.com



သည်။ အန်ဆဲ အော့ဆဲ။ ကိုယ်ဝန်ရဲ့ဒဏ်ကို ဒီပါးပါးလှပ်လှပ်ကလေးက ခံနိုင်ပါ့မလား။ ရှေ့ကိုတွေးကာ ဆင်ခြင်စရာရှိသည်တို့ကို ဆင်ခြင်မည်ဟု စိတ်ကူးရသည်။ ငွေရှာဖို့အရေးလည်း တွေးရသေး၏။

အင်း... ဆေးခန်းသာ နှစ်ရက်လွှတ်သည်။ ဘာမှ ရေရေရာရာ မသိရ။ ဒီတစ်ခါတော့ ငါကိုယ်တိုင်ဝင်လိုက်မှပဲ။ အထူးကုဆရာဝန်နဲ့ ပြနိုင်းတယ်ဆိုတာ ဘာဆိုတာသိမှ ဖြစ်မယ်။ ဒါ ရက်စရာကိစ္စမဟုတ် ပါဘူး။ သမားဆို မရှက်နဲ့တဲ့။

မနက်လင်းတော့ ရွှေဘုံသာလမ်း ဆေးခန်းများရှိရာသို့ ကားငှား ကာ ထွက်ရသည်။ စာအုပ်ဝယ်... ထပ်... နာရီဝက်ခန့် စောင့်ပြီး နာမည် ခေါ်တော့ ကျွန်တော်ပါ ဝင်လိုက်သွားရ၏။ ဆရာဝန်က အမျိုးသမီး။ အသက်(၅၀)ခန့်ရှိမည် ထင်၏။ စိတ်ထဲ ပေါ့ကာသွား၏။ သိပ်ရှက်စရာ မရှိတော့။

"ဘာဖြစ်တာလဲ"

"ဆရာမက စာရေးပေးလိုက်ပါတယ်၊ အန်တယ် ဆရာမကြီး၊ အစာမပါဘူး၊ လေချည်းပဲအန်တာ"

"ဟုတ်လား... ကဲ... တက်... အိပ်"

ဆရာမက ဗိုက်ကိုစမ်းသည်။ လက်မှောက်ကာ ခေါက်၏။ လျှာ ထုတ်ခိုင်းသည်။

"အရင် ဘာဖြစ်ဖူးသလဲ"

"အစာအိမ်မှာ အနာသေးသေးကလေး ဖြစ်ဖူးပါတယ်၊ ပျောက်စ ပြုပါပြီ၊ ဆေးစာအုပ်ပါလာပါတယ် ဆရာမကြီး"





အစာအိမ်ကုစဉ် ဆေးစာအုပ်ကိုပေးတော့ ကြည့်သည်။

"အိပ်ရာထ ထမင်းစားပြီးစ ညနေ... ည... အန်ပါတယ်၊ ဟိုလေ ကျွန်တော့်ဇနီးပါ ကိုယ်ဝန်များရှိ"

ဆရာမကြီးက ဗိုက်ထပ်စစ်သည်။ မျက်စိကိုစစ်သည်။ အသက်ရှူ ခိုင်းပြီး နားထောင်သည်။

"အန်တာ ဘယ်နှစ်ရက်ရှိပြီလဲ"

"လေးရက်လောက်ရှိပြီ ဆရာမ၊ ကိုယ်ဝန်များ..."

ဆရာမကြီးက ပြုံးကာ လှည့်ကြည့်ရင်း ဖြေသည်။

"မင်းမိန်းမက ဗိုက်ကြီးတာ မဟုတ်ဘူး၊ လည်ပင်းကြီးချင်တာ"

"ခင်ဗျာ"

"ဟုတ်တယ် အစာအိမ်လေပြွန်ပေါက်တာလား၊ လည်ပင်းကြီးချင် တာလား တစ်ခုခုပဲ၊ အဲဒီရောဂါကလည်း အန်တတ်တယ်၊ ဗိုက်ကတော့ သေချာတယ်မရှိဘူး"

ကျွန်တော် အလွဲပေါင်းများစွာ လွဲခဲ့ဖူးပါသည်။

ဗိုက်နှင့်လည်ပင်းလွဲတာတော့ တော်တော်ခံရဆိုးပါ၏။ အနည်းငယ် စောင်းပါးရိပ်ခြေ ပြောထားသူတွေကို ကျွန်တော် ဘာပြန်ပြောရမည်နည်း။ ဆရာမကြီးက ဆက်ပြောသောစကားတွေကို ကျွန်တော် မကြားတော့။ စိတ်ထဲမှာ ဘာကိုမှန်းမသိ အူလည်လည်ဖြစ်နေခဲ့သည်။ မိန်းမကိုကြည့်တော့ မိန်းမမျက်နှာကလည်း အူကြောင်ကြောင်ဖြစ်နေဟန် တူ၏။ သူ့လည်ပင်း သူ့ကိုင်ကြည့်နေသည်။

အိမ်ပြန်ရောက်တော့ အမေက အမော်တကော လှမ်းကာမေး၏။



www.burmeseclassic.com

www.burmeseclassic.com



"ရဲဝင်း ဘာတဲ့လဲ... ဘာတဲ့လဲ"

ကျွန်တော့်အသံတွေ လည်ပင်းဝမှာ တစ်ကာနေ၏။ တော်တော်နှင့် ပြောမရ။

"လည်... လည်ပင်းကြီးတာတဲ့ အမေ"

❐





# နတ်ဝင်သည်



www.burmeseclassic.com

www.burmeseclassic.com







ကိုယ့်ကိုယ်ကို ဂုဏ်ရည်မြင့်ပြီး ပြောနေတာတော့ မဟုတ်ပါဘူး။ ဒီကိစ္စမျိုးဆိုတာကလည်း ဂုဏ်ရည်မြင့်လောက်တဲ့ကိစ္စတစ်ခုလည်း မဟုတ်ပါဘူး။ ဒါပေမယ့် ကျွန်တော် အခုလို တည်တည်ငြိမ်ငြိမ်နဲ့ပဲ အိမ်က ထွက်လာတာ အခု လမ်းတစ်လျှောက်လုံးမှာ စိတမလှုပ်ရှားဘဲ အစိုးလက် လွှတ်မဖြစ်ဘဲ ရှိနေတာကိုတော့ ကျွန်တော် မကျေနပ်မိတာ အမှန်ပဲ။

ကျွန်တော့်စိတ်ထဲမှာ ပူပင်ကြောင့်ကြနေတာတို့ ပျော်ရွှင်မြူးတူး နေတာတို့ ဘာမှကိုမရှိတာ ကျိန်ပြောရဲစေရဲ့။ ကျောင်းရောက်ရင် စာသင် ချင်သင်မယ်။ ဒါမှမဟုတ် ဘော်ဒါတွေနဲ့ လက်ဖက်ရည်ဆိုင်ထိုင်မယ်။ ဒါမှမဟုတ် ကောင်မလေးတွေတစ်အုပ်နဲ့ အရည်မရ အဖတ်မရ စကား တွေပြောပြီး ရယ်မောမယ်ဆိုတဲ့ ပေါ့ပါးမှုမျိုးနဲ့ ကျောင်းကိုလာနေတဲ့ တက္ကသိုလ်ကျောင်းသားတစ်ယောက်လိုပဲ ရှေ့မှာ ဘာဖြစ်ဖြစ် ဘာကိုမှ စိုးရိမ်ပူပန်စိတ်မရှိတဲ့လူလို ကျွန်တော်လာနေတာပါ။

ဒါပေမယ့် ကျွန်တော်လာနေတာ ကျောင်းကိုတော့ မဟုတ်ပါဘူး။ ကျွန်တော့်ချစ်သူက သူ့မိဘတွေနဲ့ တွေ့ရအောင်လို့ အိမ်ကိုလာခဲ့ပါဆိုလို့ ကျွန်တော်လာနေတာပါ။ ကိုယ့်လူရေ... ကျွန်တော့်မှာ ချစ်သူတစ်ယောက် ရှိတယ်၊ တစ်ယောက်တည်းသော ရဖူးတဲ့ ချစ်သူပါဗျာ...။ ပြောရရင်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်လူတို့ တောတော်အံ့ဩသွားနိုင်တယ်။ ကောင်မလေးက တော်တော့်ကို နိုပ်တာဗျ။ အသားအရည်က အခုမှ ဘွာချလိုက်တဲ့ ဝါးပိုးမျှစ်လို ဝင်းအိနေတာ။ ကိုယ်လုံးကိုယ်ပေါက်ကလည်း အမိစားထဲက သူနဲ့ ကျွန်တော် တွဲသွားတိုင်း မျက်နှာချင်းဆိုင်က သကောင့်သားတွေရဲ့ဖြစ်ပုံကို ကျွန်တော် ပြောပြရဦးမယ်။

ဒီကောင်တွေက ပထမဦးဆုံး ကျွန်တော့်ကောင်မလေးကို လှမ်းကြည့်တယ်။ ပြီးတော့ သူတို့လှမ်းငေးတဲ့ မိန်းကလေးက မျက်လွှာချပြီး လက်မောင်းကို ကိုင်ထားတဲ့ ကျွန်တော့်ကိုကြည့်တယ်။ ကျွန်တော့်ကိုလည်း ကြည့်ပြီးရော ဒီကောင်တွေ မျက်နှာဟာ ချက်ချင်းကို ပျက်သွားတာဗျ။ ဒေါသရယ် ဆုံးရှုံးမှုရယ်၊ မနာလိုမှုရယ်က တဒင်္ဂ သူတို့မျက်နှာကို အနိုင်ကြမ်းအစီးခံလိုက်ရသလို မျက်နှာပျက်သွားတာ၊ တော်တော်ရယ်ရတယ်ဗျာ။ ကျွန်တော်တို့နဲ့ ဆုံမှတ်တစ်ခုမှ ဖြတ်သွားပြီးတဲ့အခါကျတော့ ဒီကောင်တွေ နောက်လှည့်ကြည့်တာပဲ။ တကယ် ပါဗျာ။ လှည့်မကြည့်တဲ့ သကောင့်သားဆို တစ်ယောက်မှကို မတွေ့ဖူးဘူး...။

လှည့်ကြည့်ပြီးရင်တော့ ဒီသကောင့်သားတွေ တော်တော်ကြီးကို ခံစားသွားရတာပေါ့။ သူ့ကိုယ်သူလဲ ဘာမှမဟုတ်ပဲနဲ့ ဒေါသထွက်သွားလိမ့်မယ်။ ဒါမှမဟုတ်ရင်လည်း မိန်းမဆိုတာ အလကားပဲ၊ နှာခေါင်းမပါရင်... ဘာညာဆိုပြီးတော့ မိန်းကလေးတွေကို အလကားနေရင်း ဒေါသဖြစ်ချင်ရင် ဖြစ်မယ်။ အံမယ်... တစ်ချို့ဆိုရင် တောက်တွေ ဘာတွေတောင် ခေါက်တာခင်ဗျာ။ ဒီလောက်ဆိုရင် ကျွန်တော့်ကောင်မလေး ဘယ်လောက်မိုက်တယ်ဆိုတာ ကိုယ့်လူသဘောပေါက်ရောပေါ့။ ကျွန်တော်ကတော့ ပြော





ခဲ့ပြီးတဲ့အတိုင်း ရုပ်ရည်ရူပကာ သိပ်မလာတဲ့ကောင်ပါ။ ကျွန်တော့်တစ်ကိုယ်လုံး ကောင်းတာဆိုလို့ ယောကျ်ားလေးတန်မဲ့နဲ့ လက်ဖဝါးကလေးတွေ တအားနုတာတစ်ခုပဲ ရှိပါတယ်။ ဒါကလည်း သိပ်ထူးထူးခြားခြားတော့ မဟုတ်လှပါဘူး။ ကိုယ့်ကိုယ်ကိုယ်ဆိုတော့ ပြောကြည့်တာပါ။

အသားအရည်နဲ့ ကိုယ်လုံးကိုယ်ပေါက်တင်လား မမေးနဲ့။ မျက်ခုံးမွေးကလေးတွေက ထူထူစိမ်းမြမြ၊ မျက်တောင်မွေးကလေးတွေကတော့ ကော့လို့ခင်ဗျ။ နှုတ်ခမ်းက ဖူးဖူးလုံးလုံး... ကျွန်တော့်ချစ်သူမျက်နှာမှာ မှဲ့တစ်လုံးမှ မရှိဘူး။ မှဲ့တစ်ပေါက်မစွန်းတဲ့မျက်နှာဆိုတာ အဲဒါမျိုးပေါ့။ သူ့တစ်ကိုယ်လုံးမှာ ကျွန်တော်လုံးဝစဉ်းစားလို့မရတာက သို့မျက်ဝန်းရဲ့ အဓိပ္ပာယ်ပါ။ သူ့မျက်လုံးတွေဟာ သူ့မျက်နှာအကျယ်အဝန်းနဲ့ အချိုးကျကျ တပ်ပေးထားတဲ့ ပန်းချီဆရာဆွဲပေးတဲ့မျက်လုံးမျိုး သိပ်လှတယ်။ ဒါပေမယ့် သူ့မျက်ဝန်းထဲမှာ ဘယ်တော့မှ တက်ကြွရွှင်လန်းတဲ့အမူအယာ၊ ကြည်လင်တောက်ပမှုမျိုး မရှိဘူး။ မာနနဲ့လည်း တစ်ခါမှ မတောက်ပဘူး။ တည်ငြိမ်အေးချမ်းတာလဲ မဟုတ်ဘူး။ ကျွန်တော် မပြောတတ်ဖူးဗျာ။ ကိုယ့်လူကို အနီးစပ်ဆုံးနားလည်အောင် ပြောရရင်တော့ အိပ်မွေ့အချခံနေရသလို မျက်ဝန်းမျိုးဗျ။ သူဟာ သူပါ ဆိုတာကို သူကိုယ်တိုင်မသိတဲ့ မျက်ဝန်းမျိုး။

တော်ရုံလှတဲ့ မိန်းကလေးတွေဆို သူတို့မျက်ဝန်းမှာ သူတို့ရဲ့မာန်ကစိမ်းမြပြီး အရောင်ကိုလက်နေတာ။ ကျွန်တော့်ချစ်သူလို အားလုံးလှတဲ့ မိန်းကလေးမပြောနဲ့။ ဆံပင်ကလေးလှတာ၊ အသားအရည်လေးလှတာ၊ Style ကလေးရှိတာ၊ ကိုယ်လုံးလေးလှတာနဲ့တင် မိန်းကလေးတွေဟာ အလကား မာနရှိကြ၊ ယုံကြည်မှုရှိကြတာ။ ကျွန်တော့်ချစ်သူမှာ ငွေကြေး



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာကလည်း ဘာပြောကောင်းမလဲ၊ သူဝတ်ထားတဲ့ လက်ကောက်တွေကို ကျွန်တော် တစ်ခါမှ ကုန်အောင် မရေတွက်နိုင်ဘူး။ ဆွဲကြိုးကြီးကလည်း Heavy ဗျ၊ အကြီးကြီးပဲ။

ကျွန်တော့်ဘော်ဒါတစ်ယောက်ကတော့ "မင်းကောင်မ ရွှေဝတ်ပုံက တောက အင်းသူဌေးတွေ ဝတ်ပုံပဲကွ၊ ရိုင်းတယ်..." တဲ့။ ကျွန်တော် ဘာမှ ပြန်မပြောလိုက်ပါဘူး။ ကျွန်တော့်စိတ်ထဲမှာလဲ ရွှေတွေ အဲဒီလောက်ဝတ် တာကို သိပ်သဘောတွေ့လှတာတော့ မဟုတ်ပါဘူး။ ကျွန်တော့်ချစ်သူ ကိုယ်ကြီးက လေးနေတယ်။ သိပ်မသွက်ဘူးလို့ စိတ်ထဲမှာ ခံစားနေရလို့ပါ။ ဒါပေမဲ့ ဒီကောင် မနာလိုလို့ပြောတယ်ဆိုတာကိုလည်း ကျွန်တော်က အရှင်း အတိုင်း သိနေတယ်။ ကျွန်တော် ဒီကောင်မလေးကို ရသွားတာကို သူ မကျေနပ်ဖူးလေ။ ဒီတော့ ရတာရှာပြီး အလကားပါ၊ သဘောလုပ်တာပေါ့။ ကျွန်တော့်ချစ်သူနဲ့ ကျွန်တော်ကတော့ ဘာမဟုတ်တဲ့ လက်ကောက်တွေ အတွက် တစ်ခါမှ ပြဿနာမတက်ခဲ့ကြပါဘူး။

အဲ... တစ်ခါတော့ ရွှေနဲ့ပတ်သက်လို့ ပြဿနာတစ်ခု ဖြစ်တယ်ဗျ။ ကျွန်တော်နဲ့တော့ မဟုတ်ပါဘူး။ အဲဒီတုန်းက သူနဲ့ကျွန်တော် ချစ်သူဖြစ်ပြီး ကာစ၊ အတန်းထဲမှာ သူ့ဆွဲကြိုး ကျပျောက်တယ်။ မနက်က ကျောင်းကို လာတုန်းက သူ ဆွဲထားတာ ဟုတ်တယ်တဲ့။ ဘေးက ကောင်မလေးတွေက ထောက်ခံတာ... ကျွန်တော်ကတော့ သတိတောင်မထားမိဘူး။ အခုမှ မရှိတော့တာ... တဲ့။

ဆွဲကြိုးပျောက်တော့ အုတ်အော်သောင်းနင်းပေါ့ဗျာ။ အနီးပတ်လည် က လူနှစ်ဆယ်လောက် ဦးနှောက်တွေခြောက်ပြီး ပြူးပြူးပြာပြာတွေ





ဖြစ်တာပေါ့။ ကဲန်တင်းသွားတုန်းက ဘယ်လမ်းက ပြန်လဲ၊ ကဲန်တင်းမှာ တုန်းက ရှိလား၊ ခုံတွေအောက်မှာ ရှာကြ၊ ဖွေကြနဲ့ ကျွန်တော်က ဘေးလူ တွေကို အားနာပြီး ကိုယ်ကိုယ်တိုင်လဲ ဘာမှလုပ်မပေးနိုင်လို့ စိတ်ညစ် သွားတယ်။ အံ့မယ် မရွှေချောကတော့ အေးအေးဆေးဆေးပါပဲဗျ။ သူ့ မျက်လုံးထဲမှာ နမြောတာ စိုးရိမ်တာ ဘာတစ်ခုမှ မရှိဘူး။

ဘေးကလူတွေ ပြောနေတာ စိတ်ပူနေတာကို အားနာတဲ့ပုံစံမျိုးနဲ့ အနီးအနား ငုတ်တုတ်ထိုင်ပြီး တစ်ခါရှာတာက လွဲလို့ ဘာမှမဖြစ်ဘူး။ သူ့ပုံစံက ပိုက်ဆံတစ်ကျပ်ပဲကျပျောက်တဲ့ ပုံစံမျိုး။ ဒါ... သူ တမင်လုပ် နေတာ မဟုတ်ဘူး၊ တကယ်ဖြစ်နေတာပါ။ သူ့မျက်လုံးထဲမှာ ဘာမှ မရှိ ဘူး။ ဆွဲကြိုးလည်း ပြန်မတွေ့ပါဘူး။ နောက်နေ့ကျတော့ အသစ်တစ်ကုံး သူ ဆွဲလာတာပဲ။ ပြဿနာပြီးပြီပေါ့။

ဒါပေမဲ့ ဘေးက မပြီးဘူးခင်ဗျ။

ကျွန်တော့်ကို အရေးတကြီးခေါ်ပြီး ပြောကြတယ်။ မင်းကောင်မလေး ဝတ်ထားတာတွေက အားလုံး အတုတွေတဲ့။ ဒါကြောင့် ဟိုနေ့က ဆွဲကြိုး ပျောက်တာ ဘာမှမဖြစ်တာပေါ့တဲ့။ ဒီနေ့ ထပ်ဝတ်လာတာလဲ အတုပဲ... တဲ့။ တော်တော် စိတ်ရှုပ်ဖို့ကောင်းတယ်ဗျာ။ လူတွေဟာ တစ်ခါတစ်ခါ ဆစ်မျိုးပဲ။ ကျွန်တော့်ကိုလည်း သတိထား... တဲ့။

ကျွန်တော်က ဘာကိုသတိထားရမှာလဲ။ ရုပ်က ခပ်ဆိုးဆိုး... တစ်ကိုယ်လုံးမှာ ရွှေနဲ့တူတာဆိုလို့ ဘာမှမရှိ။ ကဲ... နောက်ဆုံးတော့ ကျွန်တော်က ခပ်ညံ့ညံ့ ဘဝသရုပ်ဖော်ဝတ္ထုထဲက စကားတွေ ပြောရတော့ ပေါ့ဗျာ။ သူ့ရွှေတွေအတုဖြစ်လဲ ကျွန်တော် ဂရုမစိုက်ကြောင်း၊ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို တကယ်ချစ်မိကာဖြစ်ကြောင်း...။ ကျွန်တော် သူ့ကို ရွှေရိုလို့ ချစ်တာမဟုတ်ကြောင်း .. ချစ်ခြင်းမေတ္တာဟာ သူနဲ့ ကျွန်တော်ကြားမှာ ဖြူစင်သန့်ရှင်းစွာရှိကြောင်း...ပေါ့ဗျာ။ ကိုယ့်လူရေ တော်တော်ပင်ပန်းတာပဲ။

အဲဒီအဖြစ် ဖြစ်ပြီးတဲ့နောက်ပိုင်းမှာ ကျွန်တော် သူ့မျက်လုံးတွေဟာ ဘာခံစားမှုမှ မရှိဘူးဆိုတာကို ပိုသတိထားဖြစ်သွားတာ။ အဲဒီအကြောင်းတွေ သူ့ကိုပြောပြတော့လည်း သူ့မျက်နှာက ဘာမှ မပြောင်းလဲပါဘူး။ သူ့ကို ပြောနေတာဆိုတာတောင် သိရဲ့လား မသိဘူး။ ကျွန်တော်ကလည်း ရယ်မောပြီး ပြောတာပါ။ ကျွန်တော် ပြောလွန်းမက ပြောတော့မှ သူက 'အစစ်ပါ' လို့ တစ်ခွန်းပဲ ပြောတယ်။ ဒါနဲ့ပဲ ကျွန်တော်လည်း ဆက်မပြောတော့ဘူး။

နောက်တစ်ကြိမ် သူ့မျက်ဝန်းတွေကို ကျွန်တော်သတိထားမိသွားတာက နမ်းတုန်းမှာဗျ။ ကိုယ့်လူရာ... ကျွန်တော် သူ့ကို တစ်ခါပဲ နမ်းဖူးတာပါ။ နမ်းတာကလည်း တကယ်ကို ယုယုယယ မြတ်မြတ်နိုးနိုးနမ်းတာပါ။ ကျွန်တော့်လိုပုံစံမျိုးက ဒီလောက်အိနေမိနေတဲ့ မိန်းကလေးတစ်ယောက်ကိုနမ်းတာ ဘယ်မှာ မယုယ မမြတ်နိုးပဲ နေမှာလဲ။ ရင်တွေကလည်း ခုန်လိုက်တာ သေမတတ်ပါပဲ။ သူ့ကိုနမ်းပြီးလို့ မြတ်နိုးယုယစိတ်အပြည့်နဲ့ ကြည့်လိုက်တော့ သူ့မျက်လုံးတွေမှာ ဘာမှ မရှိဘူးခင်ဗျ။ ဘာမှ ထည့်မထားတဲ့ ခွက်တစ်ခွက်လိုပဲ...။

ကျွန်တော့်တစ်ကိုယ်လုံး တွန်းထိုးစီးဆင်းနေတဲ့ နှလုံးက သွေးတွေတောင် ဝေ့လည်ကြောင်ပတ်ဖြစ်ကုန်တယ်။ သူက ကျွန်တော့်ကို အဲဒီမျက်လုံးတွေနဲ့ပဲ ကြည့်နေတယ်။ တကယ်ဆို သူ့ပါးက ပန်းနုရောင်၊ သူ့မျက်ဝန်းမှာ ဒေါသ... ရှက်စိတ် နှုတ်ခမ်းတွေကဆို တုန်ယင်လို့ ဖြစ်နေ





ရမှာ မဟုတ်ဘူးလား။ မဟုတ်ဘူး ကိုယ့်ဆရာရေ အေးအေးဆေးဆေးပဲ။

"ထပ်နမ်းဦးမှာနော်"... လို့ ကျွန်တော်ပြောတော့လည်း သိပ်မတုန်လှုပ်ဘူး။ "သဘောပဲ" တဲ့။ သေရောဗျာ။ ဒါနဲ့ နောက်တော့ ကျွန်တော်လည်း မနမ်းဖြစ်တော့ပါဘူး။ သူ့မျက်ဝန်းတွေကိုတော့ နည်းနည်းစိုးရိမ်စိတ် ဝင်လာတယ်။ ဘာလဲပေါ့။ ဒါပေမဲ့... ဂရုပါပဲ။ ပြီးတော့ မေ့သွားတယ်။ ဒီလိုနေကြ... ထိုင်ကြတာပါပဲ။

သူနဲ့ ကျွန်တော် ရည်းစားဖြစ်တဲ့ ဇာတ်လမ်းကလည်း တော်တော်စိတ်ပျက်ဖို့ကောင်းတယ်။ ပြန်ပြောပြရမှာ ခလှည့်အပြောင်းမရှိလို့။ ခပ်တုံးတုံးဗျ။ ကိုရုပ်ဆိုးနဲ့ မရုပဆိုလို့ သနားစရာ... အံ့ဩစရာ... ကရုဏာသက်စရာလေးတွေနဲ့ မထင်နဲ့။ တကယ်ခလကားပဲ။

တစ်နေ့ ကျွန်တော် ကဲန်တင်းမှာဆိုင်တော့ သူနဲ့ တစ်စားပွဲထဲကျတယ်။ ဒါလည်း လက်တွေ့ပြီးစ ထမင်းစားကြိုဆင်းတတ်တဲ့ကျောင်းထဲမှာ ဖြစ်နေကျပါ။ ကျွန်တော်ဝင်ထိုင်ရင်း လွယ်အိတ်ကို ရင်ခွင်ထဲ ရမ်းပြီး ထည့်လိုက်တာ။ ကျွန်တော့်လွယ်အိတ်က သူစားနေတဲ့ ခေါက်ဆွဲကြော်ပန်းကန်ထဲက ဇွန်းကို ရိုက်မိပြီး ပြုတ်ကျသွားတယ်ဗျာ။ ကျွန်တော် မြန်မြန် တောင်းပန်ရင်း သူ့ဇွန်းကိုကောက်ပြီး စားပွဲထိုးကို ဇွန်းလဲခိုင်းလိုက်တယ်။ ပြီးတော့ သူနဲ့ ကျွန်တော် စကားနည်းနည်းပြောတယ်။ အလွှာတူ သူလွှာပပါ။

နောက်လေးငါးရက်ကြာတော့ တစ်ခါထပ်တွေ့တယ်။ သူက "လာထိုင်လေ" တဲ့။ သူ့ဘေးမှာ မိတ်ဆွေသူငယ်ချင်းမပါပါဘူး။ အဲဒီအချိန်က ကျောင်းဆင်းချိန် ညနေခင်ဗျာ။ ကျွန်တော်လည်း လက်ဖက်ရည်တစ်ခွက်



www.burmeseclassic.com

www.burmeseclassic.com



ဆလာက် မပြန်ခင်သောက်ဖို့ ဝင်တာ။ ဟိုဟိုဒီဒီပြောရင်းနဲ့ သူနဲ့ ကျွန်တော် အတူတူ မာလာထိပ်ကနေ ကားစီးကြတယ်။ နောက်နေ့တွေ ထပ်တွေ့တော့ မိတ်ဆွေဖြစ်တယ်။ ထူးခြားတာက သူ့မှာ မိတ်ဆွေသူငယ်ချင်း မရှိဘူးခင်ဗျ။ သူနဲ့ ကျွန်တော်ကလဲ စကားတွေအများကြီး မပြောဖြစ်ပါဘူး။ ကျောင်းစာအကြောင်း ဘာအကြောင်းလောက်ပါ။

ဆယ်ရက်လောက်နေတော့ ကျွန်တော် မခံနိုင်တော့ဘူး။ သူက သိပ်လှတာကိုးဗျ။ ဒီတော့ ဖွင့်ပြောတာလဲ ခက်ခက်ခဲခဲမဟုတ်ပါဘူး။ သူ့လို သိပ်ချောသိပ်လှ သိပ်ထော်တဲ့မိန်းကလေးတစ်ယောက်ကို ကျွန်တော့်လို ငမွဲ ကိုရုပ်ဆိုးက ဖွင့်ပြောတာ အရှုံးမရှိဘူး။ ပြန်မချစ်လဲ တောင်အီအီ မြောက်အီအီဖြစ်နေစရာ မလိုဘူး။ အစကတည်းက ဖြစ်မှ မဖြစ်နိုင်တဲ့ဟာ။ အဲဒီလို အရှုံးမရှိတဲ့စိတ်နဲ့ ပြောကြည့်တာပါ။

ကိုယ့်လူရေ… သူက စဉ်းတောင်မှ မစဉ်းစားဘူး။ နည်းနည်းပြုံးပြီး ဆယ်မိနစ်လောက်တိတ်နေတယ်။ ပြီးတော့ ကျွန်တော့လက်ကို လှမ်းကိုင်ပြီး "ချစ်တယ်" တဲ့။ အဲဒီမှာ ကျွန်တော် ထရူးတော့တာပဲ။ တလောကလုံးကို ဘာလုပ်ရမှန်း မသိတော့ဘူးဗျာ။ ဘာတွေဖြစ်ကုန်မှန်းလဲ မသိဘူး။ အမှန်တော့ မရနိုင်ဘူးဆိုပြီး ပါးစပ်အရသာခံပြီး ပြောတဲ့အဆင့်ပဲ ရှိတာ။ 'ချစ်တယ်' ဆိုတော့ သေရောပေါ့။ ဒါတွေ ကျွန်တော်ပြောပြတော့ ရိုင်းတယ်လို့ မထင်ပါနဲ့ ကိုယ့်လူရာ။ သူနဲ့ ကျွန်တော်က သိပ်ကွာလွန်းတော့ ဒီလိုအတွေးနဲ့ ပြောခဲ့တာဆိုတာကို ရိုးရိုးသားသားပြောပြတာပါ။ ချစ်သူတွေဖြစ်တော့လည်း သူ့ကို ကျွန်တော် ဖြူစင်ရိုးသား မွန်းနစ်စွာ ချစ်တာပါပဲ။





အခုလည်း ကျွန်တော် သူ့အိမ်ကိုလာတာ။ သူက ချိန်းလို့ခင်ဗျ။

ကျောင်းတွေပြီးပြီ (စာမေးပွဲဖြေပြီးတာ) ဘာလုပ်ကြမှာလဲ။ လက်ထပ်ကြမယ်ဆိုတော့ သူက သူ့အိမ်ကို လာခဲ့ပါတဲ့။ သူ့မိဘတွေနဲ့ တွေ့ရမယ်ပေါ့လေ။ အဲဒါကြောင့် ကျွန်တော် မတုန်မလှုပ်ပဲ သိပ်မပြုံးပဲ အေးအေးဆေးဆေးလာနိုင်တာကို ကျေနပ်နေခဲ့တာပေါ့။

သူ ကျွန်တော့်ကိုပေးထားတဲ့ လိပ်စာက ဆေးရုံတစ်ခု လိပ်စာဗျ။ သူနဲ့ ကျွန်တော် ချစ်သူသာဖြစ်တာ။ သူ့အိမ်ကို ကျွန်တော်မသိဘူး။ မေးလဲ မမေးမိပါဘူး။ အခုမှ သိတာ။ ဘတ်စ်ကားပေါ်က ဆင်းပြီး ဆေးရုံရှိတဲ့နေရာကို ကျွန်တော် လျှောက်လာတယ်။ သူ့မိဘတွေက ဆရာဝန်အုပ်ကြီးတွေလားလို့ ရောက်မိရောက်ရာ တွေးမိသေးတယ်။ ကိစ္စမရှိပါဘူး။ သူ ကျွန်တော့်ကိုချစ်တယ်ဆိုတာ ကျွန်တော် ယုံပါတယ်။ သူ့ဘက်က သေချာလို့သာ ကျွန်တော့်ကို ခေါ်တာပေါ့။

ဆေးရုံအဆောက်အဦးကို လှမ်းမြင်ရတော့ ကျွန်တော့်စိတ်ထဲမှာ မှိုင်းကနဲ ဖြစ်သွားတယ်။ ဆေးရုံတို့ ဘာတို့ဆိုတာ ကျွန်တော်မသွားဖူးတဲ့နေရာ။ နောက်ပြီး ဆေးရုံဆိုတဲ့ စကားလုံးကိုက ကျွန်တော်တို့လို လူတွေကို ခြောက်လှန့်နေသလိုပဲ။ သူပေးထားတဲ့လိပ်စာကို အိတ်ထဲက ပြန်ထုတ်ကြည့်တော့ (20/F) တဲ့။ ဆေးရုံဝန်း… တဲ့။

ဆေးရုံဝန်းထဲရောက်တော့ ရနံ့တစ်မျိုးကို ရတယ်။ ဘာနံ့လို့ ကျွန်တော်မပြောတတ်ဘူး၊ ဆေးရုံနံ့ပေါ့လေ။ ဘာကြောင့်မှန်းတော့ မသိဘူး။ ကျွန်တော် ခြေလှမ်းကို ခပ်သွက်သွက်လှမ်းမိတယ်။ ကျွန်တော့်နံဘေးက မိန်းမကြီးတစ်ယောက် လှည်းတစ်စင်းကို တရှောင်းရှောင်းနဲ့ တွန်း



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားတယ်။ ကျွန်တော်ကလည်း ကျွန်တော်ပဲဗျာ။ လှည်းထဲကို သွားကြည့်မိတယ်။ ပတ်တီးလိပ် သွေးစွန်းနေတာတွေ၊ ဆေးပုလင်းခေါင်းပြတ်တွေ။ ပလာစတာတွေ...။

ကျွန်တော် နည်းနည်းစိတ်ညစ်သွားတယ်။ ချစ်သူနဲ့ လက်ထပ်ဖို့ကိစ္စလာပြောတဲ့ လူတစ်ယောက်အနေနဲ့ ဒါတွေကို မမြင်ချင်ဘူးပေါ့ဗျာ။ စိတ်ထဲမှာတော့ ရီတီတီဖြစ်သွားတာပေါ့။ ဒါနဲ့ ကျွန်တော်လဲ အဲဒီမိန်းမကြီးကိုပဲ သူ့လိပ်စာမေးတော့ ဆေးရုံနောက်ဘက်မှာတဲ့။

ကျွန်တော် ဆက်လျှောက်လာရင်း သံမံတလင်းခင်းပြီး သွပ်မိုးထားတဲ့ အဆောက်အဦးလေးရှေ့ကို ရောက်လာတယ်။ အကာအရံတွေတော့ မရှိဘူး။ လူအယောက် (၂၀) လောက်လဲ အုံလို့။ ဘာပါလိမ့်ပေါ့။ ကျွန်တော် စူးစမ်းစိတ်နဲ့ လှမ်းကြည့်တုန်း လူအုပ်ထဲက စူးစူးဝါးဝါးအော်ငိုသံကြီး ထွက်လာတယ်။ ကြားရတာ ကြောက်စရာကြီးဗျာ။ သူ့အော်ငိုသံက ချက်ချင်း လူတစ်ယောက်ရင်ထဲကို ထိတ်လန့်ဝမ်းနည်းသွားနိုင်လောက်တဲ့ အသံမျိုး။ အုံနေတဲ့လူတွေ နည်းနည်းကွဲသွားပြီး ကောင်မလေးတစ်ယောက်ရဲ့ရင်ဘတ်ကို လုံချည်နဲ့ အတင်းစည်းပေးနေကြတာ။

မိန်းမကြီးတစ်ယောက်က သံခုတင်ပေါ်မှာ အင်္ကျီလုံချည်အသစ်နဲ့ လဲလျောင်းနေတဲ့ လူကြီးတစ်ယောက်မျက်နှာကို မိတ်ကပ်လိမ်းပေးနေတာခင်ဗျ။ ခေါင်းရင်းမှာလည်း အမွှေးတိုင်တွေထွန်းလို့ ခုတင်ခြေရင်းမှာက ပန်းခွေကြီးနဲ့ ဘာပြောကောင်းမလဲ ကိုယ့်လူရေ... ကျွန်တော်လဲ တကြိုးထဲ လစ်တော့တာပဲ။ ရင်ထဲမှာ ဘာတွေဖြစ်ကုန်မှန်း မသိဘူးဗျာ... ကတုန်ကယင်နဲ့။





ခုနက မိန်းမကြီးညွှန်လိုက်တဲ့ ဆေးရုံနောက်ဘက်ကို ကမန်းကတမ်းလာရတယ်။ ကွန်ကရစ်လမ်းကလေးကို ကွေ့လိုက်တော့ တိုက်တန်းလျားကြီးကို လှမ်းမြင်ရတယ်။ အံမယ်... တိုက်တန်းလျားတွေရှေ့မှာလည်း လူတွေအုံလို့ ကိုယ့်လူရေ လူအုံတယ်ဆိုင်ပဲ ကျွန်တော် တော်တော်လန့်နေပြီ။ ဒါပေမဲ့ အုံနေတဲ့လူတွေထဲကနေပြီး တတိန်တိန်နဲ့ ဗုံစမ်းသံကြားရတော့မှ အသက်ရှူချောင်သွားတယ်။ ဒါ... နတ်ကနားပေးနေတာကိုးဗျ။ နတ်ဆိုင်းသံ၊ နတ်ကသံတွေကြားထဲမှာ မိန်းကလေးတစ်ယောက်ကို လက်ဆက်ဖို့ ဆွေးနွေးရမယ်ဆိုတာတော့... တော်တော်မနိပ်တာပဲလို့ တွေးရင်း ကျွန်တော် လူအုပ်ကြီးနားကို ရောက်လာတယ်။ လူမအုံတဲ့နေရာတွေနောက်က အိမ်တွေကိုကြည့်ပြီး လိပ်စာရှာရတယ်။ တန်းလျားဆိုတော့ အိမ်နံပါတ်တွေကို အဝင်တံခါးဝပေါ်မှာ ရေးထားပါတယ်။

20/A, 120/ B စသည်ဖြင့်ပေါ့။ ကျွန်တော်ရှာတဲ့ အိမ်နံပါတ်က လူအုပ်ကြီးထဲမှာ ပျောက်သွားတာကိုး။ ကျွန်တော် တော်တော်စိတ်ပျက်သွားတယ်ဗျာ။ ဘာပဲဖြစ်ဖြစ် ကျွန်တော် ဒီလူအုပ်ကြီးကိုတိုးဝှေ့ပြီး သူ့အိမ်ကို သွားရတော့မှာ။

ကျွန်တော်ကလည်း လူတစ်မျိုးဗျ။ လူအုပ်တွေ ဘာတွေထဲကို တိုးရမှာကို တော်တော်ဝန်လေးတတ်တယ်။ လူအုပ်ထဲရောက်သွားရင် တစ်မျိုးပဲဗျာ။ မလွတ်လပ်တော့သလို အသက်ရှူမဝတော့သလိုပဲ။ ကိုယ့်လူတော့ ကြုံဖူးမလား မသိဘူး။

ဒါနဲ့ လူအုပ်ထိပ်မှာ ခဏရပ်ပြီး ကျွန်တော်စဉ်းစားတယ်။ သူ့အိမ်ကို မသွားဘဲ လှည့်ပြန်တော့မလားလို့ကို ကျွန်တော် တွေးမိလိုက်သေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးကျတော့ ကျွန်တော့်ဘဝအတွက် အရေးကြီးတဲ့ကိစ္စမို့ ဝင်ဖို့ ဆုံးဖြတ်လိုက်တယ်။ ဘုရားစူး မိုးကြိုးကို ပစ်ဗျာ။ တခြားကိစ္စသာဆို ကျွန်တော် ကျိန်းသေလှည့်ကိုပြန်တယ်။

ကျွန်တော်လည်း လူကြားထဲလည်းရောက်ရော ပတ်မစုံချပြီး ဆိုင်းက တီးရောဗျို့။ ရုတ်တရက် ထင်မထားတော့ လန့်လိုက်တာ ကိုယ့်လူရာ… ပြောမနေနဲ့တော့။ ဒါပေမဲ့ ဘာကြောင့်မှန်း မသိဘူးဗျ။ ဆိုင်းသံလည်း ကြားရော ရှေ့ကိုတိုးပြီးကြည့်ချင်လာတာပဲ။ လူအုပ်ကြားထဲ ညှပ်မနေ ချင်တာလည်း ပါတာပေါ့လေ။

ရှေ့ဆုံးကိုရောက်သွားတော့ တန်းလျားရှေ့ ကြပ်ကြပ်တည်းတည်း နေရာကလေးမှာ လုပ်ထားတဲ့ နတ်ကန္နားပွဲကို တွေ့ရတာပဲ။ နတ်ရုပ်တွေ ကလည်း မနည်းဘူး ကိုယ့်လူရေ။ အုန်းပွဲ၊ ငှက်ပျောပွဲ၊ ဖယောင်းတိုင် တွေ၊ အမွှေးတိုင်တွေ၊ ကြံစည်းကြိုးတွေ အများကြီးပဲ။ လူတွေ ထိုင်နေကြ တာလည်း အများကြီးပဲ။ ဆိုင်းဝိုင်းကိုလည်း ဒီနေရာကျဉ်းကျဉ်းကလေးမှာ ဆင်ထားတာဗျ။ အားလုံး ကြပ်ညပ်နေတာပဲ။

ဆိုင်းက မြူးနေရာကနေ သော့ပြီးတီးနေတယ်။ နတ်စင်ရှေ့မှာ အသက် ၅၀ လောက်ရှိတဲ့ လူကြီးတစ်ယောက်ခင်ဗျ။ အံမယ် မိတ်ကပ် တွေ ဘာတွေလိမ်းလို့။ နန်းဝတ်နန်းစားနဲ့ မျက်နှာမှာ ထူထူလိမ်းထားတဲ့ မိတ် ကပ်ထဲက ချွေးဥကြီးတွေက တိုးထွက်လို့… တော်တော်ကြည့်ရဆိုး မလိုက်ဖက်ဘူး ဖြစ်နေတယ်။ ကျွန်တော်ကလည်း ယောကျ်ားရင့်မကြီးတွေ မိတ်ကပ်လိမ်းတာတွေ့ရင် အလွန်မုန်း။ အသက်ကြီးကြီးဆိုတော့ ပိုဆိုးတာ ပေါ့ဗျာ။





သူ့နန်းဝတ်နန်းစားကို သ,ရင်း လက်အုပ်ချီအာရုံပြုနေတယ်။ ကျွန်တော်လည်း လာရင်းကိစ္စကို ခဏမေ့ပြီး လျှောက်ကြည့်တော့ တန်းလျား ရှေ့ ကော်ရစ်တာနားမှာ မိတ်ကပ်ခြယ်သထားတဲ့ မိန်းကလေးတစ်ယောက် ထိုင်နေတယ်။ ငြိမ်ငြိမ်သက်သက်ပဲ။

သူတို့ကိုကြည့်ရင်း ကျွန်တော် ရုတ်တရက် ထအော်မိတော့မလို့။ အမြန် အသိစိတ်ကို ထိန်းရတယ်။ အဲဒီလိုထိုင်နေတဲ့အထဲမှာ ကျွန်တော့် ချစ်သူပါ ပါနေတာကိုး။ ကျွန်တော့်အသိစိတ်ကနေလွှတ်ပြီး တအံ့တသြ ေးနေမိတယ်။ ဘယ့်နှယ် ကျွန်တော့်ကို သူ့မိဘတွေနဲ့ချိန်းပြီး သူက ာဖြစ်လို့ နတ်ဝင်က,နေရတာလဲ။

အဲဒီအချိန်မှာ သူမော့အကြည့် ကျွန်တော့်ကို တွေ့သွားပါတယ်။ သူ့မျက်ဝန်းတွေက ထုံးစံအတိုင်းပဲ ကျွန်တော့်ကို နှုတ်ခမ်းတွန့်ပြုံးပြပြီး ခေါင်းပြန်ငုံ့သွားတယ်။

အဲဒီအချိန်မှာ ခုနက မိတ်ကပ်တွေလူးထားတဲ့လူကြီးက လှမ်းခေါ် တယ်။ သူရော နဘေးက ကလေးမသုံးယောက်ပါ ထလာကြပြီး ဆိုင်းဝိုင်း ားက နတ်စင်ရှေ့မှာရပ်တယ်။ နောက်က လူတွေတိုးလွန်းလို့ ကျွန်တော် ည်း နတ်စင်ကြီးထောင့်က ထောင်ထားတဲ့ ငှက်ပျောပင်ပျက်ကြီးဆောကို ှက်သွားတယ်။ သူ့ကိုမြင်ရအောင် ရှေ့က ငှက်ပျောရွက်ကြီးကို ဖယ် းရတယ်ဗျာ။ တော်တော်စိတ်ပျက်ဖို့ ကောင်းတယ်။ သူ ဘာတွေလျှောက် ်နေတာလဲ။

ဒါပေမယ့် ကိုယ့်လူကို မြင်စေချင်တယ်ဗျာ။ မင်းသမီးလို နန်းဝတ် ်းစားနဲ့ သူနဲ့ သိပ်လိုက်တာပဲ။ တော်တော့်ကို ကြည့်လို့ကောင်းတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုယ်လုံးကိုယ်ပေါက်က မင်းသမီးအင်္ကျီထဲမှာ တော်တော်ကို ပုံစံကျတာပဲ။ မိတ်ကပ်လည်း နည်းနည်းပြင်ထားတော့ အရမ်းကို လှနေတာ။

သူကတော့ ကျွန်တော့်ကို မကြည့်ပါဘူး။ ခေါင်းကိုငုံ့ပြီး လက်ထဲမှာ အောင်သပြေပန်းကို ဘုရားရှိခိုးဟန်နဲ့ ကိုင်ထားတယ်။ မိန်းမကြီးတစ်ယောက်က အပြာရောင်ပဝါတစ်ထည်ကို သူ့ရင်ညွှန့်မှာ လာစည်းပေးတယ်။ အားလုံးပြင်ဆင်ပြီးတော့ သူတို့ရှေ့ကို ခုနက မိတ်ကပ်တွေလိမ်းထားတဲ့ လူကြီးက တက်လာပြီး ရပ်တယ်ဗျ။ သူတို့ကို နောက်လှည့်ပြီး စကားသုံးလေးခွန်းပြောပြီး ရှေ့ပြန်လှည့်ပြီး မတ်တတ်ရပ်လျက် လက်အုပ်တွေချီထားကြတယ်။

အဲဒီအချိန်မှာ ဆိုင်းသံက စုပြုံပြီး ကျလာတာဗျာ မပြောနဲ့တော့။

ရှေ့ဆုံးက လူကြီးလက်ထဲက ပန်းတွေက တဆတ်ဆတ်တုန်လို့ဗျ။ သိပ်မကြာဘူး။ သူတို့လည်း တုန်လာကြတာပဲ။ ဆိုင်းဝိုင်းထဲက လူတွေက အားလုံးစုပြီး ဟေးလား ဟားဟားလို့ အသံကုန်အော်ကြတာ။

အော်သံလည်းဆုံးရော အားလုံး ခုန်ပေါက်နေကြတာ ကွက်တိပဲဗျို့။ ဟာ ကျွန်တော့်ချစ်သူက အဆိုးဆုံးလို့ ကျွန်တော်ထင်တယ်။ လက်ထဲက သပြေပန်းတွေကို နှစ်စုခွဲပြီး မြှောက်မြှောက်ခုန်တာခင်ဗျ။ ပြီးတော့ သူ ဝတ်ထားတဲ့ တစ်ကျွန်း အနားပါပုဆိုးကို ဝဲကနဲ နေအောင် ခြေခတ်ပြီး က,တာဗျာ။ ကျွန်တော် အသက်ရှူဖို့တောင် မေ့သလိုဖြစ်ပြီး ငေးနေမိတာ။ သူ့ရင်ဘတ်ကိုလဲ လက်ထဲက သပြေပန်းတွေနဲ့ ရိုက်လိုက်တာ။

ကျွန်တော်အံ့သြရဆုံးက ကျွန်တော့်ချစ်သူရဲ့ မျက်လုံးတွေပါ။ မျက်လုံးတွေက ကျွန်တော် သူ့ကို တစ်သက်လုံးမြင်ထားတဲ့ ဗလာမျက်လုံး





တွေ မဟုတ်တော့ဘူး။ ရွှန်းနေလဲ့နေ တောက်ပနေလိုက်တာဗျာ။ သူ့အလှ သူ့ဟန်၊ သူ့ဘဝကို အခုမှ ရသလိုမျိုးပဲ။ သူဟာ အခုမှ သူဖြစ်သွားတယ်။ ပြောလို့မရအောင် အရမ်းလှသွားတယ်။ သူ့မှာ အရင်အမြဲရှိနေတဲ့ ငြိမ်သက်မှု၊ စိုးရွံ့မှု၊ မဝံ့မရဲဖြစ်မှုတွေ ဘာမှမရှိတော့တာ။

"ဘုန်း… ဘုန်း… ဘုန်းတန်ထွန်း… တေဇာ၊ ဖြာရောင်… လင်းပါလို့… မင်း… မင်း… ထိပ်ခေါင်ဇွေ…"

သီချင်းနဲ့ ဆိုင်းသံနဲ့ သူနတ်ဝင်ပြီး က,တာ တော်တော်ကြည့်လို့ကောင်းတယ်။ ဒါပေမဲ့ သူ နတ်မဝင်ဘူးဆိုတာ ကျွန်တော်သိပါတယ်။ သူ ကျွန်တော့်ကိုကြည့်တဲ့ အကြည့်ကို ကျွန်တော်သိတာပေါ့။ ဒါပေမဲ့ သူဟာ ကျွန်တော်နဲ့ တစ်နှစ်လုံးချစ်ခဲ့တဲ့ ချစ်သူနဲ့ မတူတာလဲ အမှန်ပဲ။ သူ့မျက်လုံးတွေ အပြုံးတွေက လက်ခနဲ လက်ခနဲ။ သူ့အကြည့်တွေဟာ ဓားနနဲ့ စူးခနဲ။

"ကိုယ်တော်ကြီး ပျော်တော်မူရဲ့လား… ကျေနပ်ရဲ့လားဘုရား"

"ပျော်တယ်… ကိုယ်တော်ကြီးပျော်တယ်၊ ကျေလဲ ကျေနပ်ပါတယ်"

သူ့ကိုလာမေးတဲ့ မိန်းမကြီးကို မေးတဆတ်ဆတ်ငြိမ့်ရင်း ပြုံးရင်း သူဖြေပုံဟာ တော်တော်ကိုအားပါပါတယ်။ ကျွန်တော် သူ့ဆီမှာ အဲဒီလို မျက်လုံးပုံစံမျိုး တစ်ခါမှ မတွေ့ဖူးဘူး။ သူ ဘာ့ကြောင့် ဒီလောက်ပြောင်းလဲသွားတာလဲ။

အဲဒီအချိန်မှာ ထဘီအနီ၊ အပြာနပ်(စ်) မတွေ သူ့အနားကို လက်အုပ်ချီပြီး ရိုရိုသေသေကပ်သွားကြတာ တွေ့ရတယ်။ သူကလည်း တပြုံးပြုံးနဲ့။ ကျွန်တော်ကြည့်နေတုန်းမှာပဲဗျာ။ သူ့လက်ထဲကို ဘယ်သူက ထည့်ပေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ် မသိဘူး။ ငါးရာတန်တွေ အဲဒီ ငါးရာတန်အုပ်ကို ကျွန်တော် ရှိတဲ့ဘက်ကို လှမ်းကျဲလိုက်တာ... ဘာပြောကောင်းမလဲ။ လူတွေ လုကြ တာပေါ့။ တွန်းကြ ထိုးကြ ရမ်းကြ ဆွဲကြ။ ကျွန်တော်ဟာ ကျွဲတွေကြားက ငှက်ပျောပင်လို ယိုင်ထိုးပြီး ကံကောင်းလို့ မလဲတယ် ကိုယ့်လူရေ။

ကျွန်တော် တော်တော်ဒေါသထွက်ပြီး သူ့ကိုလှမ်းကြည့်တော့ သူက ပြုံးပြတယ်။ ဘာ့ကြောင့်မှန်းတော့ မသိဘူး။ အဲဒီအပြုံးကို မြင်ရတော့ ကျွန်တော် သူ့ကို စိတ်ကုန်သွားတယ်ဗျာ။ ကျွန်တော် ခပ်မာမာ တစ်ချက် စိုက်ကြည့်ပြီး လူတွေကြားထဲက တိုးထွက်ဖို့ ဟန်ပြင်တော့ ကနေရင် သူ့မျက်နှာတစ်ချက်ပျက်သွားတာ တွေ့ခဲ့တယ်။

အပြင်ရောက်တော့ ဘာလုပ်ရမှန်း မသိတော့ဘူး။ ကျွန်တော် တော်တော်မောပြီး ဘာကိုမှန်းမသိ။ ဒေါကန်နေတယ်။ မိုးကလည်း နည်း နည်းညိုလာသလိုပဲ။ ဘာလုပ်ရမှန်း မသိတာနဲ့ စီးကရက်တစ်လိပ်ထုတ်ပြီး မီးညှိတယ်။ မီးခြစ်က မီးတောက်ကိုမြင်တော့ တစ်ခါမှ မကြုံဖူးတဲ့အပြုံးနဲ့ ပြုံးတဲ့ သူ့နှုတ်ခမ်းကို သွားသတိရမိသေးတယ်။

"အစ်ကို မီးခြစ်ခဏ"

လူတစ်ယောက်က ဆေးပေါ့လိပ်ကလေးကိုင်ပြီး မီးခြစ်ကို ရှိ သေသေနဲ့ ငှားတယ်။ မိုးလေအေးတစ်ချက်ဝှေ့တော့ ဒီလူ မီးခြစ် ခြစ်မ လို့ ကျွန်တော်ပါ ဝင်ကူကာပေးရတယ်။ မီးခြစ်ပြန်ပေးတော့ ဒီလူက ပြုံး ပြတယ်။ ဒီလိုပဲလေ မီးတစ်တို့နဲ့ မိတ်ဆွေခဏပေါ့။

"နတ်ကန္နားပွဲကတော့ စံပဲနော်၊ ငွေကို ရေရေလည်လည်သုံးတာ တွေ့လိုက်လား၊ ငါးရာတန်တွေ"





"အေးဗျာ လုကြတာ စိတ်ညစ်တာနဲ့ ထွက်လာတာ"

"မိုးရွာရင်လည်း ဆက်ကတာပဲဗျ၊ လူတွေကလည်း မပြောဘူး၊ ပိုက်ဆံကျဲတာကိုး၊ တစ်ခါဝင်ရင် တစ်ယောက်ကို သုံးလေးသောင်း ကျဲတာဗျ"

"ဟုတ်လား အံ့သြစရာပဲ၊ ဘယ်သူတွေက ကျဲဖို့ ပေးတာလဲ"

"သူတို့ပဲလေ ဒီတန်းလျားကလူတွေပဲ၊ သူတို့တွေက အလောင်းရင်ခွဲတဲ့သူတွေ၊ မိတ်ကပ်ပြင်တဲ့သူတွေလေ၊ တစ်လကို နှစ်ခါလောက် အမြဲနတ်ကန္နားပေးတာ၊ ဘယ်လိုဝါသနာလဲ မသိပါဘူးဗျာ"

ကိုယ့်လူရေ စကားဆုံးတော့ ကျွန်တော် ပါးစပ်အဟောင်းသားနဲ့ဗျ။ သူ့မျက်ဝန်းတွေကို သတိရပြီး အရေးတကြီး လူအုပ်ထဲ ပြန်ဝင်တိုးရတာ။

"ခါးစည်းငယ်မှ... ဝေ... သီ... လေ... ကြော့ရှင်းလွန်းသည်၊ တစ်ကျွန်းတင့်နိုး... ဆင့်ပုဆိုးမှာ ပိုးထဘီနဲ့... လေး... လေး... လေး"

သူ့မျက်လုံးတွေ ဝင်းကနဲလက်နေတာပဲ။ နှုတ်ခမ်းတွေကလဲ အစွမ်းကုန် လှပစွာပြုံးနေတာပဲ။ သူ့ဆီမှာ အရင်တုန်းကလို မျက်လုံးတွေ မရှိတော့ဘူး။ ဟုတ်တယ်လေ။ သူဟာ သူ အမြဲတမ်းသိမ်ငယ်နေရတဲ့ သူမှ မဟုတ်တော့တာ။ ကျွန်တော့်ချစ်သူမှ မဟုတ်တော့တာ။ သူက နတ် ဝင်သည်ပဲ ကိုယ့်လူရေ...။

❑



www.burmeseclassic.com

www.burmeseclassic.com







# တစ်သုံးခွန်ရှစ်



www.burmeseclassic.com

www.burmeseclassic.com



လက်တွေ့ခန်းကို ကြီးကြပ်ရတဲ့ဆရာမက ကျောက်သင်ပုန်းအစိမ်းမှာ ရေးထားတဲ့ ခုံနံပါတ်တွေကိုကြည့်ပြီး Table ဆရာမကို တိုးတိုးမေးနေကတည်းက ဒီနေ့ လက်တွေ့ခန်းထဲက နောက်ဆုံးထွက်ရမယ့်ကျောင်းသားဟာ ကျွန်တော်ဖြစ်ပြီဆိုတာကို ကျွန်တော် သေသေချာချာကြီးကို သိသွားတယ်။

ဒါပေမယ့် မသိချင်ယောင်ဆောင်ပြီး ကျောက်သင်ပုန်းပေါ်မှာ ဆွဲထားတဲ့ ရှုပ်ထွေးနေတဲ့ ပန်းပွင့်တစ်ပွင့်ရဲ့ အလျားလိုက်ဖြတ်ပုံကို ဆွဲနေလိုက်တယ်။ မလွယ်ဘူးဗျာ... ရုက္ခဗေဒဘာသာရပ်ကို ယူလိုက်မိတာဟာ ကျွန်တော့်ကိုယ်ကျွန်တော် လေးနှစ်တိတိ ဒုက္ခပေးလိုက်တာပဲဆိုတာကို အစက မသိခဲ့ဘူး။ ကျွန်တော် ဆယ်တန်းကို ၁၉၈၄-၈၅ ခုနှစ်မှာ အောင်တာ။ ကျွန်တော့်ရမှတ်က သုံးရာရှစ်ဆယ့်လေးမှတ်။ အသက်မွေးဝမ်းကျောင်းဘာသာတစ်ခုကို မဝင်ပေမယ့် အဆိုးကြီးတော့ မဟုတ်ပါဘူး။ လျှောက်မယ်ဆို ဘူမိဗေဒတို့ ဘာတို့လောက်တော့ ဝင်နိုင်မယ်ထင်တာပဲ။ ဒါပေမယ့် ကျွန်တော်ဆိုတဲ့ကောင်ကလည်း ခပ်ရူးရူးမဟုတ်လား။ ဝင်ခွင့်လျှောက်လွှာကို လျှောက်ဖတ်ကြည့်တော့ ကျွန်တော့်အမှတ်ပတ်ဝန်းကျင်မှာ ဘာသာနှစ်ခု သွားတွေ့တယ်။ ရုက္ခဗေဒနဲ့ သတ္တဗေဒပါ။


ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com


ကျန်တဲ့ Maths, Physics နဲ့ Chemistry ဘာသာရပ်တွေက (၁၀) တန်းမှာ သင်ခဲ့ပြီးပြီ။ သူတို့ရဲ့သဘောတရားကို ကျွန်တော် အကြမ်းဖျဉ်းနားလည်ပြီ။ တက္ကသိုလ်မှာ ကျွန်တော်သင်ချင်တာက ကျွန်တော် လုံးဝ မသိရသေးတဲ့ ဘာသာရပ်မျိုးကို သင်ချင်တာ။ သူငယ်ချင်းတစ်ယောက်ကတော့ ဘူမိဗေဒလျှောက်ဖို့ အကြံပေးတယ်။ ကျွန်တော်မသိသေးတဲ့ ဘာသာရပ်ပေမယ့် ကျောက်တုံးတွေ၊ ကျောက်တောင်တွေ၊ မြေကြီးတွေအကြောင်းဆိုတာနဲ့ ကျွန်တော် စိတ်မဝင်စားခဲ့ဘူး။ ပျင်းတယ်ဗျာ။ ဘယ့်နှယ် မြေကြီးအကြောင်း သင်ရမှာဆိုတော့ ကိုယ့်လူပဲ တွေးကြည့်တော့။

သတ္တဗေဒကလည်း သတ္တဝါတွေအကြောင်းဆိုတော့ ကျွန်တော် စိတ်မဝင်စားပြန်ဘူး။ ဝက်တို့၊ ပုစွန်တို့၊ ဖားတို့၊ ငါးတို့ဆိုတာ စားဖို့ပဲ ကောင်းတာ သင်ဖို့၊ ကျက်ဖို့မကောင်းဘူးလို့ ကျွန်တော်ထင်တယ်။ ရုက္ခဗေဒကတော့ သစ်ပင်တွေအကြောင်းတဲ့။ ကျွန်တော် သစ်ပင်တွေ၊ ပန်းပွင့်တွေ အသီးအနှံတွေကို ချစ်တယ်ဗျာ။ သူတို့အကြောင်း သိရကြားရမှာ ဘယ်လောက် ပျော်စရာ ကောင်းမလဲ။ ဘယ်လောက် စိတ်ချမ်းသာစရာကောင်းမလဲ။ ကမ္ဘာကြီး စိမ်းလန်းဖို့ လိုတယ်မဟုတ်လား။ ဒါနဲ့ ကျွန်တော် ရုက္ခဗေဒကို လျှောက်လိုက်တာ။ ကျွန်တော့်မေဂျာကို ကျွန်တော်ချစ်ပုံက တစ်မျိုးဗျ။ နည်းနည်းတော့ ကြောင်တာပေါ့။

ပထမနှစ်မှာကတည်းက ကျွန်တော်မှားပြီဆိုတာ သိလိုက်ရတာ။ သစ်ပင်တွေဟာ တော်တော်ရှုပ်တာပဲဗျာ။ မျိုးစိတ်တွေ မျိုးပေါင်းတွေလည်း များပါ့။ သစ်ပင်ဆိုရင် အတူတူပဲထင်ခဲ့တာ သွားတာပဲ။ ကျက်ရမှတ်ရခက်တဲ့ နာမည်တွေ၊ မျိုးစိတ်တွေ၊ အသံထွက်တွေ၊ ဆွဲရရုပ်ထွေးတဲ့အပင်ရဲ့





သစ်ရည်ကြောတွေ၊ ရွက်ကြောတွေ။ ပန်းပွင့်နဲ့ အသီးတွေကလည်း ပြဿနာတစ်မျိုးပဲဗျ။ တော်တော်ကို ရှုပ်ထွေးတယ်။

တစ်သက်လုံး မကြည့်ဘဲ ကိုက်စားလာတဲ့ သခွားသီးကအစ ကျွန်တော့်အတွက် ပြဿနာဖြစ်နေတယ်။ ချဉ်ပေါင်ရွက်နဲ့ မန်ကျည်းရွက်ကလည်း ဒုက္ခပေးတယ်။ တရုတ်စကားပွင့်၊ ခွာညို၊ ခရေ၊ နှင်းဆီပန်းတွေက ကျွန်တော့်ကို အိပ်မက်ဆိုးတွေ မက်စေတော့တာပဲ။

ထမင်းစားဝိုင်းမှာ သခွားသီးကို ကိုင်ပြီး ငိုင်နေတဲ့ ကျွန်တော့်ကို အမေက မေးတယ်။ ဟဲ့… ရဲဝင်း နင် ဘာဖြစ်နေတာလဲ… တဲ့။ ကျွန်တော် ဘာမှပြန်မဖြေဘဲ လက်ထဲက သခွားသီးကို မုန်းမုန်းနဲ့ တအားဝါးစားပစ်လိုက်တယ်။ အမေက နားမလည်ပါဘူး။ သခွားသီးဟာ အသီးတွေထဲမှာ ရေဓာတ် 78.5% ပါတယ်ဆိုတာရော၊ သူ့အစေ့တည်ပုံက ချက်တိုင်ပတ်လည်နည်းဆိုတာရော၊ သခွားသီးဟာ သူ့ဆီမှာရှိနေတဲ့ ရေဓာတ်တွေကို ဘယ်လိုထိန်းသိမ်းတယ်ဆိုတာရော အမေ မသိပါဘူး။ သခွားသီးဆိုတာ ငယ်ငယ်ကလေးကတည်းက တစ်လုံးငါးပြားနဲ့ ဈေးထဲက ဝယ်လို့ရတဲ့ တို့စရာဆိုတာပဲ အမေသိတာပါ။

ကျွန်တော့်အဖေနဲ့ အမေက (၁၀) တန်းမအောင်ကြပါဘူး။ ဒီတော့ ကျွန်တော့်ကို နည်းနည်းအထင်ကြီးကြတယ်ပေါ့ဗျာ။ ဒါကြောင့် တက္ကသိုလ်မှာ သခွားသီးအကြောင်း သင်ရတာတို့၊ ချဉ်ပေါင်ရွက်၊ မုန်ညင်း၊ မန်ကျည်းရွက်တွေအကြောင်း သင်ရတာတို့ ကျွန်တော် ဘယ်တော့မှ မပြောဘူး။ အမေသိသွားရင် လန့်ပြီး အော်ချင်အော်မယ်။ ခွက်ထိုးခွက်လန် ရယ်ချင်ရင်လည်း ရယ်မှာပဲ။


www.burmeseclassic.com

www.burmeseclassic.com



ကုန်ကုန်ပြောမယ်ဗျာ။ ရက္ခဗေဒကြောင့် ကျွန်တော့်မှာ ရင်ခုန်တဲ့ သာယာမှုကလေးတောင် တစ်ခါ တစ်ခါ ပျက်ရတယ်။ ကောင်မလေးတွေ ပန်းတွေဘာတွေ ပန်လာတာတို့၊ ရင်ဘတ်မှာ ထိုးလာတာတို့တွေ့ရင် ကျွန်တော် မကြည်နူးမိဘဲ ချက်ချင်းစိတ်ရှုပ်သွားတော့တာပဲ။ အဲဒီပန်းပွင့်ဟာ ပွင့်ချပ် ဘယ်နှစ်ချပ်လဲ၊ ရွက်စွယ် ဘယ်နှစ်ခုလဲ၊ ပွင့်ဖတ်တွေတည်ပုံက စက်ဝိုင်းပုံလား၊ တစ်ခုခြားလား၊ အနားညီလား၊ အနားမညီလား … စသည်ဖြင့် သွားသွားတွေးနေမိတာကိုး …။

မိန်းကလေးတွေ ဆိုတာကလည်း ပန်းတစ်မျိုးမဟုတ် တစ်မျိုးတော့ ကြိုက်တတ်ကြတာပဲ။ ဘယ်ပန်းကိုမှ မကြိုက်ဘူးဆိုရင် သူတို့ကိုယ်သူတို့ နူးညံ့တဲ့၊ ဉာဏ်ရှိတဲ့မိန်းကလေး မဟုတ်တော့ဘူးလို့များ ထင်နေကြသလား မသိဘူး။ ကျွန်တော့်သူငယ်ချင်းတစ်ယောက်ကတော့ မိန်းကလေးတွေ ပန်းကြိုက်တယ်ဆိုတာ စိတ္တဗေဒနဲ့ ဆိုင်တယ်တဲ့။ သူတို့ကြိုက်တဲ့ ပန်းကိုကြည့်ပြီး သူတို့စိတ်အခြေအနေကို ခန့်မှန်းလို့ရသတဲ့။

ဥပမာ ခရေပန်းကိုကြိုက်ရင် အစွဲအလမ်းကြီးတယ်၊ အားငယ်တတ်တယ်၊ ခံစားချက် လျှို့ဝှက်တယ်ပေါ့ဗျာ။ နှင်းဆီကိုဆိုရင် ပြတ်သားတယ်၊ ရဲရင့်တယ်၊ ထက်မြက်တယ်ပေါ့။ ကိုယ်စိတ်ဝင်စားတဲ့ မိန်းကလေး နှစ်သက်တဲ့ပန်းကို ကြည့်ပြီး ဘယ်လိုဝင်ရမယ်ဆိုတာ တွေးလို့ရတယ်ပေါ့။ အလကားပါဗျာ … ကျွန်တော်ကတော့ မိန်းကလေးတွေဟာ သူတို့က နူးညံ့တဲ့သဘောထားရှိတာကို ပြချင်လို့၊ သူတို့စိတ်ကူးယဉ်တတ်တာကို သိသာအောင်လို့ ပန်းတစ်မျိုးမျိုးကို မဖြစ်မနေကြိုက်ထားတာလို့ပဲ ထင်တယ်။





ကျွန်တော်ကတော့ ရည်းစားထားရမယ်ဆိုရင် ဘယ်ပန်းမှ မကြိုက်တဲ့ မိန်းကလေးကိုပဲ ထားချင်တယ်။ ခရေပန်းကြိုက်တဲ့ မိန်းကလေးနဲ့ ရည်းစားဖြစ်ရင် ခရေပန်းဟာ ခြောက်သွေ့သွားတဲ့အထိ မွှေးတာ သူ့စွာကြီးလို့ မဟုတ်ဘူး။ သူ့မှာရှိတဲ့အနံ့ဆီကြောင့် ဘာညာသွားရှင်းပြနေရင် ပြဿနာတက်မှာပဲ။ ကြည်လည်း ကြည်နူးရမှာ မဟုတ်ဘူးလေ …။

အခုတော့ အဲဒီပြဿနာမေဂျာ၊ ရက္ခဗေဒမေဂျာက ပြီးတော့မှာပါဗျာ ကျွန်တော်က နောက်ဆုံးနှစ်ကိုတောင် ရောက်နေပြီ။ နောက်ဆုံးနှစ်ရောက်တော့ ဆွဲရတဲ့ပုံတွေ ပိုခက်၊ ထွက်ရတဲ့အသံထွက်တွေ ပိုခက် ပိုရှုပ်လာတာပဲ ထူးခြားတာပါ။ ဒါပေမယ့် ဒါတွေဟာ နောက်ဆုံးလို့သိထားရတော့ စိတ်သက်သာစရာတော့ ရတာပေါ့။

"ခုံနံပါတ် တစ်သုံးခုနစ်ရှစ်ဆိုတာ ဘယ်သူလဲ"

ကျွန်တော် ရွက်ကြောမြှာတစ်ခုကို ပြီးအောင်ဆက်ဆွဲရင်း ခဲတံကို ပစ်ချပြီး စိတ်ပျက်လက်ပျက် လက်ညှိုးထောင်ရတယ်။ ဒီခုံနံပါတ်ကိစ္စကို တစ်ခါ ပြန်ရှင်းရဦးမယ်။ စိတ်ပျက်တယ်ဗျာ၊ လက်တွေ့လုပ်တိုင်း ဒီပြဿနာကို ကျွန်တော် အမြဲရင်ဆိုင်ရ၊ ရှင်းပြရတော့ တော်တော်ငြီးငွေ့နေပြီ။ ဒီကိစ္စတစ်ခုတည်းကို မကြာခဏ ပြန်ပြန်ပြောရတယ်ဆိုတာ ကိုယ်နဲ့ အဆက်ဖြစ်မလို ကောင်မလေးရဲ့ဇာတ်လမ်းကို အကြိမ်ကြိမ်ပြန်ပြောရသလို ဘယ်မှာအရသာရှိနိုင်မှာလဲ။

"ကဲ … လက်ညှိုးထောင်မနေနဲ့ ကိုယ်တော် ကျောင်းသားကတ်ယူပြီး ဒီကိုလာ ဘာဖြစ်လို့ မင်းခုံနံပါတ်က အဲဒါဖြစ်နေရတာလဲ"

ကျွန်တော်လည်း အနားတွေဖွာပြီး ပျော့စိနေတဲ့ကျောင်းသားကတ်



www.burmeseclassic.com

www.burmeseclassic.com



ကို ယူပြီး incharge ဆရာမခုံကို သွားရတယ်။ Table တစ်ခုထဲက ကျောင်းသူတွေကတော့ ပြုံးပြီး ကျန်ရစ်ခဲ့လေရဲ့။ ကျွန်တော် ဒါကိုရှင်းရ လွန်းတော့ သူတို့က သိနေကြပြီလေ။ ဆရာမက မပီမသဖြစ်နေတဲ့ကျောင်းသားကတ်ထဲက ဓာတ်ပုံနဲ့ ကျွန်တော့်မျက်နှာကို သေသေချာချာတိုက်ကြည့်တယ်။ ဓာတ်ပုံက မပီသတော့ပေမယ့် ကျွန်တော့်မျက်နှာကိုတော့ ဖော်ပေးမှာပါ။ ဆရာမက ကျွန်တော့်ကို လက်တွေ့လူစားထိုးလုပ်တဲ့လူ မဟုတ်ဘူးဆိုတာ သေချာသွားတော့ မေးပြန်တယ်။

"ကဲ… ဘာဖြစ်လို့…"

ကျွန်တော် ခန္ဓာကိုယ်အနေအထားကိုလျှော့ချပြီး သက်သက်သာသာထိုင်ရတယ်။ ဟုတ်တယ်လေ ဆရာမနားလည်အောင် ပြောရမယ်ဆိုရင်ကြာမှာဆိုတော့ ခန္ဓာကိုယ်ကို ရိုသေသမှုနဲ့ တင်းထိုင်ထားရင် ခြေထောက်တွေဘာတွေကျင်မယ်ဆိုတာ ကျွန်တော် အတွေ့အကြုံရှိခဲ့ပြီးသား။

"ဟုတ်ပါတယ် အဲဒီတစ်သုံးခုနှစ်ရှစ် ခုံနံပါတ်နဲ့ ဒီအခန်းထဲကို ရောက်လာတာက…"

*

စိတ်ဝင်စားစရာ သိပ်မကောင်းလှပေမယ့် ဆရာမကို ပြောသလို မဟုတ်ဘဲ အစကနေပြီးတော့ပဲ ခင်ဗျားတို့ကို ပြောပြမယ်ဗျာ။ ဒါမှ အဲဒီခုံနံပါတ်နဲ့ ကျွန်တော် ဆက်ဒုက္ခရောက်ရပုံကို ကိုယ်ချင်းစာပြီး နားလည်နိုင်မှာ။ ကိုယ်ချင်းစာ နားလည်တယ်ဆိုလို့ ကြီးကြီးကျယ်ကျယ်တော့ မဟုတ်လှပါဘူး။ ကျောင်းသားတွေကြုံသလို မကြုံရဘဲ အခက်အခဲဖြစ်ခဲ့ရပုံကလေး တစ်ခုတည်းပါ။





နောက်ဆုံးနှစ်ကျောင်းတွေ ပြန်ဖွင့်ကြတော့ ကျွန်တော်ကတော့ တော်တော်ပျော်နေတာပါပဲ။ ကျောင်းကို မနက်မိုးလင်းတာနဲ့ ရောက်ပြီး ညနေမိုးချုပ်စကျမှ အိမ်ကိုပြန်တာပါ။ ကျွန်တော့်အတန်းချိန်က ၁၂း၁၅ မှ စ,တာပါ။ ဒါပေမယ့် ကျွန်တော်ကတော့ မနက်မိုးလင်းကတည်းက လာတာပဲ။ မနက်ခင်းမှာလည်း ကျွန်တော့်မိတ်ဆွေ သူငယ်ချင်းတွေ ရှိနေတာကိုး။ တတိယနှစ်ကတည်းက ကျွန်တော်က ဒီလိုပဲ လာနေကျလေ။ မနက်ခင်း အိမ်မှာနေရရင် တစ်မျိုးပဲဗျာ မနေတတ်ဘူး။ ပျင်းနေတတ်တယ်။ လက်ဖက်ရည်ဆိုင်ထိုင်တာတောင် ကျောင်းထဲကဆိုင်မှာ ထိုင်ရမှ အရသာတွေ့သလိုပဲ။

ဒါ ဘာကြောင့်လဲဆိုတော့ ကျောင်းမှာက ပြင်ဆင်ဖြီးလိမ်းထားပြီး လွတ်လပ်ပျော်ရွှင်နေတဲ့ ကျောင်းသူတွေ ရှိနေလို့ ထင်ရတာပဲ။ ဒီထက်ကောင်းတဲ့ကောက်ချက် မရှိတော့လို့သာ ဒါကို ပြောရတာပါ။ ကျွန်တော့်အတွက်တော့ သူတို့ရှိနေလည်း သိပ်မထူးပါဘူး။ ရပ်ကွက်ထဲကအကြောင်းသိနေတဲ့ကောင်မလေးတွေကို ကြည့်ရတာထက်စာရင်တောင် ရန်ကုန်တက္ကသိုလ်ထဲက ကောင်မလေးတွေကိုကြည့်ရတာ ပိုကောင်းပါတယ်။ ကျွန်တော်ဆိုလိုတာက ကျောင်းကို ဒီလိုအစောကြီးကတည်းက လာပြီး နောက်ကျမှပြန်တာဟာ နောက်ဆုံးနှစ်ရောက်နေတဲ့ ကျွန်တော့်သူငယ်ချင်းတွေ လုပ်သလို လိုက်လုပ်တာမဟုတ်ဘူးလို့ ဆိုလိုချင်တာပါ။

အေးကိုကို၊ အေးကျော်၊ မိုးမြင့်အောင်၊ ကောင်းနိုင်၊ ထွန်းဖေ၊ ခင်ခင်သော်နဲ့ လဲ့လဲ့တို့ကတော့ နောက်ဆုံးနှစ်မို့ ကျောင်းကြီးနဲ့ ခွဲရတော့မှာမို့ ကျောင်းကို ရသမျှ လာကြတာတဲ့။ ကျွန်တော်တို့ထဲက အသက်အကြီးဆုံး

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသား အေးကိုကိုဆိုရင် အဓိပတိလမ်းဘေးမှာ ငုတ်တုတ်ထိုင် ဘွဲ့နှင်းသဘင်ခန်းမကြီးကို ဆေးပေါ့လိပ်ဖွာငေးရင်း မကြာခဏ လွမ်းလွမ်း ဆွေးဆွေး ညည်းတတ်တယ်။

"နောက်နှစ် ဒီအချိန်ဆိုရင် ငါတို့အားလုံး အဓိပတိလမ်း၊ ဂျပ်စင် နဲ့ ဘွဲ့နှင်းသဘင်ကို ခွဲရတော့မှာပါလား..."

သူ့စကားဆုံးတော့ သူငယ်ချင်းတွေအားလုံး ငြိမ်သွားကြတယ်ဗျ။ အလကားပါဗျာ သူများတွေလွမ်းလို့ တာဝန်အရ လိုက်လွမ်းနေရတာ သဘာဝမကျပါဘူး။ နယ်ကနေ အဆောင်လာတက်တဲ့ကျောင်းသားတွေ ဒီလိုပြောရင်တော့ ကျွန်တော် အပြစ်မပြောပါဘူး။ ဒါ နည်းနည်းလက်ခံလို့ ရသေးတယ်။ ကျွန်တော်လည်း စိတ်ပေါက်ပေါက်ရှိတာနဲ့ စိတ်ထဲရှိတဲ့ အတိုင်း ပြောလိုက်တယ်။

"အလကားဗျာ... ခင်ဗျားနေတဲ့သင်္ဃန်းကျွန်းနဲ့ ရန်ကုန်တက္ကသိုလ် က အလွန်ဆုံးကြာရင် လေးဆယ့်ငါးမိနစ်ပေါ့။ လာလို့ရနေတာပဲ ဘာခွဲရ မှာလဲ"

သူ့စကားမှာ နှစ်မျောမှင်တက်သွားတဲ့ သူငယ်ချင်းတွေက ကျွန်တော့် ကို မကျေမနပ်နဲ့ ကန့်ကွက်ကြတယ်။ ခံစားမှုမရှိတဲ့လူတဲ့၊ ကျောင်းသား မပီသတဲ့လူ...တဲ့။ ကျွန်တော်တို့အားလုံး ရန်ကုန်မြို့ဧရိယာထဲမှာ နေကြတဲ့ လူတွေပဲဆိုတော့ အားလုံး ဒေါကန်ကြတာပေါ့။

"ပြန်လာရင်တော့ [illegible]ရတာပေါ့တဲ့၊ ဒါပေမယ့် ခံစားမှုက ဘယ်တူ မလဲ၊ အခုဟာက ငါတို့ကျောင်း၊ ငါတို့ဂျပ်စင်။ နောက်ကျရင် ငါတို့ ကျောင်း ဘယ်ဟုတ်တော့မလဲ"





တစ်ယောက်တစ်ပေါက် ဗိုင်းရန်တွေ့တာနဲ့ ကျွန်တော်လည်း ဆက် မပြောတော့ပါဘူး။ အလကား... တက္ကသိုလ်ဘုန်းနိုင်၊ မောင်စိန်ဝင်းတို့ ဝတ္ထုတွေရယ်၊ ကိုင်ဇာနဲ့ ထူးအိမ်သီချင်းတွေရယ်နဲ့ ရောထွေးပြီး ခံစားမှု အတုကို အစစ်လုပ်လွမ်းရတာ ရယ်စရာကြီး။ ဒါပေမယ့် ကြီးကြီးကျယ်ကျယ် မဆန့်ကျင်ချင်တာနဲ့ သူတို့ပြောသလို အမှတ်တရဓာတ်ပုံတွေ ဘာတွေ ဂျပ်စင်နဲ့ ဘွဲ့နှင်းသဘင်ရှေ့မှာ ရိုက်လိုက်ပါတယ်။ ကျောင်းသားထိုင်ခုံ နဲ့ အခန်းရှေ့တိုင်းမှာ White pen တွေနဲ့ စာရေးပြီး လက်မှတ်တွေဘာတွေ ထိုးလိုက်ပါတယ်။

ကျွန်တော်ကသာ ရယ်ချင်နေတာ ကျောင်းသားထိုင်ခုံမှာ လက်မှတ် ထိုးတော့ နေရာလွတ်မရှိသလောက်ပဲ။ တကယ့်ကို တစ်ကျောင်းလုံး အမှတ် တရဖြစ်နေကြသလားတောင် မသိဘူး။ ဒါနဲ့ လဲ့လဲ့က ဓားထုတ်ပြီး ကျွန် တော်တို့ရှေ့ကရေးသွားကြတဲ့လူတွေရဲ့ စာတွေကို ခြစ်ပစ်တယ်။ ကျွန်တော် ဘာမှ မပြောတော့ပါဘူး။ လူဆိုတာ ဒီလိုပဲ မဟုတ်လား။

အဲဒီခံစားချက်ဆီက ရခဲ့တဲ့ ကျေနပ်စရာကောင်းတဲ့အချက်ကလေး ကတော့ ကျွန်တော်တို့တစ်ဖွဲ့လုံး တစ်ယောက်နဲ့တစ်ယောက် အရင်နှစ် တွေကထက် ပိုချစ်လာ၊ ပိုသံယောဇဉ်ရှိလာ၊ သည်းခံလာကြတာပဲ။ သဘော ထားကွဲလွဲတဲ့အခါတွေဆိုရင်လည်း 'နောက်ဆုံးနှစ်ပဲကွာ' ဆိုပြီး အလျှော့ ပေးကြ၊ လိုက်လျောကြတယ်။ သူ့ဘာသာသူတော့ ဘယ်ဆိုးလို့တုံး။

ကျွန်တော်ကတော့ လွမ်းမယ်ဆိုရင် ဂျပ်စင်နဲ့ ဘွဲ့နှင်းသဘင်ထက် မြကျွန်းသာကဖီးက အန်တီအေးကိုပဲ ပိုလွမ်းချင်တယ်။ အန်တီအေးက ကျွန်တော့်ကို ခင်တယ်။ ပိုက်ဆံမပါလည်း လက်ဖက်ရည်တွေ ဘာတွေ



www.burmeseclassic.com

www.burmeseclassic.com



အကြေးသောက်လို့ ရတယ်လေ။ ပြီးတော့ ကျောင်းသားတွေအပေါ် အမြဲပြုံးပြီး ခွင့်လွှတ်တတ်တဲ့သူ့မျက်နှာကို ကျွန်တော် သဘောကျတယ်ဗျာ။

ထားပါတော့။ ကျွန်တော့်ခုံနံပါတ်ကိစ္စက မရောက်နိုင်ဘူး ဖြစ်နေတယ်။ နောက်ဆုံးနှစ်မှာ ကျွန်တော်တို့ ရက္ခဗေဒမေဂျာက မိုင်နာ paper တစ်ခု ခွဲပါတယ်။ သတ္တဗေဒနဲ့ ဓာတုဗေဒပါ။ သတ္တဗေဒယူရင် ဓာတုဗေဒယူစရာမလိုဘူး။ အမှန်တော့ မိုင်နာ ဘာပဲယူယူ B.Sc. (Botany) ပါပဲ။ Final မှာ ကျက်ရမယ့် စာရွေးရတဲ့သဘောပဲ ရှိတာပါ။ ကျောင်းသားတော်တော်များများက Chemistry ပဲ မိုင်နာယူကြတယ်။ Zoo က ကျက်ရတာ ပိုရှုပ်ထွေးတာကိုး။ ဒါပေမယ့် ခက်တာက Chemistry မိုင်နာကျောင်းသားကို ဌာနက အယောက် ၁၅၀ ပဲ ဝင်ခွင့်ပြုတယ်။ တတိယနှစ်က Chemistry ရမှတ်ရယ် ကျွန်တော်တို့တင်တဲ့ လျှောက်လွှာရဖို့ကို ကြည့်ပြီး ခွဲတာ။ ဒီကိစ္စမှာတော့ ကျွန်တော်နဲ့ သူငယ်ချင်းတွေ သဘောထားတူကြပါတယ်။ အားလုံး Chemistry ပဲ လျှောက်ကြတယ်။ အားလုံးလည်း ရကြပါတယ်။

ဒါပေမယ့် ခက်တာက ကျွန်တော်က ကျောင်းမအပ်ရသေးဘူး။ ဘာကြောင့်မအပ်ဖြစ်တာလဲဆိုတာက ကျွန်တော်က နောက်ဆုံးနှစ်မှာ အလုပ်ဝင်နေပြီ။ တတိယနှစ်ဖြေပြီးပြီးချင်း ဝင်တာပါ။ အစိုးရအလုပ်ပေမယ့် ရုံးမှာ အမေက အခံရှိနေတော့ ရုံးမတက်လည်း သိပ်ကိစ္စမရှိလှဘူး။ ပြီးတော့ ကျွန်တော်ဝင်လုပ်တဲ့ အလုပ်သဘာဝကလည်း ခွင့်ပြုထားတာ ပါတယ်။ ကျွန်တော်က အထွေထွေအုပ်ချုပ်ရေးဦးစီးလက်အောက်က ရပ်ကွက်စာရေးဝန်ထမ်းကိုး။ ကျွန်တော့်အလုပ်ရဲ့ တကယ့်တာဝန်ချိန်က ည ၆ နာရီလောက်





ကျမှ တာဝန်ကျတဲ့ ရပ်ကွက်ရုံးကလေးကို သွားပြီး တာဝန်ထမ်းဆောင်ရတာ။ ကျန်တာက အမေကြည့်ရှင်းတာပဲ။ ရုံးမှာ အစည်းအဝေးရှိတဲ့နေ့နဲ့ ကျောင်းမှာ လက်တွေ့ရှိတဲ့နေ့ တိုက်မှသာ ပြဿနာတက်တာ။ ဒါကလည်း တစ်လမှာ တစ်ကြိမ်လောက်ပါ။

အဲဒီအလုပ်က ရှိနေတော့ ကျွန်တော် တခြားကျောင်းသားတွေလို ကျောင်းတက်တက်ချင်း ကျောင်းမအပ်ဖြစ်ဘူး။ ရုံးက ငွေစုငွေချေးပိုက်ဆံရတော့မှ အပ်မယ်ပေါ့လေ။ ရှေ့လဆို ကျွန်တော် ငွေစုငွေချေးက စ,ချေးလို့ရပြီ မဟုတ်လား။ ပိုက်ဆံပေါ်မှ အပ်မယ်ပေါ့။ တက္ကသိုလ်ဆိုတာကလည်း ကျောင်းမအပ်လို့ ကျောင်းမတက်ရတဲ့ကျောင်းမျိုးမှ မဟုတ်တာ။ အေးအေးဆေးဆေးပေါ့။

ဒါနဲ့ ကျောင်းဖွင့်ပြီး ၃ လကြာတဲ့အထိ ကျွန်တော် ကျောင်းမအပ်ဖြစ်ဘူး။ ဖြစ်ပုံက ရုံးက ကျွန်တော်ချေးတဲ့ငွေစုငွေချေးက မရလို့။ ကျွန်တော့်ထက် ငွေရင်းများတဲ့ ဝန်ထမ်းသုံးလေးယောက်က အဲဒီလမှာ ပြုချေးသွားတော့ စုငွေအနည်းဆုံး ကျွန်တော် မရလိုက်ဘူး။ အဲဒီအချိန်မှာ ကျောင်းကလည်း ကျောင်းသားစာရင်းတွေ လက်ကျန်ပိတ်ပြီး ကျွန်တော့်ကို ကျောင်းမအပ်သေးလို့ တက္ကသိုလ်က ယာယီထုတ်ကြောင်း နို့တစ်အိမ်ကို ရောက်လာတယ်။ အဲဒီစာ လာလာချင်းလည်း ကျွန်တော် ကျောင်းမအပ်နိုင်ပါဘူး။ ငွေခြောက်ရာကျော်ကလေးကို ကျွန်တော်တို့မှာက မလည်နိုင်ဘူးဖြစ်နေတာ။ လခစားဝန်ထမ်းဆိုတော့ လကုန်ရက်ကျမှပဲ ငွေက ရှင်တာမဟုတ်လား။

သရုပ်မှန်ဝတ္ထုတွေထဲကလို ဇာတ်လမ်းဆင်ရင်တော့ အကွက်ကောင်း



www.burmeseclassic.com

www.burmeseclassic.com



ပေါ့။ ရရစားစား မိသားစုထဲက နောက်ဆုံးနှစ်တက်မယ့် တက္ကသိုလ်ကျောင်းသားလေးတစ်ယောက်၊ ခြောက်ရာကျော်ငွေကြေးကို မတတ်နိုင်မလှည့်ပတ်နိုင်လို့ တက္ကသိုလ်က ယာယီအထုတ်ခံရ၊ ဘဝကို နာကြည်း၊ ခပ်လှလှကောင်မလေးတစ်ယောက် မွေးနေ့ကို မွေးနေ့လက်ဆောင် ထောင်ကျော်တန်တွေ အလုအယက်ပေးနေတဲ့ ကျောင်းသားတွေကို ဒေါသ၊ မွန်းကျပ်မှု၊ မာနတွေနဲ့ ငေးရင်း အားငယ်လာ၊ သူ့စိတ်ထဲက မရိုးမသားဖြစ်နေတဲ့ ချမ်းသာပြည့်စုံတဲ့ ကောင်မလေးကို ရက်ရက်နဲ့ အကူအညီတောင်း အဲဒီကောင်မလေးက စိတ်မဝင်စားကြောင်း အပြည့်ပြောလွှတ်၊ ဝမ်းနည်းရှက်ရွံ့ နာကြည်းနေချိန်မှာ သူ့ကို တစ်ဖက်သတ်စိတ်ဝင်စားနေတဲ့ သူ့လိုဘဝတူကောင်မလေးက ဆင်ရုပ်စုဘူးကလေးခွဲပြီး ကျောင်းအပ်ပေး။ အဲ… ဒီလိုပေါ့လေ… ။

ပေါင်မုန့်ငတ်တဲ့လူကို ပေါင်မုန့်ငတ်တဲ့လူကပဲ ကိုယ်ချင်းစာနိုင်တယ် ဘာညာနဲ့ ဇာတ်သိမ်းလိုက်ရင် အဲဒီခေတ်တုန်းက အယ်ဒီတာတွေအကြိုက်ပေါ့။ အမှတ်တရ ဝတ္ထုတိုပြိုင်ပွဲတွေ ဘာတွေမှာတောင် ပြိုင်ရင်ဆုတွေဘာတွေ ရဦးမှာ။

ဒါပေမယ့် တကယ်ကြုံလာတဲ့ တကယ့်လက်တွေ့မှာ ကျွန်တော်အဲဒီလို မလုပ်ဖြစ်ပါဘူး။ အတွေးတောင် မဝင်ဘူး။ အားငယ်ရမှန်းလည်း မသိဘူး။ ကျွန်တော့်ဇာတ်ခံအတိုင်း ဇာတ်လမ်းဆင်ရင်တော့ ဟာသဝတ္ထုပဲ ရမှာ။ ကျွန်တောရေးရင် ပထမပြောတဲ့အချက်တွေအတိုင်း ရေးမှာ။ အဲ နောက်ဆုံးနားကျမှ သူ့ကို တစ်ဖက်သတ်စိတ်ဝင်စားနေတဲ့ ဘဝတူကောင်မလေးကို အရေးတကြီးပြောစရာရှိတယ်လို့ ခေါ်…။ ကောင်မလေးက စိတ်လှုပ်ရှား ရှက်နေ၊ ကိုယ်ကလည်း ပိုက်ဆံချေးရမှာကို အားနာပြီး ပြောမထွက်။ သူ ပိုရင်ခုန်လာ… မပြောတော့ဘူးဆိုတဲ့စကားကို ရေလာမြောင်းပေးလုပ်၊ ဣန္ဒြေတွေ ဘာတွေကိုစွန့်စား နောက်ဆုံးကျမှ သူ မျှော်လင့်ထားသလိုမဟုတ်ဘဲ ပိုက်ဆံချေးတာဖြစ်နေတော့ ဒေါကန်ပြီး သူ့ဆင်ရုပ်စုဘူးမပေးဘဲ ဆင်တစ်ကောင်အားနဲ့ ကျွန်တော့်ကို ပါးရိုက်သွားပေါ့လေ။

အဲဒီဇာတ် နှစ်ဇာတ်စလုံး မရေးဖြစ်ပါဘူး။ အဲဒီအချိန်တုန်းက စာရေးနေပြီဆိုပေမယ့် ကျွန်တော်က ခပ်လွယ်လွယ်ရတဲ့ဇာတ်လမ်းမျိုးကို မရေးချင်ဘူး။ Gone with the wind ရေးတဲ့ Margaret Mitchell တို့လို တစ်ပုဒ်တည်းရေးပြီး ကမ္ဘာကျော်ချင်တာ။ ဒါနဲ့ပဲ ကျွန်တော့်မူလဗီဇအတိုင်း ခစ်ရွှင်ရွှင်ပဲ သူငယ်ချင်းတွေကို Notice စာထုတ်ပြလိုက်တော့ သူငယ်ချင်းတွေက ဆဲသည်သာ ရှိတော့တာပေါ့ဗျာ။

ကျွန်တော့်ကို ဝိုင်းဆူကြ ဆဲကြတာ ပြဿနာမရှိပါဘူး။ ဒါပေမယ့် သူတို့က သရုပ်မှန်သမားတွေဗျ။ ဆဲပြီးတော့ သူတို့က အားငယ်လို့ ထုတ်မပြောတာလား။ ဘာလားဆိုပြီး တော်တော် စိတ်မကောင်းဖြစ်ကြတာ။ ခင်ခင်သော်နဲ့ လဲ့လဲ့ဆို ကရုဏာဒေါသောနဲ့ပေါ့ဗျာ။ ကျွန်တော့်အတွက် ထိုင်ပင်ကြ ဆွေးနွေးကြနဲ့။ နောက်ဆုံးတော့ သူတို့ပဲ စိုက်ထုတ်ပေးကြတာပါ။ ငွေရတော့ ကျောင်းအပ်ရလို့ ကျေးဇူးတင်ပေမယ့် အဲဒီနေ့ကစပြီး ကျွန်တော့်ကို သူတို့က ငွေရေးကြေးရေးနဲ့ ပတ်သက်ရင် နောက်မှာ ချန်ထားပြီး အထူးအခွင့်အရေးပေးကြတာတော့ တစ်မျိုးပဲ။ လက်ဖက်ရည်သောက်တာတို့၊ ထမင်းမှာစားတာတို့ကျရင် ကျွန်တော့်ထည့်ငွေကို မယူကြဘူး။ ကျွန်တော်ရှင်းတာကိုလည်း လက်မခံဘူး။ ကျွန်တော့်ကိုက ပိုက်ဆံ



www.burmeseclassic.com

www.burmeseclassic.com



ယူရင် သူတို့ဟာ သူငယ်ချင်းကောင်း မပီသတော့ဘူးလို့ သူတို့ကိုယ် သူတို့ ခံယူထားကြပုံပေါ်တယ်။ ဒီကိစ္စဟာ ချစ်စရာကောင်းတယ်လို့ ပြောရမှာ ထက် ကျွန်တော့်ကို ငွေကြေးကိစ္စနဲ့ ပတ်သက်ပြီး သူတို့စီရင်ချက်အတိုင်း တစ်ခါတည်းသတ်မှတ်လိုက်တယ်လို့ ကျွန်တော်ခံစားရတယ်။ ကျွန်တော် ပိုက်ဆံထုတ်ရှင်းတာနဲ့ သူတို့ပုံစံတွေက ပြုံးပြုံးပြာပြာနဲ့ ကျွန်တော့်ကို အတင်းဆူကြတော့တာပဲ။ ဘယ်လိုမှ ပြောလို့ မရဘူး။ ရန်ဖြစ်တဲ့အခါ ဖြစ်ပေါ့လေ။ ဒါပေမယ့် ပိုက်ဆံတော့ ဘယ်တော့မှ အပေးမခံကြဘူး။

ကျွန်တော့်ပိုက်ဆံခြောက်ရာ (၇) ရက်လောက် မရှိလိုက်တာ သူတို့ အမြင်မှာ တစ်သက်လုံး ဆင်းရဲသားဖြစ်သွားတော့တာပဲ။ ကျွန်တော့်ကို ကူညီတာထက် သူတို့က ကျွန်တော့်သူငယ်ချင်းကောင်းဖြစ်ပါတယ် ဆိုတာ ကို ငွေခြောက်ရာနဲ့ အဝယ်ခံလိုက်ရသလိုပဲ ကျွန်တော် ခံစားရတယ်။ ပြောရင်တော့ ရိုင်းတာပေါ့လေ ကျွန်တော်ခံစားရတာတော့ အမှန်ပဲ။

ငွေသွင်းတော့လည်း ကိစ္စက အရှုပ်သား။ ကျွန်တော်တို့မေဂျာက ကထိကဆီသွား အသနားခံစာ ပြန်တင်၊ ဌာနက ထောက်ခံချက်ယူ၊ ကျောင်းသားရေးရာကို ပြေး၊ ငွေသွင်းဖို့ ငွေသွင်းဌာနက ထောက်ခံစာယူ လူကို ဖတ်ဖတ်မောရောပဲ။ ကျောင်းမအပ်လို့ ဆယ်ချက်ရိုက်ခံရတာထက် ကို ပင်ပန်းပါတယ်။ တက္ကသိုလ်ရဲ့အရသာပေါ့လေ...။

အဲဒီလိုငွေတွေ အားလုံးသွင်းပြီး ၁၀ ရက်လောက်ကြာတော့မှပဲ Transfer ကျောင်းသားတွေနဲ့အတူ ကျွန်တော့်ခုံနံပါတ်က ထွက်လာတယ်။ စောစောစီးစီး ပုံမှန်ငွေသွင်းရက်မှာသွင်းရင် ထုံးစံအတိုင်း ပြန်စီမယ့် ခုံနံပါတ်မှာ ရမှာဖြစ်ပေမယ့် ကျွန်တော်က နောက်ကျတော့ ခုံနံပါတ်က





နောက်ဆုံး ၁၃၇၈ ဖြစ်သွားတယ်။ ဒီတော့ ကျွန်တော်က Zoo မိုင်နာတွေ တက်ရတဲ့အခန်းမှာ ခုံနံပါတ်က ရောက်နေတာပေါ့။

အဲဒီမှာတင် ကျွန်တော်က သူငယ်ချင်းတွေနဲ့ Chemistry မိုင်နာ လျှောက်ထားတော့ ခက်ကုန်တာ။ ခုံနံပါတ်အတိုင်းဆိုရင်တော့ ကျွန်တော် က ကျွန်တော့်အခန်း AE-15 မှာ အတန်းသွားတက်၊ Chemistry အချိန် ကျမှ Chemistry သင်တဲ့အခန်းမှာ လာတက်ပေါ့လေ။ ဒါပေမယ့် တက္ကသိုလ်ဆိုတာက လွတ်လပ်ပါတယ်။ သင်ရိုးကလည်း အားလုံး ဒါကိုပဲ ညှိသင်တာဆိုတော့ သူငယ်ချင်းတွေနဲ့အတူ S-238 မှာပဲ ကျွန်တော် အတန်းတက်တယ်။ လက်တွေ့ကျမှသာ Chemistry လာလုပ်ရတာဆို တော့ (1,to 149) ကျောင်းသားတွေထဲမှာ ကျွန်တော့်ခုံနံပါတ် 1378 ကြီးက ရှုပ်နေတော့တာပေါ့။ Botany မေဂျာက Chemistry မိုင်နာယူရင် ခုံနံပါတ် 150 က မကျော်ဘူးလေ။ ကျွန်တော်ကတော့ 1378 ပဲ...။

ကျွန်တော့်ရှင်းပြတာတွေက ခပ်ရှုပ်ရှုပ်ပေမယ့် incharge ဆရာမက တော့ ကျွန်တော်တို့မေဂျာသဘောနဲ့ ကျောင်းထုံးစံတွေကို သိနေလေတော့ နားလည်ပါတယ်။ ဒါပေမယ့် အခြားဆရာမတွေကို ရှင်းပြတုန်းကလိုပဲ အခု ဆရာမရဲ့မျက်နှာမှာလည်း စိတ်ရှုပ်တဲ့အမူအရာကို တွေ့နေရပါတယ်။

"အေး... နင်က တခြားကျောင်းသားတွေထက် ရှုပ်ရမှ ကျေနပ် တာပေါ့ ဟုတ်လား"

"ကျွန်တော် မရည်ရွယ်ပါဘူး ဆရာမ၊ သူ့ဘာသာ ဖြစ်တာပါ"

ဟုတ်တယ်လေ... ကျွန်တော်ဆိုတဲ့ကောင်က ဒီလိုလွဲတာတွေ များတာတွေ ဖြစ်နေကျမဟုတ်လား။ ဆရာမကတော့ နားမလည်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုမျိုး တစ်ခါမှ မတွေ့ဖူးကြောင်း၊ အလုပ်ရှုပ်ကြောင်း စိတ်ရှုပ်ကြောင်း ညည်းညည်းညူညူလုပ်နေတယ်။ ဆရာဆိုတာက အစီအစဉ်တကျဖြစ်တာကိုပဲ ကြိုက်တတ်တယ်ဆိုတာ ကျွန်တော် နားလည်ပါတယ်။ မူလအစီအစဉ်ကနေ လွဲသွားတာနဲ့ မကျေမနပ်ဖြစ်တတ်တာပဲ။ မိန်းကလေးဆရာမဆိုတော့ ပိုဆိုးတာပေါ့။ အဲဒီနေ့က ကျွန်တော်ထင်တဲ့အတိုင်းပါပဲ။ ညနေလေးနာရီကျော်မှ ကျွန်တော်တစ်ယောက်တည်း လက်တွေ့ခန်းက ထွက်ရတယ်။ ကျွန်တော်တစ်ယောက်တည်းကို Table စောင့်နေရတဲ့ ဆရာမနဲ့ ခုနကမေးတဲ့ incharge ဆရာမနှစ်ယောက်ကတော့ မကျေမနပ်မျက်နှာတွေနဲ့ အမှတ်မြန်မြန်ခြစ်ပေးပြီး ကိုယ်တော် ကြွကြွလို့ပြောတယ်။ ကျွန်တော်လည်း ပြန်ရှင်းမနေတော့ပါဘူး။ သူတို့မေးတာကို သေသေချာချာ ဖြေနေရလို့သာ ကြာတာပါ။ တကယ်ဆိုရင် ကျွန်တော့် Table မှာ ကျွန်တော်ပုံဆွဲတာ အမြန်ဆုံးပဲ။

ကျောင်းပိတ်ဖို့လိုတဲ့ တစ်လကိုတော့ ပျော်ပျော်ရွှင်ရွှင် ဖြတ်သန်းရပါတယ်။ အဲ... ကျွန်တော့်သူငယ်ချင်းတွေအလိုအရတော့ လွမ်းဆွေးဆွတ်ပျံ့စွာပေါ့ဗျာ။ ကျွန်တော်ကတော့ အဲဒီလို လွမ်းနေရတာကို ပျော်တယ်ခေါ်မလားဘဲ။

တက္ကသိုလ်က မနက်ခင်းဆို တော်တော်ပျော်ဖို့ ကောင်းပါတယ်။ ကောင်မလေးတွေကလည်း အဝတ်အစားသစ်၊ သနပ်ခါးမိတ်ကပ်အသစ်၊ နှုတ်ခမ်းနီအသစ်တွေနဲ့ ရယ်လို့ အော်လို့၊ ပီကေကို အုပ်စုလိုက် တဖောက်ဖောက် ဖောက်ရင်း အလကားရယ်နေကြတာပဲ။ သကောင့်သားတွေကလည်း အဲဒါကို အော်ကြ၊ ကြည့်ကြ၊ လှမ်းစကြနဲ့ မနက်ဖက် အတန်းတွေ





ဆင်းခါနီးနဲ့ ညနေဘက် အတန်းတွေတက်ခါနီးဆို ပိုလူများပြီး ပျော်ဖို့အကောင်းဆုံးပဲ။ လိုင်ဗရီရှေ့၊ ကုံကော်တော၊ အဓိပတိလမ်း၊ ငွေသွင်းဌာနရှေ့၊ ဂျပ်စင်နံဘေး အဲဒီနေရာမှာ အုပ်စုလိုက် ကျောင်းသားတွေချည်းပဲ။ ကင်တဲန်းဆိုလည်း ပြည့်လို့ ထိုင်စရာတောင် မရတတ်ဘူး။

ညနေ ၃ နာရီလောက်ဆို ကျောင်းက ငြိမ်ပြီး တိတ်သွားတတ်တယ်။ မနက်ခင်း ကျောင်းသားတွေ မရှိတော့ဘူးကိုး။ ကောင်မလေးတွေကလည်း မသစ်တော့သလိုပဲ။ တစ်မနက်စာ ဟောင်းသွားတာကိုး။ အဆိုးဆုံးကလူသံ အော်သံ ရယ်သံတွေတိတ်သွားတဲ့ ကျောင်းပရဝုဏ်ထဲက သစ်ပင်ကြီးတွေပေါ်က ဥသြသံပဲဗျ။

ငြိမ်ဆိတ်နေတဲ့ကျောင်းဝန်းအကျယ်ကြီးထဲမှာ အဲဒီဥသြသံနဲ့ တစ်ခါတစ်ခါထအော်တဲ့ ပုစဉ်းရင်ကွဲသံတွေကြားရတာ လွမ်းစရာကြီးပဲ။ ကင်တဲန်းမှာဆိုလည်း ကျောင်းသား သိပ်မရှိတော့ဘူးပေါ့ဗျာ။ ဖီလော်ဆော်ဖီဌာနကထွက်လိုက်ရင် မြင်ရတဲ့ ရေစင်ကြီးကလည်း တိတ်တဆိတ် ရေတွေလျှံကျလို့ အခန်းလွတ်တွေထဲမှာလည်း အတွဲတွေက ငြိမ်သက်လို့ပေါ့။

အဲဒီလိုဆိုရင်တော့ ကျွန်တော့်ဘော်ဒါတွေပြောသလို ကျောင်းဟာ လွမ်းစရာကောင်းလာတယ်။ ခင်ခင်သော်က 'ချယ်ရီပင်အောက် နောက်တစ်ခေါက်' ဆိုတဲ့ စိုင်းထီးဆိုင်သီချင်းကို တိုးတိုးညည်းတယ်။ အေးကိုကိုဘာလည်းငြိမ်လို့၊ ထွန်းဖေက လက်ဖက်ရည်ကို အကျရည်ထပ်ထည့်လို့။ ဘာပဲဖြစ်ဖြစ် လွမ်းမယ်ဆိုရင်တော့ အဲဒီလိုနေ့တွေကို ပြန်လွမ်းလို့ ရပါတယ်။

အဲဒီလိုလွမ်းရင်းနဲ့ပဲ စာမေးပွဲ ဖြေရတယ်။



www.burmeseclassic.com

www.burmeseclassic.com



စာမေးပွဲကျတော့ ခုံနံပါတ်နဲ့ပဲ လူစီတာဆိုတော့ ကျွန်တော့် တစ်သုံးခုနှစ်ရှစ်က ကျွန်တော့်ကို ချောက်ချတော့တာပဲ။ ကျွန်တော်က သူငယ်ချင်းတွေနဲ့ ကွဲပြီး R.C ထဲမှာ ဖြေရတယ်။ တစ်နှစ်လုံး ကျွန်တော့်အတန်း A.E 15 ထဲမှာမတက်ဘဲ သူငယ်ချင်းတွေနဲ့ သွားတက်နေတာဆိုတော့ နံဘေးနားက လူတွေက ကျွန်တော်နဲ့ သိပ်မသိဘူး။ လူစိမ်းတွေချည်းပဲ။

R.C ထဲမှာ ကျောင်းသား ၉၀၀ ကျော် ဖြေရပါတယ်။

ကျွန်တော့်အတွက် အားလုံး သူစိမ်းတွေချည်းပဲဖြစ်နေတယ်။ သူတို့အားလုံးက Zoo မိုင်နာတွေလေ။ ဘာပဲဖြစ်ဖြစ် စာမေးပွဲဆိုတာက ပုံလှမ်းပြတာတို့၊ label တစ်ခုနှစ်ခု ထောင်ပြတာတို့၊ ပန်းပွင့်နာမည်မေးတာတို့တော့ ဆရာမလစ်ရင် ကျောင်းသားတိုင်း လုပ်ကြတာပဲ။ တစ်နှစ်လုံး အတူတက်လာတဲ့သူတို့ချင်း အဆင်ပြေကြပေမယ့် ကျွန်တော်က ဘယ်သူ့ဆီကမေးရမှန်း မသိဘူး။ ကျွန်တော်က သင်းကွဲပြီး တစ်ယောက်တည်း သူစိမ်းတွေအလယ် ရောက်သွားတာကိုး။ တော်တော့်ကို ဒုက္ခရောက်ပါတယ်။

အဲဒီအထဲဗျာ ကျွန်တော်နဲ့ ဘေးချင်းယှဉ်ကျတဲ့ ကောင်မလေး စာမေးပွဲဖြေတာက တော်တော်စိတ်ပျက်ဖို့ကောင်းတယ်ဗျာ။ ကျောင်းသားသက်တမ်းတစ်လျှောက်လုံး အဲဒီလိုမိန်းကလေးမျိုး တစ်ခါမှ မကြုံဖူးဘူး။ သူက သူ ကျက်လာတဲ့စာတွေကို ပြန်ရွတ် ပြန်ပြောကြည့်ပြီး ဖြေနေတာကိုး…။

“ကဲ… ဝတ်မှုန်တွေအကြောင်းပဲ ဖြေတော့မယ်… ဝတ်မှုန်… ဘာလဲ…၊ အင်း… ဝတ်မှုန်သည် ပန်းပွင့်တစ်ပွင့်၏ အဖိုမျိုးပွားအင်္ဂါပိုင်း ဖြစ်သည်။ ပြီးတော့ ဘာလဲ! အင်း… ၎င်းတို့… ၎င်းတို့သည် ဝတ်မှုန်





အိမ်… ဝတ်မှုန်အိမ်က… ဟို… သိပြီ Anther sac…ဟုတ်တယ် Anther sac ထဲတွင် ရှိကြသည်။ နောက်ပြီးတော့ မေ့နေပြန်ပြီ… အင်း… ဟိုဟာလေ… ကြည့် သေသေချာချာကျက်ထားရဲ့သားနဲ့… ဪ… သိပြီ Angiosperms… ဟုတ်တယ်… ပန်းပွင့်သောအပင်များ Agiosperms တွင် ဝတ်မှုန့်ကဲ့သို့သော…

သူ့အသံကလည်း တိုးတိုးမဟုတ် တစ်ကိုယ်ရေကြားရုံထက် နည်းနည်းကျယ်နေတော့ ကိုယ့်လူရေ… သူ့နံဘေးမှာဖြေရတာ ရူးချင်ချင် ဖြစ်လာတယ်။ စာမေးပွဲဆိုတာက ကိုယ့်စိတ်ကူးကလေးနဲ့ ကိုယ် အေးအေးဆေးဆေးဖြေရတာမျိုး မဟုတ်လား။ လူသံလို စကားပြောလိုက် စာသံနဲ့ ရွတ်လိုက်နဲ့ ဖြစ်နေတဲ့ သူ့အသံနံဘေးမှာ ကျွန်တော် ဘယ်လိုမှ စာမေးပွဲဖြေလို့ မရတော့တာနဲ့ ဆရာမဖြတ်လာတာတွေ့တော့ ရပ်ပြီး အကျိုးအကြောင်း ပြောတိုင်ရတယ်။

“ဟုတ်တယ်… ဆရာမလည်း ကြားတယ်၊ တိတ်တိတ်ဖြေမှပေါ့၊ ရွတ်ချင် စိတ်ထဲကပဲ ရွတ်ဖြေလေ…”

“သမီးက အဲဒီလိုပဲဖြေတတ်တာ ဆရာမ… မဟုတ်ရင် မဖြေတတ်ဘူး၊ သမီးအသံက တိုးတိုးကလေးပါ”

ကောင်မလေးက ဘာမှမဟုတ်တာကို ပြဿနာရှာတဲ့လူ ဆိုတဲ့သဘောနဲ့ ကျွန်တော့်ကို မုန်းမုန်းတီးတီး စိုက်ကြည့်ရင်း ပြောတယ်။ သူ့အလေ့အကျင့်ဆိုတော့ ကျွန်တော် အားနာသွားတာတော့ အမှန်ပဲ။ ဒါပေမယ့် မတတ်နိုင်တော့ဘူး၊ တိုင်လည်း ပြီးနေပြီ။ ဆရာမကတော့ မျက်နှာ ခပ်တင်းတင်းနဲ့ အသံထွက်မဖြေရဘူးလို့ တားမြစ်ပြီး ထွက်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



"အလကား ဇိဇာကြောင်ပြီး မိန်းမဆန်တဲ့ကောင် ... ကိုယ့်ဘာသာ ဖြေတာကို ... သက်သက် လူများစာရတာကို မနာလိုတာ ... ရုပ်ကိုက ..."

ကောင်မလေးက စာဆက်မဖြေဘဲ ကျွန်တော့်ကို မကျေမနပ်နဲ့ ပြောနေတယ်။ ကျွန်တော့်ဘာသာ စာမရတာတို့၊ သူ့ဆီကမေးချင်တာကို မေးမရလို့ ယုတ်မာတာတို့ ... မဆိုင်တာတွေလည်း ပြောတဲ့ထဲမှာ ပါလာတယ်။ စာမေးပွဲခန်းဆိုတော့ ရန်ဖြစ်ကြဖို့၊ ရှင်းပြဖို့ကလည်း မလွယ်ဆိုတော့ ကျွန်တော့်မှာ အားနာတာရော ရှက်တာရောနဲ့ ငြိမ်နေရတာပေါ့။ သူပြောသလို ကျွန်တော်ကလည်း စာသိပ်မရတာတော့ အမှန်ပဲ။ အောင်မှတ်ရအောင် မနည်းရှာဖြေရတယ်။ သူ့အသံက ခဏပဲတိတ်တာပါ။ ပြီးတာနဲ့ Spore တို့၊ Gymnosperms တို့ Bryophytes တို့ ပြန်ဖြစ်တာပဲ။ ကျွန်တော်လည်း သူ့ကိုအားနာပြီး ထပ်မပြောတော့ပါဘူး။ ကြိတ်မှိတ်ဖြေရတယ်။

နောက်တစ်နေ့ စာမေးပွဲခန်းထဲကို ဝင်ခါနီးတော့ အဲဒီကောင်မလေးက ကျွန်တော့်ကိုမေးငေါ့ပြီး သူ့သူငယ်ချင်းတွေကို ပြတယ်။ ကျွန်တော်လည်း အားနာပြီး မသိချင်ယောင်ဆောင်နေပါတယ်။ သူ့သူငယ်ချင်းတွေက ပြုံးကြတယ်။ အဲဒီအပြုံးကို ကျွန်တော်သိပါတယ်။ ကဲ ... ဘယ်လိုလဲ။ နင် ဒုက္ခရောက်နေပြီမဟုတ်လား ... ဆိုတဲ့ အဓိပ္ပာယ်ဆိုတာ ကျိန်းသေပဲ။

ကျွန်တော် အဲဒီလို စိတ်ဆင်းရဲကြီးစွာနဲ့ပဲ English ရယ် မေဂျာ paper ဖြစ်တဲ့ 412, 411,413, 424 တွေကို ဖြေရတယ်။ နောက်ဆုံး မိုင်နာတစ်ဘာသာပဲ ကျန်တော့တယ်။ ကျွန်တော့်ကို ဒုက္ခပေးတဲ့ Chemistry မိုင်နာလေ။ သူငယ်ချင်းတွေနဲ့ လက်ဖက်ရည်ဆိုင်ထိုင်ရင်း ရတဲ့





Spot တွေ အနီးကပ်ကြည့်ရင်း ငိုက်စိုက်ငိုက်စိုက်နဲ့ R.C Hall ထဲကို ရောက်တော့ ကျွန်တော် အံ့အားသင့်သွားတယ်။

R.C Hall ကြီးက တိတ်လို့။

ကျောင်းသားတစ်ယောက်မှ မရှိကြဘူး။

ဘာများမှားယွင်းပါလိမ့်ဆိုပြီး စက္ကန့်တော်တော်များများ ကျွန်တော် ကြောင်ပြီး အသိလွတ်သွားတယ်။ အဲဒီအချိန်မှာ ကျွန်တော့်ကို လှမ်းမေးလိုက်တဲ့အသံကြောင့် ကျွန်တော် အသိဝင်လာတာ။ ခုံနံပါတ် တစ်သုံးခုနစ်ရှစ်က မင်းလား ... တဲ့။

ကျွန်တော့်ကိုလှမ်းမေးတဲ့ ဆရာမရဲ့မျက်နှာဟာ နားမလည်ခြင်း၊ ရှုပ်ထွေးခြင်း၊ ဒေါသထွက်ခြင်း၊ စိတ်ပျက်ခြင်းတွေနဲ့ အပြည့်ပဲ။ ကျွန်တော် ကမန်းကတမ်း ဟုတ်တယ်လို့ ဖြေပြီး ကြည့်လိုက်တော့ အဲဒီဆရာမနောက် ခုံတွေမှာထိုင်နေတဲ့ ဆရာမတွေကို တွေ့ရတယ်။ အားလုံး ခြောက်ဆယ့်လေးယောက်တိတိ။

ဒီတော့မှ ကျွန်တော် ချက်ချင်းသဘောပေါက်ပြီး နားလည်တယ်။ Botany မေဂျာတူပေမယ့် R.C Hall ထဲမှာ ကျွန်တော်နဲ့ အတူဖြေတဲ့ ကျောင်းသားတွေအားလုံးက Zoo မိုင်နာတွေလေ ...။ Chemistry မိုင်နာကို ဖြေတဲ့လူက ကျွန်တော်တစ်ယောက်ပဲ ရှိတာ မဟုတ်လား။ Chemistry မိုင်နာက အရင်ဖြေကြတာဆိုတော့ မိုင်နာသမားတွေ တစ်ယောက်မှ ဒီနေ့ မလာကြဘူး။ အိမ်မှာ စာကျက်နေကြမှာပေါ့။

ဆရာမ ခြောက်ဆယ့်လေးယောက်က တစ်ယောက်တစ်ပေါက် ကျွန်တော့်ကို ဝိုင်းပြီးပြောကြတယ်။ ကျွန်တော်လည်း ဘာမှ မပြောတော့



www.burmeseclassic.com

www.burmeseclassic.com

ပါဘူး။ အူငုပြီး နီးစပ်ရာခုံမှာ ထိုင်ချလိုက်မိတယ်။

"မင်း Chemistry မိုင်နာဆိုရင် ဘာဖြစ်လို့ ခုနံပါတ်က တစ်သုံး

ခုနစ်ရှစ် ဖြစ်နေရတာလဲ..."

ဒီတစ်ခါတော့ ကျွန်တော် အတိုချုံးဖြေရတယ်။ ဆရာမကိုသာ

အစအဆုံးရှင်းပြနေရင် ကျွန်တော် စာမေးပွဲတောင်ဖြေချိန် ရမှာ မဟုတ်ဘူး၊

"ကျွန်တော် Chemistry မိုင်နာလျှောက်ထားပြီး ကျောင်းအပ်

တာ နောက်ကျလို့ပါ"

"အေး... ကောင်းတယ် ကြုံပဲမကြုံဖူးပါဘူးတော်... တို့လည်း

ကျောင်းသားလုပ်... ဆရာမလုပ်လာတာ... ဒါမျိုး ရှိကိုမရှိဘူး။ တော်တော်

ဒုက္ခပေး သိလား"

"ဆရာမတို့က ဘာဖြစ်လို့ ဒီလောက်အများကြီး..."

"ဟဲ့... ဒီအခန်းမှာဖြေမယ့် ကျောင်းသားရှိနေတော့ တို့ ဂျူတီက

ဘယ်ဖြတ်မလဲဟဲ့။ နင့်ကြောင့် သိလား... နားမှမနားရတာ... သူကပဲ

ပြောရတယ်ရှိသေး"

လက်ထောက်ကထိကဆရာမကြီးက ကျွန်တော့်ကို ကြိမ်းပါတယ်။

အဲဒီအချိန်မှာပဲ Bell သံ စကြားတယ်။ အမှန်ဆို Bell သံကြားရင် မတ်

တတ်ရပ်၊ ဆရာမတွေက မေးခွန်းစာရွက်တွေ လိုက်ဝေ။ ရပြီးတဲ့ကျောင်း

သားက ထိုင်ပြီး ကမန်းကတမ်း စာရွက်ကို ဖတ် ကျက်ထားတာတွေ Spot

တွေ ပါရဲ့လား အထိတ်တလန့်ကြည့်... အဲဒီလိုဖြစ်ရမှာ။ ဒါဟာ စာမေး

ခန်းရဲ့ရနံ့နဲ့ စာမေးပွဲခန်းရဲ့ ရင်ခုန်သံပေါ့ဗျာ။ ကျွန်တော့်အဖြစ်ကတော့

အဲဒီလို ဖြစ်မလာပါဘူး။ ကျွန်တော် မတ်တတ်လည်း မရပ်ဘူး။ ဘာလုပ်





ရမှန်းလည်း မသိဘူး။ ကျွန်တော့်ကို မျက်လုံးပြူးကြောင်ကြောင် ပြူးစေ့စေ့

ခိတ်ဝင်တစားနဲ့ ဝိုင်းကြည့်နေကြတဲ့ ဆရာမငယ်ငယ်ကလေးတွေကြားမှာ

ဒုက္ခရောက်နေတာပဲ သိတယ်။

ဆရာမတစ်ယောက်က ချိတ်ပိတ်ထားတဲ့စာအိတ်အညိုကို ဖွင့်ပြီး

မေးခွန်းစာရွက်တစ်ရွက်ကို ထုတ်ပြီး အေးအေးဆေးဆေးပဲ လှမ်းပေးတယ်။

နောက်ဆရာမတစ်ယောက်က အဖြေစာရွက် လာပေးတယ်။ ကျွန်တော့်

လွယ်အိတ်က ကျွန်တော့်နံဘေးက ခုံပေါ်မှာပါ။ ဒါပေမယ့် ဆရာမတွေက

ဘာမှ မပြောပါဘူး။ ဟုတ်တယ်လေ မျက်လုံးတစ်ရာ့ရှစ်လုံးအောက်မှာ

ကျွန်တော့်လွယ်အိတ်ကို လွယ်ဖြေလည်း ဘာလုပ်လို့ ရမှာမို့လို့လဲ...။

ကျွန်တော် မေးခွန်းကိုတောင် မဖတ်နိုင်ဘဲ ငေါင်ပြီး ထိုင်နေမိတယ်။

နံအလွတ်တွေရယ် R.C Hall ရဲ့တိတ်ဆိတ်မှုရယ်ကို လျှောက်ငေးနေမိ

တယ်။ ဆရာမတွေက ဟိုနားတစ်ဖွဲ့၊ ဒီနားတစ်ဖွဲ့ထိုင်ပြီး ကျွန်တော့်လှုပ်

ရှားမှုကို ကြည့်နေကြတယ်။ မုံရွေးစာအုပ်တိုက်က ထုတ်တဲ့ စာအုပ်တစ်အုပ်

နာမည်ကို ချက်ချင်းသတိရပါတယ်။ ဒေါက်တာသန်းထွန်းရေးတဲ့ 'မင်း

ဂနဲ့ မင်း'... တဲ့။

ဆရာမတစ်ယောက်က ဖြေလေ ဘာလုပ်နေတာလဲဆိုတော့မှ ကျွန်

တော် စာရွက်ကိုကောက်ကြည့်ပြီး ရတဲ့အပုဒ်တွေကို ကြိုးစားပြီး ဖြေရ

တယ်။ ကြိုးစားရတယ်ဆိုတာ စာကို မဟုတ်ပါဘူး။ စာမေးပွဲဖြေဖို့ကိုပါ။

ကျွန်တော့်စိတ်ထဲမှာ စာမေးပွဲဖြေနေရတယ်လို့ကို မထင်ဘူးဗျာ။ စာမေးပွဲ

ဖြေရတဲ့ mood နဲ့ အရသာ ဘာမှကိုမရှိဘူး ဖြစ်နေတာ။

စာရေးရင်း မော့ကြည့်လိုက်ရင် ခုံအလွတ်တွေမှာ အုပ်စုဖွဲ့ထိုင်ရင်း



www.burmeseclassic.com

www.burmeseclassic.com



စကားပြောနေကြတဲ့ ဆရာမတွေ လေးငါးယောက်တစ်ဖွဲ့ကို တွေ့နေရတယ်။ အဲမယ် ကိုယ့်လူရေ... ဆရာမတစ်ယောက်ကဆို နှုတ်ခမ်းနီတွေ ဘာတွေတောင်မှ ဆိုးနေသေးဗျ။ ကျွန်တော်ငေးတာကို တွေ့သွားတော့ အဲဒီတီချာ ရှက်သွားပုံပေါ်တယ်။ မျက်နှာကြီးနီပြီး "ဘာကြည့်တာလဲ ကိုယ့်ဘာသာဖြေလေ" လို့ လှမ်းဟောက်တယ်။

နာရီဝက်လောက်ရောက်သွားတဲ့အထိ ကျွန်တော့်မှာ တစ်ပုဒ်မပြီးသေးဘူး ဖြစ်နေတယ်။ အဲဒီအချိန်မှာ ကျွန်တော်တို့ ရက္ခဗေဒပါမောက္ခ ဒေါက်တာတင်မြင့်နဲ့ ဆရာတွေအဖွဲ့ R.C Hall အပြင်လမ်းကို ဝင်လာကြတယ်။ ပါမောက္ခပုံစံက အေးအေးဆေးဆေး သက်သောင့်သက်သာ ခေါင်းငုံ့လျှောက်လာတာပါ။ တခြားအခန်းတွေကို စစ်ဆေးပြီး R.C Hall ကို ဖြတ်ပြီး ဟိုဘက်အခန်းတွေကို သွားစစ်မလို့ R.C Hall ထဲ ဝင်လာတဲ့ပုံမျိုးပါ။

ဘာကြောင့် ကျွန်တော် ကျိန်းသေပြောနိုင်တာလဲဆိုတဲ့ R.C ထဲမှာ ဆရာမတွေအများကြီးကို တွေ့လိုက်ရတော့ အံ့သြပြီး မျက်လုံးပြူးသွားတာ ကျွန်တော် သေသေချာချာကို မြင်လိုက်ရလို့ပါပဲ။ ပါမောက္ခက နားမလည်ဟန်နဲ့ မျက်မှောင်ကြုတ်ပြီး အခန်းထဲကို ဝင်လာပါတယ်။ ဆရာမတွေလည်း မတ်တတ်ရပ်ကြပေါ့လေ။

အခန်း incharge လက်ထောက်ကထိကဆရာမက ပါမောက္ခနားကိုသွားပြီး တိုးတိုးရှင်းပြဟန် တူပါတယ်။ ကျွန်တော့်ကို အားလုံး ဝိုင်းကြည့်နေကြပုံက တော်တော့်ကို ဒုက္ခရောက်တယ်ဗျာ။ ပါမောက္ခက နားလည်သွားဟန်နဲ့ ကျွန်တော့်ဆီကိုပြုံးပြီး ခေါင်းယမ်းရင်း ရောက်လာတယ်။





"ဖြေနိုင်ရဲ့လား တပည့်၊ အင်း... မင်းအချစ်ကလည်းကွာ... ဟား... ဟား... ဟား"

ကျွန်တော့်အဖြေလွှာကို ငုံ့ကြည့်ရင်းပြောတော့ ကျွန်တော်လည်း မတ်တတ်ရပ်ရပါတယ်။ ဒါပေမယ့် ဘာမှပြန်မပြောဖြစ်ဘူး။ ပါမောက္ခက ကျွန်တော့်ပခုံးကို ပုတ်ရင်း သက်ပြင်းချရင်း ခဏရပ်နေသေးတယ်။ ပြီးတော့မှ ဖြေဖြေ... တဲ့... အောင်မှာပါကွာ... လို့ အားပေးပြီး ထွက်သွားတယ်။

ပါမောက္ခကိုယ်တိုင်က အားပေးသွားတာဆိုတော့ ဂုဏ်ယူစရာကြီးပေါ့။ ဒါပေမယ့် အဲဒီအချိန်မှာတော့ မွန်ထူပြီး ဘာကိုမှ သတိမရနိုင်ပါဘူးဗျာ။ ပါမောက္ခလည်း ထွက်သွားပြီးလို့ သိပ်မကြာဘူး။ ဆရာမတွေလည်း ငါးယောက်တစ်တွဲ၊ ခြောက်ယောက်တစ်ဖွဲ့ ထွက်သွားလိုက်တာ အခန်းထဲမှာ ရှစ်ယောက်၊ ကိုးယောက်လောက်ပဲ ကျန်တော့တယ်။ အမှန်တော့ ဒါတောင် များနေသေးတာပါ။ တစ်ယောက်ရှိနေရင် ကျွန်တော့်အတွက် လုံလောက်ပါတယ်။ ဆရာမတွေ တော်တော်နည်းသွားလို့ ကျွန်တော်လည်း စာနည်းနည်းဖြေလို့ ရလာတယ်။

စာမေးပွဲအချိန် တစ်နာရီခွဲလောက်အကြာမှာ မြကျွန်းသာကဖီးက စားပွဲထိုးကလေး လင်ပန်းကလေးကိုင် ရောက်လာပြီး လက်ဖက်ရည်ကော်ဖီနဲ့ ပေါင်မုန့်ထောပတ်သုတ်တွေ လာချတယ်။ ကျွန်တော့်ကိုစောင့်နေကြတဲ့ ဆရာမတွေက ကျွန်တော့်အရှေ့ ဘယ်ဘက်သုံးခုံကျော်မှာ ခြောက်ယောက် အနောက် ညာဘက်မှာ နှစ်ယောက်နဲ့ ကျွန်တော့်ခပ်ယွန်းယွန်း ညာဘက်က ခုံမှာ တစ်ယောက်ပါ။ အဲဒီဆရာမက မှတ်မှတ်ရရ ဆရာချစ်ဦးညိုရဲ့ ပန်းမှုန်ဝေ ဝတ္ထုစာအုပ်ကို ဖတ်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲကိုရောက်လာတဲ့ လက်ဖက်ရည်နံ့က မွှေးနေတာပဲ။ ကျွန်တော့်စိတ်ထဲမှာ ဘယ်လိုမှမထိန်းနိုင်ဘဲ လက်ဖက်ရည်သောက်ချင်လာတယ်။ ကျွန်တော် မျိုသိပ်ပါသေးတယ်။ ဒါပေမယ့် မရဘူးဗျာ။ သာမန် စာမေးပွဲခန်းဆိုရင်တော့ စာမေးပွဲခန်းရဲ့ကြောက်လန့်မှုနဲ့ လက်ဖက်ရည်ရနံ့ကို ကျွန်တော် စိတ်ဝင်စားမိမှာ မဟုတ်ဘူး။ ဒါပေမယ့် အခုတော့ မရဘူးဗျာ။ တစ်သက်မှာ ဒီတစ်ခါလောက် လက်ဖက်ရည်သောက်ချင်စိတ် ပြင်းထန်တာ တစ်ခါမှ မကြုံဖူးဘူး။

ကျွန်တော်နဲ့သိနေတဲ့ စားပွဲထိုးကလေးက ဆရာမတွေအများကြီးနဲ့ Hall ထဲမှာ စာမေးပွဲဖြေနေတဲ့ ကျွန်တော့်ကို တအံ့တသြငေးနေတယ်။ သူလည်း ကျောင်းထဲကစားပွဲထိုးဆိုတော့ စာမေးပွဲဆိုတာ ဒီပုံစံမဟုတ်ဘူး ဆိုတာ သိပုံရပါတယ်။ ကျွန်တော် စိတ်မထိန်းနိုင်တော့တာနဲ့ ဆရာမကို တောင်းဆိုတယ်။

“ဆရာမ ကျွန်တော့် လက်ဖက်ရည်သောက်ချင်တယ်”

လက်ဖက်ရည်ခွက်တွေ လှမ်းပေးနေတဲ့ incharge ဆရာမကြီးက ကျွန်တော့်ကို ငဲ့ကြည့်တယ်။ ပြီးတော့ ခဏစဉ်းစားတယ်။ ကျန်တဲ့ဆရာမတွေကလည်း ပြုံးကြတယ်။

“အေး… မင်းမလည်း ဒုက္ခပဲ၊ အေးလေ… ငါတို့လည်း လက်ဖက်ရည်ကြိုက်တတ်တော့ အနံ့ရရင် ဒီလိုနေမှာပဲ၊ ကဲ… သောက်ပါစေ… သောက်ပါစေ… အေးအေးလွင်… ဆရာမ မသောက်ရင် အဲဒီတစ်ခွက် ပေးလိုက်”

ဆရာမလေးက မဲ့ပြုံးပြုံးရင်း လက်ဖက်ရည်ခွက် လာချပေးတယ်။





သူ့မဲ့ပြုံးက တော်တော်ဟုတ်နေတယ်ပေါ့လေ… ဆိုတဲ့ ပုံမျိုး ကျွန်တော့်ရှေ့ကို လက်ဖက်ရည်ခွက်ရောက်လာတော့ ကျွန်တော် တော်တော်ပျော်သွားတယ်။ ရင်ထဲမှာလည်း ကျေနပ်သွားတယ်။ ကိုယ့်လူ စဉ်းစားကြည့်လေ… တက္ကသိုလ်မှာ စာမေးပွဲဖြေရင်း လက်ဖက်ရည်သောက်ရတယ်ဆိုတဲ့ အဖြစ်မျိုးက ကျွန်တော်တစ်ယောက်ပဲရတာ မဟုတ်လား။ လက်ဖက်ရည်လေး ငုံလိုက် မြုံလိုက်… စာကိုစဉ်းစားပြီး ရေးလိုက်နဲ့ အဟား… တော်တော် ရခဲ့တဲ့ အရသာပါပဲ။

ဆရာမတွေကလည်း အေးအေးဆေးဆေးပါ။ နယ်ကို Transfer တင်တဲ့ အကြောင်းတွေ၊ ဘယ်ဆရာမနဲ့ ဘယ်ဆရာ ကြိုက်နေတယ်ဆိုတာတွေ၊ စစ်ဗိုလ်တစ်ယောက်နဲ့ ယူပြီး ထွက်သွားတဲ့ ဆရာမတစ်ယောက် အကြောင်းတွေကို ပြောနေကြတယ်။ လက်ဖက်ရည်ကုန်တော့ စာမေးပွဲ ဖြေချိန် နှစ်နာရီနီးပါးရှိနေပြီ။ ကျွန်တော်လည်း ၈ မှတ်တန် ၂ ပုဒ်နဲ့ ၁၆ မှတ်တန် တစ်ပုဒ်ဖြေပြီးနေပြီ။ ကျွန်တော်က Chemistry လက်တွေ့ ရက်မှန်ခဲ့လေတော့ နောက်ထပ် ၁၆ မှတ်တန်တစ်ပုဒ်လောက် ဖြေပြီးရင် အောင်မှတ်က သေချာနေပါပြီ။

ဒါပေမယ့် ခက်တာက ကျွန်တော်ခံတွင်းချဉ်နေတာပဲ။ လက်ဖက်ရည်သောက်ပြီးတော့ ဆေးပေါ့လိပ်ကလေး ဖွာချင်လာတာပေါ့။ ကျွန်တော် ထပ်တောင်းဆိုတော့ ဆရာမကြီးက ဒါကိုတော့ ငြင်းတယ်။

“ဒီမယ် ကိုယ်တော် အခွင့်အရေးလည်း သိပ်မယူနဲ့ဦး၊ စာမေးပွဲ ဖြေရင်း ဆေးလိပ်သောက်တာတော့ မရဘူး၊ သောက်ချင်ရင် အပြင်ထွက် သောက်”



www.burmeseclassic.com

www.burmeseclassic.com



ဆရာမကြီးပြောတဲ့ အပြင်ထွက်သောက်ဆိုတာက ရေ့ဘက်ခုံကို ပြောင်းပြီး သောက်ရတာကို ပြောတာပါ။ ကျွန်တော် ဆေးပေါ့လိပ်ကို အားရပါးရဖွာတော့ နောက်က ဆရာမကလေးနှစ်ယောက်က ပြုံးကြည့်ရင်း ကျွန်တော့် Answer Paper ကို လှမ်းယူကြည့်ရင်း ဖြေနိုင်လားလို့ မေးကြတယ်။ နှစ်နာရီနီးပါးအတူနေလိုက်ရတော့ ရင်းနှီးသွားပုံပါပဲ။ ကျွန်တော်လည်း မဆိုးပါဘူးပေါ့လေ။ နှစ်နာရီခွဲကြာရင် ထွက်လို့ရတယ် မဟုတ်လား… လို့ မေးတော့ သူတို့က ကျွန်တော်ဖြေထားတာတွေကို လှျောက်ကြည့်ရင်း အပုဒ်သေးနှစ်ပုဒ်နဲ့ အပုဒ်ကြီးတစ်ပုဒ်ပဲ ရှိသေးတာ… ဖြေဦး… တဲ့။ ပြီးမှသိရတာက အဲဒီဆရာမနှစ်ယောက်က Chemistry Major ကပါ။ တစ်ခုခု မရှင်းတာရှိရင် မေးလို့ရအောင် အခန်းတိုင်းမှာ ထားရ တာဝန်ကျရတဲ့ သဘောပါ။ တက္ကသိုလ်မှာက ကိုယ့်မေဂျာမဟုတ်ရင် အသေးစိတ်မသိကြဘူးကိုး။ ပြီးတော့ အဲဒီတုန်းက တက္ကသိုလ်မေးခွန်းတွေက ပါမောက္ခလက်ရေးနဲ့ ထုတ်တာ၊ အခုလို Computer တွေ ဘာတွေနဲ့ မဟုတ်ဘူး မဟုတ်လား။

ဒီလိုနဲ့ နှစ်နာရီခွဲလောက်ဖြေပြီးတော့ ကျွန်တော့်အောင်မှတ်ကို Chemistry က ဆရာမတွေလည်း ကျေနပ်သွားကြတယ်။ ကျွန်တော်လည်း ဒီ R.C Hall ကြီးထဲက ထွက်ပြေးချင်နေပြီမို့ Answer paper အပ်၊ ဆရာမတွေကို ကျေးဇူးတင်ကြောင်းပြောပြီး ထွက်ရတယ်။ သူတို့ကလည်း ကျေးဇူးတင်တယ်တဲ့။ အခန်းပြင်ထွက်လာပေမယ့် စာမေးပွဲဖြေတဲ့အရသာကို မရပါဘူး။ ကိုယ်တစ်ယောက်တည်းမို့ ပျင်းခြောက်ခြောက်ကြီး။

အဲဒီ တစ်သုံးခွန်ရှစ်ရဲ့ ဒုက္ခက အဲဒီမှာတင် ပြီးသလားဆိုတော့





မဟုတ်ဘူး။ စာမေးပွဲအောင်စာရင်းထွက်တဲ့အထိ ပါတယ်။ အဲဒီနှစ်မှာ ကျွန်တော် အောင်ပါတယ်။ အဲဒီစာမေးပွဲဟာ ကျွန်တော့်ကျောင်းသားဘဝရဲ့ နောက်ဆုံးနှစ်ရဲ့ နောက်ဆုံးဘာသာ စာမေးပွဲ။ ကျွန်တော်သူငယ်ချင်း အေးကိုကိုတို့၊ ခင်ခင်သော်တို့၊ ထွန်းဖေတို့လို လွမ်းမယ်ဆို လွမ်းစရာ အထူးအဆန်းပေါ့။ အဲဒီစာမေးပွဲပြီးတဲ့နောက် တစ်ခုမှ မဖြေရတော့ပါဘူး။ အမှတ်တရပေါ့လေ။

စာမေးပွဲအောင်စာရင်းထွက်လို့ သွားကြည့်တော့ ကပ်ထားတဲ့စာရွက်ထဲမှာ ကျွန်တော့်နာမည်တွေ့လို့ ပျော်မယ်ကြံတုန်း “ဟယ်… နင်အောင်တယ် ဒါ နင့်ခုံနံပါတ်မဟုတ်လား… နင် အောင်တယ် ဟုတ်လား” လို့ ကျွန်တော်က တအံ့တသြ အော်ကြီးဟစ်ကျယ်မေးတဲ့ကျောင်းသူနဲ့ တွေ့ပါတယ်။ စာကို အော်ပြောပြီးတော့ဖြေတဲ့ ကျောင်းသူလေးဗျာ…။ ကျွန်တော်လည်း လူကြားထဲမှာ အအော်ခံလိုက်ရတော့ ကြောင်ပြီး ဘာပြောရမှန်း မသိတော့ဘူး။

“နင်… အောင်တယ်ဟုတ်လား”

“ဟုတ်တယ်လေ… ခင်ဗျားလည်း အောင်တာပဲ… ဘာဖြစ်လို့လဲ”

“နင် ဘယ်လိုလုပ်အောင်တာလဲ”

သူ့ တအံ့တသြအမေးကြောင့် ကျွန်တော် သဘောပေါက်လိုက်ပါတယ်။ သူနဲ့ ကျွန်တော်က ခုံနံပါတ်ကပ်လျက်ဆိုတော့ သူ ကျွန်တော့်ကို Zoo မိုင်နာပဲ ထင်မှာပါ။ Zoo ဖြေတဲ့နေ့မှာ ကျွန်တော်မလာတာကိုလည်း (သူနဲ့ ပြဿနာတက်ထားတော့) သူ သတိထားမိလိမ့်မယ်။ ကျွန်တော်တော့ ကျပြီလို့ သူ တထစ်ချတွက်ထားမှာပဲ။ ကျွန်တော်လည်း သူ့ အအားသင့်ပုံကို



www.burmeseclassic.com

www.burmeseclassic.com



ချဉ်သွားတာနဲ့ "အောင်တယ်ဆိုတာ မကျလို့ပေါ့" လို့ ဖြေလိုက်တယ်။

ကျွန်တော့်စကားက ခပ်တုံးတုံးစကားပါ။ ဒါပေမယ့် သူ့အတွက်တော့ ဆန်းနေမှာ အမှန်ပဲ။

"မဟုတ်ဘူးလေ နောက်ဆုံးနေ့က နင်လာမဖြေဘူးလေ ဟဲ့... ဟုတ်တယ်နော် ကေသီ၊ ငါတောင်မှ နင့်ကို ပြသေးတယ်"

"အေးလေ"

"စာမေးပွဲဆိုတာ လာမဖြေတိုင်း ကျတာမှ မဟုတ်တာ။ အခု ငါ အောင်တယ် တွေ့လား"

ကျွန်တော်ပြောပြီး လှည့်ထွက်ခဲ့တယ်။ သူတို့ ကျွန်တော့်နောက်ကျောသေးသေးကလေးကို အံ့သြစိတ်၊ နားမလည်စိတ်နဲ့ ငေးကြည့်နေကြမှာ အမှန်ပါပဲ။ ကျွန်တော် သူတို့ကို ခေါင်းစားခဲ့တာ မဟုတ်ပါဘူး။ ထပ်မပြောပြ မရှင်းပြချင်တော့ဘူးဗျာ။ ဒီတစ်သုံးခုနစ်ရှစ်အကြောင်းကို ပဟေဠိတစ်ခုအနေနဲ့ ထားခဲ့ချင်တာ အခုမှပဲ အောင်မြင်တော့တယ်။ ဒါကြီးကို ထပ်ပြောပြောပြနေရတာ ငြီးငွေ့လွန်းလို့လေ...။

*(၁၉၉၃- တက္ကသိုလ်စာမေးပွဲအမှတ်ရ)*

❐





# ဇာတ်သိမ်းမှားတဲ့ ဒိုင်ယာရီ



www.burmeseclassic.com

www.burmeseclassic.com





ကျောင်းတက်ခေါင်းလောင်းသံကို ကြားရသည်နှင့် ကျွန်တော်တို့ ငါးယောက် ကျောင်းထဲသို့ ဝင်ကြရသည်။ ယနေ့ခေတ်အတွက်တော့ ထို စကားမှာ အနည်းငယ်သွားရှုပ်သွားစရာ အကြောင်းရှိပါသည်၊ ကျွန်တော် တို့ (၁၀)တန်းတစ်နှစ်ကျသည့် ၁၉၈၃ ခုနှစ်က ကျွန်တော်ဘို့မှာ ယနေ့ ခေတ် ကျောင်းသားများလို ကျောင်းစာသင်ခန်းအပြင် ဆရာများ၊ ဆရာမ များရှေ့တွင် စတိုင်(လ်) ကျကျ ခပ်တည်တည်မနေရပါ။ ကျောင်းသို့တဖွဲဖွဲ လာနေကြသော ကောင်မလေးများရှေ့တွင်လည်း စတိုင်(လ်)ပါပါဖြင့် အိုက်တင်ခံချင်ကြ၏။

မည်သည့်အတန်းကိုသင်သည့် ဆရာ၊ ဆရာမကဖြစ်စေ ကျွန်တော် တို့ စီးကရက်သောက်နေတာကို မြင်သွားလျှင် အပြစ်ပေး၍ရသည်။ ဆုံးမ ၍ ရသည်။

ကျွန်တော်တို့ငါးယောက်ဆိုသည်မှာ ကျွန်တော်၊ မောင်နီ၊ ရဲမြင့်တိုး၊ အောင်စိုးနိုင်နှင့် စောနိုင်တို့ဖြစ်သည်။ အတန်းထဲရောက်ပြီး 'မင်္ဂလာပါ ဆရာမ'... ဟူသည့် အသံအဆုံး ကျောင်းသားတွေအားလုံး ထိုင်ကြတော့ ခင်မျိုးထွေးက မထိုင် လက်ပိုင်ကာ ရပ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ခင်မျိုးထွေး ဘာဖြစ်လို့ မထိုင်တာလဲ"

"သမီး... ဆရာမကို တိုင်စရာရှိလို့ပါ ဆရာမ"

ခင်မျိုးထွေး၏စကားကြောင့် အတန်းသည် ရုတ်တရက် ငြိမ်ကာ သွားသည်။ ကျွန်တော်တို့လည်း စိတ်ညစ်ကာ ထိတ်လန့်သွားကြ၏။ ကျောင်းတက်ခါစ အတန်းပိုင်ဆရာမဒေါ်ပွလျှင် တစ်နေ့လုံး ကျွန်တော်တို့ အတန်း သွားပြီ။ ဆရာမကလည်း စာကို ရယ်ရယ်မောမောမသင်တော့ဘဲ ပြဿနာကိုအကြောင်းပြုကာ တစ်တန်းလုံးကို ဆူတော့မည်။ ကျန်သည့် ဆရာများကလည်း ပြဿနာတက်ပြီးသားအတန်းဆိုလျှင် ခပ်တည်တည်၊ ခပ်ထန်ထန်ဆက်ဆံတတ်သဖြင့် ကျွန်တော်တို့မှာ နောက်ထပ်အပြစ်တစ်ခု မရ,ရအောင် မလှုပ်ရဲ မရှားရဲ၊ မပျော်ရဲ မပါးရဲ၊ မအော်ရဲ မဟစ်ရဲဖြင့် တော်တော်စိတ်ညစ်ရတတ်၏။ ထို့ကြောင့် ကျွန်တော်တို့အားလုံး ငြိမ်ကျ သွားခြင်း ဖြစ်ပါသည်။

"ကဲ... အတန်းတောင်မှ မစ,ရသေးပါလား၊ ကဲ... ခင်မျိုးထွေး သမီး ဘာလဲပြော"

"သမီးကို အောင်အောင် စာပေးလို့ပါ ဆရာမ"

သွားပြီ။ ကျွန်တော်တို့တစ်တန်းလုံး ချောက်ချားကာ အောင်အောင့် ကိုလှည့်ကြည့်တော့ အောင်အောင်လည်း အတော် တုန်လှုပ်ကာနေ၏။ ခင်မျိုးထွေးက ဆရာမကို သူ့လွယ်အိတ်ထဲမှ စာကို ထုတ်ကာပြသည်။ ဆရာမက ကျောင်းမတက်မီ မုန့်သွားစားခိုက် ခင်မျိုးထွေးလွယ်အိတ်ထဲကို အောင်အောင် စာဝင်ထည့်တာကိုမြင်သည့် ကျောင်းသူများကို ဒေါသဖြင့် စစ်ဆေးသည်။





အောင်အောင့်အပြစ်သည် ကျောင်းသားချင်းရန်ဖြစ်သည့် အမှုထက် လွဲလျှင် ဒုတိယအကြီးဆုံးသောအမှုသာလျှင် ဖြစ်သည်။ ကျွန်တော်တို့ တုန်းက ကျောင်းသားကျောင်းသူချင်း ချစ်ရေးချစ်ရာကိစ္စကို တင်းကြပ် ပြတ်သားစွာ တားမြစ်သည်။

"အေး... မင်းတို့ အခုအချိန်မှာ စာပဲ ကြိုးစားကြ၊ အချင်းချင်းကို မောင်နှမလို အတန်းဖော်လိုပဲ သဘောထားရမယ်၊ (၁၀)တန်းအောင်လို့ တက္ကသိုလ်ရောက်ရင် မင်းတို့ လူကြီးဖြစ်ပြီ၊ မင်းတို့ကိုယ်မင်းတို့ ထိန်း တတ်သွားပြီ၊ အဲဒီကျတော့ မင်းတို့ စဉ်းစားတတ်သွားတဲ့လွတ်လပ်မှုတွေ ကို ရမယ်၊ တက္ကသိုလ်ရောက်ရင် မင်းတို့ချစ်ချင်သလို ချစ်ကြ"

ထိုစကားကို ကျွန်တော့်အသက်အရွယ်ရှိနေသူတိုင်း ဆရာများထံမှ ကြားဖူးခဲ့လိမ့်မည်ထင်သည်။ ကျွန်တော်တို့တုန်းက (၁၀) တန်းအောင်ချင် သောစိတ်သည် ငါလူကြီးဖြစ်ပြီ... ဟု အသိအမှတ်ပြုခံရချင်စိတ်နှင့် တက္ကသိုလ်ရောက်လျှင် ချစ်ချင်တာချစ်၊ စိုးရိမ်ကြောင့်ကြ ကြောက်ရွံ့စရာ မလိုတော့ဟူသော စိတ်နှစ်ခုမှာ အကြီးမားဆုံးဖြစ်သည်။ အတော်ရည်မှန်း ချက် ကြီးမားပါပေသည်ဟု ပြောလျှင် ပြော၍ရပါသည်။

လူငယ်တစ်ယောက်ဘဝတွင် မိမိကို လူ့ပတ်ဝန်းကျင်က အသိအမှတ် ပြု ခံချင်စိတ်နှင့် ခံစားမှုရေးရာ လွတ်လပ်လိုစိတ်သည် အတော်ကြီးမား သော၊ အရေးကြီးသောအချက်တစ်ခုသာ ဖြစ်သည်မဟုတ်လား။ မည်မျှ ပညာရေးကိုသာ အလေးထားသူဟုဆိုဆို ထိုအချက်နှစ်ချက်ကတော့ ပြော စရာမလိုဘဲ ပါနေလိမ့်မည်ဖြစ်သည်။

သက်သေတွေစုံတော့ ဆရာမ ဒေါသတော်တော်ထွက်နေပြီဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ကျွန်တော်တို့ဆရာမက ဒေါ်ကြည်ကြည်ဖြစ်သည်။ အသားဖြူဖြူ ရုပ်ရည်သန့်ပြန့်ကာ တစ်ကျောင်းလုံးမှာ အချောဆုံး ဆရာမတစ်ဦး ဖြစ်သည်။ ထိုအလုပ်ပြီးလျှင် ဒုတိယ နာမည်ကျော်သည့်ကိစ္စက အိမ်သာထွက်လျှင် ကိုင်ရသည့် သစ်သားပြားဖြင့် လက်ဆစ်ကိုခေါက်တတ်ခြင်းပင် ဖြစ်သည်။ ဆရာမက သူ ဒေါသထွက်လွန်းမက ထွက်မှ ကြိမ်လုံးကို သုံးတတ်၏။

အခုတော့ ဆရာမက ကြိမ်လုံးကိုဆွဲယူကာ တစ်တန်းလုံးကို ဆူသည်။ တစ်ယောက်မှ တုတ်တုတ်မလှုပ်ရဲကြ။ ကျွန်တော်တို့ တစ်နှစ်ကျ ကျောင်းသားတွေကိုပင် ဟိုကောင်တွေလည်း ကြပ်ကြပ်သတိထား... ဟု ကြိမ်းလိုက်သေးသည်။ တုံးလိုက်သည့်ငနဲ အောင်အောင်ကလည်း ရည်းစား စာကို အိမ်ငှားစာချုပ် မှတ်နေသလားမသိ။ နာမည်ရေးကာ လက်မှတ်များပင် ထိုးပေးလိုက်သေးသည်။ ထို့ကြောင့် လိမ်ခွင့် ငြင်းခွင့် ရှောင်ခွင့် မရှိတော့။

"ကဲ... မင်းမှာ အပြစ်ရှိသလား အောင်အောင်"

"ဟုတ်... ဟုတ်ကဲ့... ဆရာမ"

"အေး... ဒါဆိုရင်... မင်း ဆရာမဆုံးမတာ ခံမလား၊ ရုံးခန်း သွားမလား"

"ဆရာမ ဆုံးမတာပဲ ခံပါ့မယ် ဆရာမ"

"အေး... ဒါဆိုရင် ရှေ့ထွက်ခဲ့"

မည်သည့်ကျောင်းသားမှ ရုံးခန်းတော့မသွား။ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းရီက အပျိုကြီးဖြစ်ပြီး၊ သမီးရည်းစားကိစ္စ၊ ရန်ဖြစ်သည့်ကိစ္စများတွင် အရိုက် အလွန်လက်သံပြောင်သည်။ ကိုယ့်အတန်းပိုင်ဆရာမကမှ ညာလျှင်ညာဦးမည်။ ထို့ကြောင့် အောင်အောင် လက်ပိုက်ကာ စတိတ်





ခုံပေါ်သို့ တက်သွားသည်။ ဆရာမက ကြိမ်လုံး လေးပင့်ပူးကို ညွှတ်ကာ ညွှတ်ကာ စောင့်နေ၏။ ဆောင်းဦးပေါက်စက မနက်စောစော အေးအေး စက်စက်ကြီးမှာ အဆော်ခံရမည့် အောင်အောင်၏တင်ပါးကို အားလုံး ကိုယ်ချင်းစာကြပါသည်။

ကျွန်တော်တို့လို အချစ်ကို ခံစားတတ်သူများကတော့ အောင်အောင့် နှလုံးသားကို ပို၍ကိုယ်ချင်းစာသည်။

* * *

[နှစ်]

သူ့ဘာသာ လုရည်ချွန်ပဲ ရဖူးဖူး၊ အဆင့် (၁) ပဲ ရရ၊ ချမ်းပဲ ချမ်းသာသာကွာ ဒီကောင်မကိုက လွန်ပါတယ်၊ ပြန်မကြိုက်လည်း ပြီး တာပဲ၊ ဆရာမတွေကို တမင်ဖားတာ"

"သူ့ကိုယ်သူ ဒါမျိုးတွေကင်းရှင်းကြောင်း၊ စာပဲ စိတ်ဝင်စားကြောင်း ပြတာပါကွာ"

"ဆရာမကလည်း လွန်ပါတယ်ကွာ၊ ရစ်ချက်လား ကိုးချက်လား တီးတာ၊ အောင်အောင်က အေးတာပဲ၊ စာလည်း အဆိုးကြီးမှ မဟုတ်တာ၊ တင်ဦးတို့လိုကောင်မျိုးဆို ထားတော့"

"ဆရာမက ငါးချက်လောက်ပဲ တီးတာကွ၊ ဟိုကောင်က လက် ပိုက်ပြီး ဆက်ရပ်နေတော့ နောက်အချက်တွေ ဒေါကန်ပြီး ဆော်တာ"

ကျွန်တော်တို့အုပ်စု ကျောင်းဆင်းတော့မှ ကျောင်းရှေ့ စိန်ပန်းကားတာ ဆိုင်မှာ လက်ဖက်ရည်နှစ်ခွက်ဖြင့် မနက်ကကိစ္စကို ဝေဖန်ဖြစ်ကြသည်။ ခင်မျိုးထွေးကို မည်သူမှ မကျေနပ်ကြ။ ခင်မျိုးထွေးက စာတော်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဆင့် (၁) အမြဲဆိုသလိုရသဖြင့် ဆရာ ဆရာမများကလည်း မျက်နှာသာ ပေးကြသည်။ (၈) တန်းနှစ်က လူရည်ချွန်ဝင်ဖြေကာ ရသွားဖူးသည်။ ကျွန်တော်တို့ သဃ်န်းကျွန်း အ.ထ.က (၃) ၏ တစ်ဦးတည်းသော လူရည်ချွန်လည်း ဖြစ်သည်။ ရုပ်ရည်ကတော့ ကြည့်ကောင်းရုံ။ မျက်ဝန်းလှလှ၊ နှုတ်ခမ်းပါးပါး၊ ကိုယ်လုံးကိုယ်ပေါက်လှသည်။

ခင်မျိုးထွေးက အဆင့် (၁) ရသူပီပီ အတန်းထဲမှာ အခြားကျောင်းသူတွေနှင့် သိပ်မရော။ ယောကျ်ားလေးအပေါင်းအသင်း လုံးဝမရှိ။ အားလျှင် စာအုပ်နှင့် မျက်နှာအပ်။ စာမေးလျှင် သူ အရင်ဆုံး ထ,ထဖြေတတ်သော ကျောင်းသူဖြစ်သဖြင့် ကျွန်တော်တို့တော်တော်များများက ခင်မျိုးထွေးကို ကြည့်၍ မရကြ။ ကျွန်တော်တို့ကတော့ အဆင့် (၁) မပြောနဲ့ အဆင့် (၁၅) နားပင် ကပ်ဖူးသည့်ကောင်တွေ မဟုတ်။ အမြဲတမ်း တစ်ဘာသာလောက်တော့ မှန်မှန်ကျတတ်၏။

သို့သော် ကျွန်တော်တို့က ရန်ဖြစ်၊ ပြဿနာရှာ၊ စာလုံးဝမရ၊ ဆရာမနှင့် ပြဿနာတက်၊ အဲဒီလိုကျောင်းသားမျိုးလည်း မဟုတ်။ စီးကရက်ခိုးသောက်ရုံ၊ တစ်ခါတစ်ရံ ကျောင်းပြေးရုံ၊ အဖြူအစိမ်း မှန်မှန်မဝတ်တတ်သူ၊ မိန်းကလေးများနှင့် စ,ရင်းနောက်ရင်း ပြဿနာတတ်တတ်သူ၊ သာမန်အလယ်အလတ်ကျောင်းသားများသာ ဖြစ်သည်။

ဆရာမများက ကျွန်တော်တို့ကို အရမ်းမချစ်။ သို့သော်... အရမ်းလည်း မမုန်း၊ ခင်ခင်မင်မင်တော့ ရှိကြသည်။ ငါးချက်အဆော်ခံရတော့မည့် အချိန်တွင် တစ်ချက်လောက် လျှော့ပေးခံရတတ်သူများသာ ဖြစ်သည်။

"ငါတော့ ခင်မျိုးထွေးကို လုံးဝမကျေနပ်ဘူးကွာ"





စောနိုင်က ဒေါသတကြီးအော်သည်။ မောင်နီဇာ ခေါင်းကုတ်ရင်း ပြန်ပြော၏။

"အဲဒါဆို မင်း စာလိုက်ပေးပါလား"

ဒီတော့... စောနိုင် ငြိမ်ကာသွား၏။ ရဲမြင့်တိုးက စီးကရက်ကိုမွှာရင်း စောနိုင်ကို မကျေမနပ်ကြည့်ရင်း...

"မကျေနပ်ရင် ဘာမှ မပတ်သက်နဲ့ပေါ့ကွာ၊ ငါကတော့ လုံးဝ ဂရုမစိုက်ဘူး အနေသာကြီးပဲ"

"မနက်ဖြန် စနေနေ့ ကျူရှင်သွားရင် ငါလိုက်မယ်ကွာ... စာလိုက်ပေးမယ်၊ ဒါဆို ကျောင်းနဲ့မဆိုင်ဘူး... ကဲ"

စောနိုင်က မကျေနပ်သေးဘဲ ဒေါသဖြင့် ဆက်ပြောပြန်၏။ အောင်နိုင်စိုးက ပြန်ပြောသည်။

"ကျူရှင်ဆရာကို တိုင်မှာပေါ့ကွ၊ ဦးစောထွန်းကြိမ်လုံးနဲ့ မင်းညားမှာပဲ"

စောနိုင် ပြန်ငြိမ်သွားပြန်၏။ ကျွန်တော်တို့မှာ ကျောင်းက ဆရာများပင်မက။ ကျူရှင်ဆရာများကိုလည်း ကြောက်ကြရသေးသည်။ ကျွန်တော်တို့တက်သည့် BOC မှာ မြသန္တာကျူရှင်က ဆရာဦးစောထွန်း၏ ကြိမ်လုံးကလည်း နာမည်ရပါသည်။

ကျွန်တော်ရော ထိုကိစ္စကို ကျေနပ်သလား စဉ်းစားမိ၏။

အဖြေက မကျေနပ်။ မကျေနပ်လျှင် ကျွန်တော် ဘာလုပ်ရမလဲ။ ခင်မျိုးထွေးကို ပြဿနာရှာ၊ စ,နောက် ရည်းစားစာပေး ဘာပဲဖြစ်ဖြစ် ဆရာမဒေါ်ကြည်ကြည်၏ ကြိမ်လုံးနှင့် ညားဖို့သာ ရှိသည်။ သို့သော်...



www.burmeseclassic.com

www.burmeseclassic.com



ခင်မျိုးတွေးကို တစ်ခုခုလည်း လုပ်ချင်နေသည်။

"ငါလည်း မကျေနပ်ဘူး လေအိုး... သူ့ကို တစ်ခုခုတော့ ပညာပေးချင်တယ်"

လေအိုးဆိုတာက အောင်နိုင်စိုး၏ နာမည်ပြောင်ဖြစ်သည်။ ကျွန်တော်က မှင်စာ၊ စောနိုင်က သခေါပြစ်၏။

"မှင်စာရာ မင်းက သူ့ကို ပညာပေး၊ မင်းကို ဒေါ်ကြည်ကြည်က ကြိမ်လုံးပေး... ဟဲ... ဟဲ... ဘာလဲ မင်းက တင်ပါးနှစ်ခု အရင်းပြု မလို့လား"

ကျွန်တော်က သူငယ်ချင်းငါးယောက်ထဲမှာ အသေးကွေးဆုံး၊ အရုပ်အပုဆုံးဖြစ်သဖြင့် လေအိုး၏ "ကျွတ်... ကျွတ်... ကျွတ်... သနားပါတယ်" ဆိုသော တုံ့ပြန်သံကို ကျွန်တော် မကျေမနပ်ဖြစ်သွား၏။

"ငါဆိုလိုတာက ငါကလည်း စာပေးမယ်၊ အဲဒီစာကို သူကလည်း ကျေနပ်ရမယ်၊ ဆရာမကိုလည်း တိုင်လို့မရတဲ့နည်း ဖြစ်ရမယ်၊ အဲဒီလို ပြောတာ"

ကျွန်တော့်စကားဆုံးတော့ သူငယ်ချင်းလေးယောက်စလုံးက ခေါင်းခါကြသည်။ မိန်းကလေးတစ်ယောက်ကို ကျေနပ်အောင် ဘယ်လိုလုပ် စာပေးမည်နည်း၊ မဖြစ်နိုင်...။

"မှင်စာရာ အချဉ်မပါဘဲ ဆမူဆာသာ စားလို့ရမယ်၊ အသင်ပြောတာကတော့ မဖြစ်နိုင်... လုံးဝမဖြစ်နိုင်တာပဲ..."

သူတို့မေ့သွားတာ တစ်ခုတော့ရှိပါသည်။ ကျွန်တော်သည် အကောင်သေးသဖြင့် မိမိအသက်ရှင်သန်ရပ်တည်ရေးအတွက် ဦးနှောက်ကို စနစ်





တကျအသုံးပြုတတ်သည်ဆိုတာပဲ ဖြစ်သည်။

ကျွန်တော် စနေ၊ တနင်္ဂနွေနှစ်ရက်စလုံး အပြင်းအထန်စဉ်းစားသည်။

ကျွန်တော်လုပ်ချင်သည့်ကိစ္စက သမားရိုးကျမဟုတ်။ ကျောင်းသားတိုင်းလုပ်ကြသည့်ကိစ္စ မဟုတ်။ သူတို့လိုလုပ်လျှင် သူတို့လိုဖြစ်မည်မှာ ကျိန်းသေသည်။ ဖန်တီးမှုတစ်ခုခုတော့ ပါရမည်။ သာမန်နည်းလမ်းဟောင်းများမှလည်း ခွဲထွက်နိုင်ရမည်။ ဘာလုပ်ရမလဲ။

စနေနေ့တစ်နေ့လုံး အဖြေမပေါ်။ တနင်္ဂနွေနေ့ကျတော့ ကျွန်တော် ဟိုဟိုဒီဒီအတွေးတွေကို ရပ်ကာ အခြေခံကျကျ စဉ်းစားရသည်။ ဖန်တီးသူတစ်ယောက်သည် ပြဿနာကို အရိုးရှင်းဆုံး သိရှိနားလည်ထားရန် လိုအပ်သည် မဟုတ်လား။

မိန်းကလေးတစ်ယောက်ကို စာပေးသည်ဆိုခြင်းမှာ ထိုမိန်းကလေးကို ချစ်သည်ဟု အသိပေးခြင်းပင်ဖြစ်သည်။ ကျွန်တော်တို့ကျောင်းသားတွေ အဆော်ခံကြရတာလည်း ထိုချစ်သည်ဆိုသော စကားကြောင့်သာဖြစ်၏။ ချစ်သည်ဆိုသည့်စကားမပါပဲနှင့် ရည်းစားစာပေးလို့ မရဘူးလား။ ဒါတော့ မဖြစ်နိုင်။

ထိုနေရာမှာ ကျွန်တော့်အတွေးက တစ်၍နေ၏။ ဆက်စဉ်းစား၍ ရ၏။ ဒါဆိုလျှင် ပြဿနာသည် ချစ်သည်ဆိုတာပဲဖြစ်မည်။ ထို့ကြောင့် ကျွန်တော် ချစ်သည်ကို ဆက်၍ စဉ်းစားရ၏။

ကဲ... ချစ်သည်ဆိုတာ ဘာလဲ ?။

ချစ်သည်ဆိုတာက အထူးခြားဆုံးရွေးချယ်မှု၊ အမြင့်မားဆုံး အာရုံ ကျမှု၊ အထူးခြားဆုံးခံစားမှု၊ ဟောဒီတစ်ကျောင်းလုံးမှာရှိတဲ့ မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



တွေထဲက ခင်မျိုးထွေးသည် ကျွန်တော်တို့၏ တစ်ဦးတည်း ရွေးချယ်ထားသော အာရုံစိုက်မိသည့် ခံစားမှုတစ်ခု။ အဲဒါကို ပြန်နိုင် ပြောနိုင်လျှင် ထိုအရာသည် ရည်းစားစာပင်ဖြစ်၏။

ဒါဆို ကျွန်တော်တို့ ဘာလုပ်ကြမလဲ?။

သူ့ကို စိုက်ကြည့်ရမလား။ ဝေးသေး ခင်မျိုးထွေးက လှည့်ကြည့်မည်မဟုတ်။ သူလုပ်သမျှတွေ ဂရုစိုက်ရမလား။ သူ့နောက် တကောက်ကောက်လျှောက်လိုက်ရမလား။ ဒါတွေလည်း မဖြစ်သေး။ သို့သော် ထိုအချက်တွေပါအောင်တော့ လုပ်ရမည်။ နောက်တစ်ချက်က မိန်းကလေးတွေ သဘာဝကိုလည်း ပြန်တွက်ရ၏။ ခင်မျိုးထွေးသည် ဆရာဝန်ဖြစ်မှ အိမ်ထောင်ရေးကို စဉ်းစားမည်ဟု ကြွေးကြော်ထား၏။ သို့သော် သူလည်း သာမန်ခံစားတတ်သော မိန်းကလေးသာဖြစ်သည်။ ချစ်သည့်စိတ်ကို စာတော်တာ၊ သွေးနားထင်ရောက်နေတာ၊ ဆရာမတွေကချစ်တာ စသည်ဖြင့် အချက်များနှင့် ဖိထားခြင်းသာ ဖြစ်သည်။ ဘယ်မိန်းကလေးမဆို သူတို့ကို ဂရုစိုက်တာ၊ ခံစားတာတွေကို အမြဲလိုလားကြသည်သာ ဖြစ်သည်။ သူများနှင့်မတူအောင် ဂရုစိုက်နိုင်လျှင် စိတ်ကိုဝင်စားရမည်။

ပြီးတော့... မိန်းကလေးတို့မည်သည် ဇာတ်လမ်းကို သိပ်စိတ်ဝင်စားကြသည်။ သူက ငါ့ကို ဘယ်လိုလိုက်တာ၊ ဘယ်လို သူနဲ့ ငါက စ,တွေ့တာဟဲ့၊ ငါ့ကြောင့် သူ ဘာတွေဖြစ်သွားတာဟဲ့ ဆိုတာတွေကို သိပ်ပြောချင်ကြသည်။ သူတို့ပြောသည့်အကြောင်းအရာက ထူးခြားလေလေ၊ သူတို့ဂုဏ်တက်လေလေသာဖြစ်သည်။ ထင်မထားသောဇာတ်မျိုးနှင့်တွေ့လျှင် လူကိုထက် ထိုဇာတ်ကွက်ကိုပြောဖို့ ပိုစိတ်ဝင်စားကာ ကြိုက်တတ်ကြ၏။





ထို့ကြောင့် ခင်မျိုးထွေးအတွက် ထင်မထားသောဖန်တီးမှုတစ်ခုကိုလည်း ရမှဖြစ်သည်။ ပြန်ချစ်စေချင်တာထက် ထိုစိတ်ဝင်စားမှုကို ရမှ ဆရာမထံ စာမရောက်မှာဖြစ်သည်။ ကျွန်တော် တစ်နေ့လုံးစဉ်းစားကာ ညနေရီလောက်တွင်မှ အကောင်းဆုံးသောဖန်တီးမှုတစ်ခုကို ရသည်။

ကျွန်တော် ထခုန်မိမတတ် ဝမ်းသာသွား၏။

ကျွန်တော့်အကြံကို အပြန်ပြန်အလှန်လှန် ပုံ့သပ်သည်။ ဟာကွက်မရှိ။ သို့သော် အနည်းအကျဉ်းတော့ စွန့်စားရမည်။ မည်သည့်ဖန်တီးမှုမျိုး မစွန့်စားဘဲ အောင်မြင်ခဲ့ဖူးပါသနည်း။

* * *

[သုံး]

တနင်္လာနေ့ကျောင်းရောက်တော့ ကျွန်တော့်အကြံကို ဖန်တီးမှုကို သူတို့ကို ပြောပြရသည်။ အားလုံးက ခေါင်းခါကြ၏။ မဖြစ်နိုင်ဟု ပြောကြသည်။ သို့သော် ထုံးစံအတိုင်းမဟုတ်သဖြင့် သူတို့ ဇဝေဇဝါဖြစ်ကာ စိတ်လည်းဝင်စားကြ၏။

"မဆိုးတော့ မဆိုးဘူးကွ၊ ဒါပေမယ့် ဆရာမဆီပဲရောက်မှာပါကွာ"

လေအိုးက ညည်းသည်။

"မဖြစ်ပါဘူးကွာ၊ အောင်အောင် တစ်စောင်တည်းပေးတာတောင် ရှစ်ချက်ဆိုတော့ မင်းဟာက နှစ်လစာလောက်ကွ မှင်စာရ၊ တစ်ရက်တစ်ချက်ဆိုရင်တောင်..."

သခေါ်ကလည်း စိုးရိမ်ကာ ပြောသည်။ ရဲမြင့်တိုးက ဘာမှမပြော။ မောင်နီကတော့...



www.burmeseclassic.com

www.burmeseclassic.com



"မလွယ်ဘူးနော် သူက နာမည်လိုချင်နေတာ၊ မိန်းမစိတ်ဆိုတာ ပြောလို့မရဘူး"

"ငါ သေသေချာချာတွက်ထားတာ မောင်နီ၊ ဖြစ်ကို ဖြစ်တယ်ကွာ လုပ်စမ်းပါ"

"ခွီးပဲ... မင်းဘာသာယုံရင် မင်းဘာသာလုပ်ပေါ့ကွ"

နောက်ဆုံးတော့ ကျွန်တော့်ဖန်တီးမှုကို မည်သူမှ မစွန့်စားရဲကြ။ ကိုယ့်ဖန်တီးမှု ကိုယ်ယုံရင် ကိုယ်လုပ်။ ဒါပဲရှိသည်။ ကျွန်တော့်နည်းက တခြားမဟုတ်၊ ဒိုင်ယာရီစာအုပ်တစ်အုပ်ဝယ်ကာ ခင်မျိုးထွေး၏ နေပုံထိုင်ပုံ၊ ပြောပုံ၊ ဝတ်ပုံစားပုံတွေကို ဂရုတစိုက်ရေးမှတ် (ကိုယ်ရေးကိုယ်တာတွေနှင့် ရော၍) ထို့နောက် စာအုပ်ကို ခင်မျိုးထွေးလွယ်အိတ်ထဲ မသိအောင်ထည့်။ ဒါပဲဖြစ်သည်။

ဥပမာ...

မျိုး ဒီနေ့ စံပယ်ပန်းကလေးပန်လာ...။ အနားက ဖြတ်လျှောက်တော့ ရင်ခွင်တစ်ခုလုံး စပယ်ပန်းတောကြီးဖြစ်သွား။ မျိုးကိုစာမေးတော့ ရပ့ါမလားလို့ စိုးရိမ်နေမိ။ မျိုး အထစ်အငေါ့မရှိဖြေသွားတော့မှ သက်ပြင်းချရ (စားပွဲခုံအောက်တန်းကို ဆုပ်ကိုင်ထားမိသည်)။ မျိုးဖျက်တဲ့ ခဲဖျက်ကလေးက ဝက်ဝံရုပ်ကလေးနော်။ ကျောင်းအပြန် လက်ဖက်ရည်သောက်လေအိုး ၅/ချေး။ ရှေ့အပတ် ကျောင်းပြေးကာ ရုပ်ရှင်ကြည့်ရန် မောင်နီ ပြော၊ ရဲမြင့်တိုးထံမှ ဂစ်တာငှားရန်။ ဆရာမထံ စာအုပ်ဖိုး ငွေသွင်းပြီး

...ဆိုတာမျိုးတွေကို ထိုဒိုင်ယာရီထဲမှာ နေ့စွဲတပ်ကာ တစ်နေ့နှင့်တစ်နေ့ မထပ်အောင်ရေးရမည်။ ထိုစာအုပ်ကို သူ့ထံရောက်သွားလျှင်





သူ့ကို ဂရုစိုက်ကြောင်း၊ ခံစားနေကြောင်း ခင်မျိုးထွေးသိသွားမည်။ သို့မှ ကိုပြလျှင်လည်း ထိုအရာသည် ရည်းစားစာမဟုတ်ကြောင်း DIARY ဖြစ်ကြောင်း၊ တစ်ယောက်ယောက်နောက်က ထည့်ခြင်းဖြစ်ကြောင်း ငြင်းရမည်။ ကျွန်တော့်ဘက်က လုံခြုံစေရန် ခင်မျိုးထွေးအကြောင်းသာ မဟုတ်၊ တစ်ခြားသူငယ်ချင်း ကောင်မလေးတွေအကြောင်းလည်း ရေးထည့်ရမည် ဖြစ်သည်။

ကျွန်တော်ကတော့ ဆုံးဖြတ်ပြီးသားဖြစ်သဖြင့် ခင်မျိုးထွေး ဘာလုပ်သည်၊ ဘာဖြစ်သည်၊ ဘာထူးခြားသည်ဆိုတာတွေကို တစ်ပတ်လောက် လေ့လာရသည်။ ဖိနပ်၊ လွယ်အိတ်၊ ပန်လာသည့်ပန်း၊ ကိုင်သည့်ဘောလ်ပင်၊ ကွန်ပါဘူး စတာတွေကိုမှတ်သည်။ ထိုသို့ဂရုစိုက်ရင်းက ကျွန်တော် ခင်မျိုးထွေးအပေါ် နည်းနည်းစိတ်ဝင်စားလာ၏။ စိတ်လှုပ်ရှားလွယ်သူ ဖြစ်သဖြင့် ကျွန်တော် ခင်မျိုးထွေးကို ချစ်ပစ်လိုက်သည်။

ကျွန်တော့်၏ နှစ်လစာ DIARY ကို တစ်ပတ်ခန့်မှတ်သားပြီး သုံးရက်တည်းနှင့် အပြီးစဉ်းစားကာ ရေး၏။ တစ်ပတ်စာလေ့လာထားသော တွေ့ရှိချက်တွေကို ပွားတန်ပွားရ၏။ လွန်ခဲ့သည့်လက ဖြစ်ခဲ့တာတွေကို တော့ စာတော်သောကျောင်းသူတစ်ယောက် ဖြစ်လေ့ဖြစ်ထရှိမည့် ကိစ္စတွေကို ဖန်တီးခန့်မှန်းကာရေးသည်။ နေ့စဉ်ရေးသားမှန်းသိသာစေရန် ဘောလ်ပင်အရောင်မတူအောင် ဟိုကောင်တွေငါးယောက်ထံမှ ဘောလ်ပင်တွေ ငှားရသည်။ နောက်ဆုံး DIARY ကျောဘက်မှာ အကြွေးတွက်ထားတာကိုပင် ဘောလ်ပင်နှင့် ထည့်ရေးလိုက်၏။ ကျွန်တော့် DIARY သည် တကယ့်ကို နေ့စဉ်မှန်မှန်ရေးထားသော DIARY တစ်အုပ်နှင့် တူသွားပြီဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတွေကိုပြတော့ အားလုံးက ထိတ်လန့်ကြသည်။ သူတို့နာမည်တွေပါနေသောကြောင့် ပြဿနာတက်လျှင် သူတို့ပါ အဆော်ခံရမည်ကို စိုးရိမ်နေသောကြောင့်ဖြစ်၏။ လေအိုးက သူ့နာမည်ကို အတင်းဖျက်မည်ဟုဆိုကာ DIARY ကို အတင်းလုသည်။

"မလုပ်ပါနဲ့ကွာ ဒါ ငါ သဘာဝကျအောင် ရေးထားတာပါ၊ မင်းတို့နဲ့ မဆိုင်ပါဘူး၊ ဒါ ငါ့စာအုပ်ပဲ၊ ခင်မျိုးထွေး သွားတိုင်လည်း ငါပဲ အဆော်ခံရမှာပါ၊ မင်းတို့နဲ့ မဆိုင်ဘူးလို့ ငါ ဝန်ခံပါ့မယ်ကွာ"

အကြိမ်ကြိမ် ကတိပြုပြီးမှ လက်ခံကြသည်။

ထိုစာအုပ်ပါးပါးကလေးကို ခင်မျိုးထွေး လွယ်အိတ်ထဲရောက်အောင် ထည့်ဖို့သာ ကျွန်တော့၏။ ကျွန်တော်က ကျောင်းတက်ချိန်ထက် မုန့်စားဆင်းချိန်ကို ရွေးချယ်လိုက်သည်။ မုန့်စားဆင်းချိန်က အတန်းထဲမှာ လူရှိဘတ်သော်လည်း ကိုယ့်မုန့်ကိုယ်စား၊ ကိုယ့်ထမင်းဗူး ကိုယ်စားနေကြသဖြင့် ပို၍ အခွင့်အရေးသာသည်။

မုန့်စားဆင်းတော့ လူအရှင်း၊ လူအလစ်ကိုစောင့်ကာ ကျွန်တော် ခင်မျိုးထွေးခုံအနားမှာ ဘောလ်ပင်ပြုတ်ကျယောင်ဆောင်၊ ကျန်သူငယ်ချင်းများက ကွယ်ပေးပြီး ကျွန်တော့်ဒိုင်ယာရီအပါးကလေးကို ထည့်ရသည်။ မည်သူမျှ သတိမထားမိကြ။

မုန့်စားကျောင်းပြန်တက်တော့ ကျွန်တော်တို့ငါးယောက် စကားမပြောရဲ အသက်မရှူရဲလောက်အောင်ကို ဖြစ်သည်။ ခင်မျိုးထွေးသိသွားပြီး ဆရာကိုများ တိုင်မလား။ မင်္ဂလာပါ ဆရာ... တိုင်း ကျွန်တော်တို့ ရင်ခုန်ရသည်။ ကျွန်တော်က အဆိုးဆုံးဖြစ်ပါသည်။ ခင်မျိုးထွေးစာအုပ်ထုတ်ရန် ကြောင်နှစ်ကောင်စာအုပ်တိုက်



လွယ်အိတ်ကိုင်တိုင်း ပါးစပ်ထဲမှာ ဘာအရသာမှန်းမသိ အတုံးလိုက်ရှိနေတတ်သည်။ ကျွန်တော် စာအုပ်အနောင့်တွေနောက်ကို သေသေချာချာ ထိုးထည့်ခဲ့ပါသည်။

ထိုနေ့က 'ကမ္ဘာမကြေ' ကျောင်းဆင်းသီချင်းကို ခပ်သုတ်သုတ်ဆိုကာ အခန်းထဲမှ အရင်ဆုံးပြေးထွက်သူမှာ ကျွန်တော်တို့ငါးယောက်သာ ဖြစ်သည်။

နောက်တစ်နေ့မနက်တော့ ရင်ခုန်စရာအကောင်းဆုံးနှင့် ကြောက်စရာအကောင်းဆုံးသာဖြစ်လေသည်။ အချိန်ဇယားနှင့် ကိုက်ကာ စာအုပ်များထည့်ရင်း ခင်မျိုးထွေး ထို DIARY ကို တွေ့မည်မှာ ကျိန်းသေနေပြီဖြစ်သည်။

"မင်းက ခွီးမို့ DIARY မှာ မင်းနာမည် ထိုးထားရတာလဲ"

"ဟ... ဒါမှ ငါ့စာအုပ်မှန်း သိမှာပေါ့ သခေါ်ရ"

"မလိုပါဘူးကွာ စာပေးတယ်၊ သူမတိုင်ဘူးဆိုရင် အောင်မြင်တာပဲဟာ၊ ဘယ်သူဆိုတာ သိစရာမလိုဘူး"

"ငါက သူ့ကိုကြိုက်သွားပြီကွ တကယ်"

"အေး... သေ... သေ"

သခေါ်နှင့် လေအိုးက ကျောင်းမတက်တော့ဟု ပြောသည်။ မောင်နီနှင့် ရဲမြင့်တို့ကတော့ ဘာမှ မပြော။ သို့သော် ဘာဖြစ်မလဲဆိုတာကိုလည်း သိချင်နေကြ၏။ ကျွန်တော်ကတော့ တင်ပါးနှစ်ခု အရင်းပြုလိုက်ရပြီ ဖြစ်လေသည်။

အတန်းထဲရောက်တော့ ခင်မျိုးထွေးမျက်နှာက သိပ်မထူးခြား။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို သုံးလေးခါကြည့်တာတော့ ထူးခြားသည်။ ကျွန်တော် ပြန်မကြည့်ရဲ။ ရင်တော့ခုန်နေသည်မှာ ပြောစရာမရှိတော့။ ဟိုကောင်တွေကတော့ ကျွန်တော့်ကို ခင်မျိုးထွေးကြည့်တိုင်း လန့်လန့်နေကြ၏။ သွားပြီ... ဟုလည်း လည်းကြသည်။ ကျွန်တော်တို့ သိသိသာသာမျက်နှာပျက်နေကြသည်။

"မင်္ဂလာပါ ဆရာမ"

တစ်တန်းလုံးအော်ပြီးတော့ ကျွန်တော်မျက်စိမှိတ်ကာ ထိုင်ချလိုက်သည်။ ခင်မျိုးထွေး မတ်တတ်ရပ်ကျန်ခဲ့မှာလား၊ ကျွန်တော် မျက်စိမှိတ်ကာ ထားသည်။

"ဟေ့ကောင် မှင်စာ... မရပ်ဘူးကွ၊ ထိုင်တယ်... ထိုင်တယ်"

ကျွန်တော့်ရင်ခုန်သံ တဒုတ်ဒုတ်ကို ကျွန်တော် ယခုအချိန်အထိ ကြားနေရပါသေးသည်။ ထိုနေ့က ခင်မျိုးထွေး အေးအေးဆေးဆေးပင် ရှိပါသည်။ ကျွန်တော့်ကို နောက်ထပ်နှစ်ကြိမ်လောက် ခိုးကာကြည့်၏။ ကျွန်တော့်ရင်ထဲမှာ ဆရာချစ်ဦးညိုရေးသည့် လင်္ကာဒီပချစ်သူထဲက ဒဿဂီရိ စီးသည့် စစ်ရထားအစင်းတစ်ရာ မောင်းနေကြသည်။

အိမ်သာသို့ခိုးထွက်ကာ အောင်မြင်ကြောင်း လုကာ လုကာ စကားပြောရသည်။ ကျွန်တော်နဲ့ ခင်မျိုးထွေးတို့ အဆင်ပြေပြီ။ သို့သော် မုန့်စားဆင်းတော့ ခင်မျိုးထွေး ကျွန်တော့်ကို ဂရုမစိုက်တော့ မကြည့်တော့။ သူ ရှက်နေတာပေါ့လေ...။

ဒါပေမယ့်...

နောက်နေ့၊ နောက်အပတ်၊ နောက်လတွေမှာလည်း ထိုအတိုင်း။





ကျွန်တော် နားမလည်။ ခင်မျိုးထွေးသည် စာကိုကျက်သည်။ စဝယ်ဝန်းကို ပန်သည်။ ဝက်ဝံရုပ်ခဲဖျက်ကလေးကို သုံးသည်။ ခုံမြင့်ဖိနပ် အဝါကလေးကို စီးသည်။ ခါလာကြီး၏ဘယာကြော်နှင့် အိမ်ကဖော်စော်ဗူးနှင့် ယူလာသော ကော်ဖီကိုသောက်သည်။ သို့သော် ကျွန်တော့်ကိုကား ဘာတစ်ခုမှ တုံ့ပြန်မလာ။

"မင်း တစ်ခုခုတော့လုပ်သင့်ပြီ မှင်စာ၊ မင်းစာအုပ် သူ့ရတာ ကြိန်းသေတယ်၊ ဆရာမကိုလည်း မတိုင်ဘူး၊ မင်း ဘာဆက်လုပ်မလဲ"

ကျွန်တော်လည်း ဘာဆက်လုပ်ရမှန်း မသိ။ နောက်ဆုံး အားလုံးပေးသောအကြံအရ ခင်မျိုးထွေး၏တစ်ဦးတည်းသောသူငယ်ချင်း ပပကို ချဉ်းကပ်ကာ ကျွန်တော့် DIARY ကို လေအိုးက ခင်မျိုးထွေးလွယ်အိတ်ထဲ နောက်ကာ ထည့်လိုက်ကြောင်း၊ ထို DIARY စာအုပ်ကို ဖတ်သလား၊ ဘာထူးခြားသလဲ။ ပြန်ပေးပါဟု တောင်းရသည်။ လုပ်ဇာတ်တစ်ခုတွင် ထွင်ရ ဖန်ရခြင်းဖြစ်၏။

ပပက စိတ်ဝင်စားကာ သူမေးပေးမည်ဟု ကတိပေးသည်။ သို့သော် ပြန်လာသောစကားအရ ခင်မျိုးထွေးက သူမ ဘာ DIARY စာအုပ်မှ မရပါဟူသောစကားသာ ဖြစ်သည်။ ကျွန်တော်တို့ ရှုးချင်သွား၏။ ဘာဆက်လုပ်ရမှန်း မသိကြတော့။ ထိုအဖြေသည် မရိုးသားမှုတစ်ခုဖြစ်ရမည်။ ပပသိသွားသဖြင့် ရှက်ကာ ငြင်းခြင်းလည်း ဖြစ်မည်။ ထို့ကြောင့် ကျွန်တော်ကိုယ်တိုင်လိုက်မေးရန် သူငယ်ချင်းများက မြှောက်ပေးကြ၏။ ကျွန်တော်ကလည်း DIARY အကြောင်းမေးလျှင် သွယ်ဝိုက်ကာ ရည်းစားစကားပြောလိုက်ဖို့ ဆုံးဖြတ်ချက်ကို ချသည်။ သူ ဆရာမတိုင်လျှင်လည်း



www.burmeseclassic.com

www.burmeseclassic.com



ရည်းစားစကားပြောခြင်းမဟုတ်၊ စာအုပ်ပြန်တောင်းခြင်းဟု ကာကွယ်နိုင်သည်။

ကျွန်တော်လိုက်သည့်နေ့က တုန်လှုပ်သည်ကိုတော့ ဝန်ခံရမည်။

သို့သော် ခင်မျိုးထွေးက အေးအေးဆေးဆေးပင် အနားကပ်ခဲ့၏။ ကျွန်တော် တော်တော်နှင့်စကားပြောမထွက်၊ နောက်ဆုံးမှ ကြိုးစားကာပြောရသည်။

"ခင်မျိုးထွေး ကိုယ့်စာအုပ်ရတယ်မဟုတ်လား"

"ဘာစာအုပ်လည်း မှင်စာ..."

"DIARY စာအုပ်လေ"

"ဘာတွေလာပြောနေတာလဲ... ဘာ DIARY စာအုပ်မှ မရဘူး"

"မဟုတ်ဘူးလေ နင့်လွယ်အိတ်ထဲကို ငါကိုယ်တိုင်..."

"အို မရပါဘူးဆို ဘာစာအုပ်မှ မရဘူး၊ ငါ ဘာမှ မသိဘူး၊ နင် ငါ့ကို မနှောင့်ယှက်နဲ့နော်"

ထိုစကားနှင့်ပင် ကျွန်တော်လက်လျှော့ကာ ပြန်ပြေးရ၏။ အဖြေကား ရှာ၍မရ။ ဘာမှ ထပ်ဖန်တီး၍လည်း မရတော့။ ခင်မျိုးထွေးကား ပထမအစမ်းမှာ အဆင့် (၁) ရမြဲ။

* * *

[လေး]

ကျွန်တော်တို့ကျောင်းမှာ နံရံကပ်စာစောင် အမြဲလုပ်သည်။

ဝသာန်၊ ဟေမာန်၊ ဂိမာန်... ဟု သုံးပွဲ အမြဲကျင်းပ၏။ ဦးဆောင်သူက ဆရာဦးမောင်မောင်စိုးပင်ဖြစ်သည်။ ဆရာက မောင်မောင်ရွှေစိုး





ဆိုသောကလောင်ဖြင့် ဝတ္ထုတိုနှင့် လုံးချင်းဝတ္ထုတွေ ဘာတွေထုတ်ရှာသည်။ ကျွန်တော်လည်း နံရံကပ်စာစောင်ရေးနေကျမို့ 'နှင်းစက်၏သော့တွဲများ' ဟူသော ကာရန်ကဗျာတစ်ပုဒ်ကို ပေးသည်။ နံရံကပ်စာစောင်အဖွဲ့က ရွေးချယ်ပါ၏။

သို့သော် ကျွန်တော့်ကဗျာကို မည်သူကမှ မချီးမွမ်းကြပါ။

ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများချီးမွမ်းသောလူက ထူးခြားစွာ ခင်မျိုးထွေးသာဖြစ်သည်။ ခင်မျိုးထွေး၏ 'ကျွန်မ၏ဒိုင်ယာရီ' ဆိုသော ဝတ္ထုတိုကလေး အရမ်းကောင်းတာပဲ... တဲ့။ (ခင်မျိုးထွေးသည် နံရံကပ်စာစောင်မှာ တစ်ခါမှ ကဗျာ၊ ဝတ္ထုရေးဖူးသူ မဟုတ်)။

ကျွန်တော်တို့ငါးယောက်စလုံး ဝုန်းကနဲ နံရံကပ်စာစောင်တွေရှေ့ရောက်သွား၏။ ကျွန်တော့် DIARY ထဲက စကားလုံးတွေကို လူနေရာပြောင်းကာ ရေးထားခြင်းဖြစ်သည်။ ကျွန်တော်တို့ အံ့သြခြင်း၊ ဇဝေဇဝါဖြစ်ခြင်း၊ ဝမ်းသာခြင်း... တွေ ခံစားရ၏။ မှတ်မှတ်ရရ ခင်မျိုးထွေးက အဆုံးသတ်ကို အလွမ်းနှင့် သိမ်းထား၏။ သူမ အမြဲဂရုစိုက်နေသောကောင်လေးက စာမေးပွဲကျကာ သူမက အောင်သွားခြင်းဖြစ်သည်။ ထိုဇာတ်သိမ်းတစ်ပိုဒ်တည်းကိုသာ သူရေးခြင်းလည်း ဖြစ်သည်။

ကျွန်တော်တို့မှာ ဘာမှပြော၍လည်း မရ။

အခုမှ ဒါ ကျွန်တော့်ဝတ္ထုပါဆို၍ ဟစ်ကြွေးလို့လည်း မရ။ ဆရာမကို တိုင်၍လည်း မဖြစ်။ ခင်မျိုးထွေးကို ကျောင်းသူကျောင်းသားတွေ ချီးကျူးတာကြားရတိုင်း ကျွန်တော့်မှာ အသည်းနှစ်ခါပြန် သုံးခါပြန်နာရသည်။ အံ့ကြိတ်ရုံမှ တစ်ပါး အခြားမရှိ။ အံ့သြရတာက ထင်မှတ်မထားပဲ ခံရခြင်း



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဖြစ်သည်။ ဝမ်းသာရတာက ခင်မျိုးထွေး DIARY ကို တကယ်ရသည်။ ဒေါသထွက်ရတာကတော့ ကိုယ့်စကားလုံးများနှင့် သူ ချီးမွမ်းခံနေရ၊ ဂုဏ်တက်နေရသောကြောင့် ဖြစ်၏။

သို့သော် လောကကြီးက အင့်မတန်အံ့ဩစရာကောင်းပါသည်။ မတရားမှုကို သဘာဝလောကကြီးက လက်မခံပါ။ ထိုနှစ်က တစ်ကျောင်းလုံးက ဘက်စုံအထင်ကြီးသော ခင်မျိုးထွေး ဆယ်တန်းကို ဖုန်းကနဲကျလေသည်။ ကျွန်တော်တို့ငါးယောက်စလုံး အောင်၏။ ရဲမြင့်တိုးက English စာ ဒီပင် ပါသေးသည်။ ခင်မျိုးထွေး ဘာဖြစ်လို့ကျတာလဲဆိုတာ အားလုံးအံ့အားသင့်၍ စုံစမ်းကြရသည်။

"နံရံကပ်စာစောင်မှာပါပြီးကတည်းက ဝတ္ထုတွေရေးရေးပြီး မဂ္ဂဇင်းကို ပို့နေလို့"

"ဟာ!... !..."

"ဟုတ်လား ဆရာမ တကယ်လား"

"ဟုတ်တယ် ဆရာမနဲ့ သူ့အိမ်က တားတာလည်း မရဘူး၊ ဘယ်လိုဖြစ်သွားလဲ မသိပါဘူးကွာ၊ နှမြောစရာကောင်းလိုက်တာ..."

ခင်မျိုးထွေး စာရေးဆရာမဖြစ်နေလား၊ မဖြစ်ဘူးလား ကျွန်တော်မသိတော့ပါ။

(၁၉၈၃-၈၄)

သူငယ်ချင်းများအမှတ်တရ

❒





# ဘဲကင်နဲ့ အသူရာ



www.burmeseclassic.com

www.burmeseclassic.com





ကျွန်တော်ချစ်တဲ့တေးသံရှင် ကိုမြကြီးရဲ့ 'မိုး'သီချင်းတစ်ပုဒ်ထဲမှာ 'အသူရာ သိကြားမင်းနဲ့ စစ်ခင်းကာ ပြိုင်ကြသည်" လို့ တစ်ပိုဒ်ပါပါတယ်။ အရက်ဆိုတာ အာရဗီစကားကလာပြီး တွင်တွင်ကျယ်ကျယ် အသုံးပြုနေကြတယ်ဆိုပေမယ့် ကျွန်တော်တို့မြန်မာတွေက အဲဒီအာရဗီစကား မလာခင်ကတည်းက အရက်ကိုခေါ်စရာ နာမည် ရှိကြပါတယ်။

ဟုတ်ပါတယ် ရှေးခေတ်ကျမ်းစာအုပ်တွေထဲမှာ အရက်ကို အသူရာလို့ ခေါ်ကြတယ်။ ရေးကြတယ်။ ကျွန်တော်သိရသလောက်တော့ အသူရာဆိုတာ ကောင်းကင်ကနတ်မင်းကြီးတစ်ယောက်ရဲ့ နာမည်ပါ။ အခုလက်ရှိ သိကြားမင်းနေတဲ့ဘုံမှာ အဲဒီအသူရာနတ်မင်းကြီး စိုးစံပါတယ်။ ဒါပေမဲ့ အသူရာတွေဟာ အချိန်ရှိသမျှ မူးရူးနေကြလို့ သိကြားမင်းက သူတို့ကို ချိန်ကိုက်ပြီး သူတို့ဘုံကနေ တစ်ဆင့်နိမ့်တဲ့အောက်ဘုံကို ပစ်ချပစ်လိုက်ကြတယ်လို့ ဒဏ္ဍာရီက ဆိုပါတယ်။

တစ်ဆင့်နိမ့်တဲ့ဘုံကို ရောက်သွားရှာတဲ့ အသူရာနတ်မင်းဟာ သည်ရှင်တာကိုမြင်တိုင်း သူ့ကို သိကြားမင်းက အနိုင်တိုက်ပြီး တစ်ဆင့်နိမ့်တဲ့ဘုံကို ပစ်ချခဲ့တာလို့ သတိရလို့ ဒေါသတကြီးစစ်တိုက်ဖို့ ပြင်ပါသံတဲ့။





www.burmeseclassic.com

www.burmeseclassic.com



နွေရာသီကုန်လို့ ကောင်းကင်မှာ မိုးသားတွေညို့ကာ လျှပ်ပန်းလျှပ်နွယ်တွေခတ်တိုင်း အမေက သိကြားမင်းနဲ့ အသူရာ စစ်တိုက်ဖို့ စစ်ပြင်ကြတာလို့ ငယ်ငယ်တုန်းကပြောပြတာ နားထောင်ဖူးတယ်။ မိုးရာသီကုန်တော့ ထပ်ပြီးလျှပ်ပန်းလျှပ်နွယ်တွေ၊ မိုးခြိမ်းသံတွေ၊ မိုးကြိုးပစ်သံတွေ ကြားရပြန်ပါတယ်။ "အမေ စစ်တိုက်ကြတာပဲလား" လို့ ကျွန်တော်က မေးတော့ အမေက ပြုံးပါတယ်။

"မဟုတ်ဘူး သားရဲ့၊ အသူရာတွေ စစ်ရှုံးသွားပြီ" တဲ့။

ကျွန်တော် လျှပ်ပန်းလျှပ်နွယ်တွေနဲ့ လှနေတဲ့ ကောင်းကင်ကြီးကို မော့ကြည့်ရင်း ရင်ထဲမှာ တစ်မျိုးပါပဲ။ ကောင်းကင်ပေါ်က ဂျိုးဂျိုးဂျိမ့် ဂျိမ့်မြည်သံတွေကို နားထောင်ရင်း လျှပ်ပန်းလျှပ်နွယ်တွေကို ငေးရင်း အမေစပြောတုန်းကလို စစ်ချီတာတွေ မမြင်တော့ဘဲ အသူရာတပ်တွေ တကွဲတပြားပြေးနေတာကိုပဲ မြင်မိတယ်။

"ဘာဖြစ်လို့ သူတို့ စစ်ရှုံးတာလဲ အမေ"

"ရှုံးမှာပေါ့ သားရဲ့၊ အသူရာဆိုတာ အမြဲတမ်းမူးနေတာကိုး၊ မူးမူးရူးရူးနဲ့ တိုက်တဲ့ သူတို့ဘက်က လူတွေက သိကြားမင်းကို ဘယ်လိုလုပ်ယှဉ်နိုင်မှာလဲ နိုင်နိုင်မှာလဲ"

ကျွန်တော်က ကိုးနှစ်လောက်ပဲရှိတဲ့ကလေးဆိုတော့ အမေ့ကို ဘာမှ ပြန်မပြောနိုင်ပါဘူး။ ဆောင်းနှင်းတွေဝင်မလာမချင်း တဂျိမ်းဂျိမ်းမြည်နေတဲ့ ကောင်းကင်ကြီးကို ပြတင်းပေါက်ကငေးကြည့်ရင်း မူးမူးရူးရူးနဲ့ ပြေးနေကြတဲ့ အသူရာနဲ့ သူ့တပ်သားတွေကို ပုံဖော်ကြည့်နေမိပါတယ်။ နောင်နှစ်ကျရင်ကောလို့။ ကျွန်တော်မေးခွန်းမထုတ်ဘဲ ရင်ထဲမှာ တွေးနေမိတယ်။





အဲဒီလိုနဲ့ ကျွန်တော်ဟာ ရာသီဥတုသုံးမျိုးထဲမှာ မိုးရာသီကို ခွဲသွားတယ်။ ကောင်းကင်က မိုးခြိမ်းသံကြားတိုင်း ဇာတ်လမ်းရှိလေတဲ့ မိုးရာသီကို ကျွန်တော်စိတ်ဝင်စားတယ်။ ဒါပေမဲ့ မိုးအစတိုင်း အသူရာက စစ်ပြင်ပြီး မိုးဥတုဆုံးတိုင်း သူရှုံးတာပါပဲ။ အေးပေါ့လေ မူးနေတယ်ဆိုတော့ ဘယ်ကောင်းလို့တုံး။ ခေါင်းမူးတာကအစ မကောင်းဘူး။ အရက်မူးတယ်ဆိုတာ ခေါင်းမူးတာထက် ဆိုးပါတယ်။ သူက တစ်ကိုယ်လုံးမှာရှိတဲ့သွေးတွေဟာ မူလအရှိန်အဟုန်ထက် လှည့်ပတ်မှုမြန်နေပြီး မူးနေတာ မဟုတ်လား။

အဲဒီ တစ်ကိုယ်လုံးမူးနေတဲ့လူဟာ သူ့အာရုံတစ်ခုကို ကူးပြောင်းဖို့ ခက်ခဲအောင်ကို ဖြစ်နေတာ။ မူးနေတဲ့အချိန်မှာ လူဟာ သူစိုက်ကျနေတဲ့ အာရုံတစ်ခုတည်းမှာပဲ ပြန်မထွက်နိုင်ဘဲ တဝဲလည်လည်ဖြစ်နေတာ မဟုတ်လား။

အဲဒီ စိုက်ကျနေတဲ့အာရုံဟာ သာမန်အချိန်မှာ သူမလုပ်ဖြစ်တဲ့ မလုပ်ရဲတဲ့ အာရုံဆိုတာဖြစ်ခဲ့ရင် အဲဒီလူ အကြိုက်ပေါ့။ အရက်မမူးခင် အကောင်း၊ မူးပြီးမှ သွေးဆိုးတယ်ဆိုတဲ့လူတွေဟာ အဲဒီလိုဖြစ်နေတာ များပါတယ်။ မလုပ်ရဲတာ မလုပ်နိုင်တာကို မူးမှ လုပ်တတ်ရင်၊ သူ သည်းခံဖိသိပ်မျိုချခဲ့ရတာတွေကို မူးမှ ဖောက်ခွဲဖြစ်ရင် အဲဒီလိုလူမျိုးဟာ အရက်စွဲတော့တာပဲ။ 'အရက်မူးမှ ကျွဲခိုးပေါ်' ဆိုတဲ့စကားပုံဟာ သွေးထွက်အောင်မှန်လေရဲ့။

အရက်အတော်မူးသွားတဲ့အထိ အေးအေးဆေးဆေး ပျော်ပျော်ရွှင်ရွှင်ပဲ ဆိုတဲ့လူမျိုးဟာ ဘဝမှာ ဘာဖိသိပ်ချက်၊ မျိုသိပ်ချက်၊ မကျေနပ်ချက်



www.burmeseclassic.com

www.burmeseclassic.com



မရှိတဲ့လူတွေ များတယ်။ သူတို့ကျတော့ အရက်ကို နေ့စဉ်ရက်ဆက် မသောက်ဖြစ်ကြဘူး။ ဘဝမှာ အရာရာအဆင်ပြေနေလေတော့ အရက်သောက်တာနဲ့ မသောက်တာရဲ့ကွာခြားချက်ဟာ သူတို့မှာ မရှိကြဘူး။ အတော်မူးသွားလည်း အိပ်ပျော်သွားတာပဲရှိမယ်၊ ဘာမှပေါက်ကွဲစရာ မရှိတတ်ကြဘူး။

အသူရာလိုပေါ့ သူ ရှုံးခဲ့တာကို မကျေမနပ်ဖြစ်ပြီး တစ်နှစ်လုံးမူးနေရာက သခွပ်ပင်က သခွပ်ပန်းတွေပွင့်တာမြင်ရရင် မူးတဲ့အခံနဲ့ သူ မနေနိုင်ဘူး၊ သိကြားမင်းကို မနိုင်မှန်းသိလျက်နဲ့ အရက်ရဲ့ခံစားချက်ကို တစ်ခုတည်းအာရုံပြုစေတဲ့စိတ်နဲ့ သူတက်တိုက်မှသာပဲ။ အဲဒီလိုတိုက်လို့ အသူရာဟာ မိုးရာသီတိုင်း ရှုံးနေတာပေါ့။ အရက်မူးနေတဲ့လူဟာ သူ ရတဲ့ အရှုံးနောက်ကို စဉ်းစားဆင်ခြင်မှုမဲ့စွာ လိုက်တတ်ကြစမြဲပဲ မဟုတ်လားကိုယ့်လူရေ။

ဒီလိုအရက်မူးပြီးမှ ဖြစ်လာတဲ့ အာရုံနောက်ကို လိုက်တတ်တဲ့ အကြောင်းကို ကျွန်တော့်သူငယ်ချင်းတစ်ယောက်ရဲ့အလွဲနဲ့ ကျွန်တော် သွားသတိရတယ်။ ကျွန်တော့်သူငယ်ချင်းနာမည်က ဖုန်းကိုတဲ့။ အထကကျောင်းတုန်းက ခင်ခဲ့တဲ့သူငယ်ချင်းပါ။ ဒီကောင်က အထကကျောင်းကတည်းက အရပ်ရှည်ရှည် အသားညိုညို ခါးကိုင်းကိုင်း အမြဲတမ်း ရီဝေဝေမျက်ဝန်းနဲ့ စကားနည်းတတ်တဲ့ကောင်။

အေးအေးဆေးဆေးနေတယ် ထင်ရပေမယ့် ဒီကောင်က လူဆိုးခင်ဗျ။ ဆိုးတယ်ဆိုပေမယ့် ကျောင်းထုတ်ရလောက်အောင် ဆရာမတွေ မျက်မုန်းကျိုးလောက်အောင် ဆိုးတာလည်း မဟုတ်ပြန်ဘူး။ ကျောင်းပြေး





မယ်၊ ဂျင်ဂလိခိုးခေါက်မယ်၊ ဆေးလိပ်ခိုးသောက်မယ် ခနဲ့တာလောက်ပါ။ ကျွန်တော်တို့ဆယ်တန်းကျတော့ ဒီကောင်လည်း ကျတယ်။ နောက်နှစ် ကျွန်တော်တို့အောင်သွားတော့ ဒီကောင်မအောင်ဘူး။ ဒီတော့ ဒီကောင်နဲ့ ကျွန်တော်တို့ ဝေးသွားတယ်။

ကျွန်တော်ဘွဲ့ရပြီး လေးငါးနှစ်နေလို့ အိမ်တွေပြောင်းရတော့မှ ကျွန်တော်က ဒီကောင်နေနေတဲ့ရပ်ကွက်ကလေးမှာ အိမ်သွားဝယ်မိပြီး သူနဲ့ ကျွန်တော် ပြန်တွေ့ကြတာ။ ဒီကောင် ဖုန်းကိုက ဟိုးအရင်ကအတိုင်းပါပဲ။ အရပ်ပိုရှည် ခါးပိုကိုင်းလာပြီး မျက်လုံးတွေက ပိုရီဝေနေတယ်။ သူ ပြုံးပြရင် သူ့နှုတ်ခမ်းက ကျွန်တော့်ကိုပြုံးပြတာပေမယ့် သူ့မျက်လုံးက ကျွန်တော့်ကိုကြည့်နေလျက်က တစ်နေရာရာကို ရောက်နေသလိုမျိုးဗျ။

သူက ဆယ်တန်းဆက်မဖြေလို့ မအောင်ပေမယ့် အဲဒီကတည်းက ကျောင်းထွက်ပြီး တွင်ခုံလုပ်နေလို့ နေရေးစားရေး အဆင်ပြေတဲ့အခြေအနေပါ။ မိန်းမတစ်ယောက်လည်း ရနေပါပြီ။ အံ့မယ် သူ့အမျိုးသမီးက တော်တော်ချောတာဗျို့။ အသားဖြူဖြူ၊ ကိုယ်လုံးကိုယ်ပေါက်လှလှ၊ မျက်လုံးဝိုင်းဝိုင်း၊ နှုတ်ခမ်းဖူးဖူးနဲ့ ကြည့်လို့ တော်တော်ကျက်သရေရှိတဲ့ မိန်းမမျိုး။ ကျွန်တော်သာ ရှေ့ဖြစ်ဟောဆရာဆိုရင် ဒီကောင့်ပုံကြည့်ပြီး ဒီလိုမိန်းမမျိုး ဘယ်တော့မှ ရမှာမဟုတ်ဘူးလို့ ဟောဖြစ်မှာပါပဲ။

"မင်းမိန်းမရ တော်တော်ကံကောင်းတာပဲကွ၊ ထင်တောင် မထင်ဘူး"

ကျွန်တော့်စကားဆုံးတော့ ဖုန်းကိုက ငယ်ငယ်တုန်းကထက် ရီဝေနေတဲ့အပြုံးကို ပြုံးပါတယ်။ ထုံးစံအတိုင်းပေါ့ဗျာ၊ သူ့မျက်လုံးတွေကတော့ အရင်တုန်းကလိုပဲ ကျွန်တော့်ဆီမှာ မရှိဘူးပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"ထင်လို့ပါကွာ၊ အဲဒီလိုမျိုးရတာ ပိုဆိုးတယ်ကွ၊ မတန်မရာ ရထားလို့ လူတွေကထင်လေ သူက ငါ့ကို အနိုင်ကျင့်လေပဲ၊ အခုဆို သူ့မိဘတွေရော နှမတွေပါ အိမ်ပေါ်ခေါ်တင်ထားတာကွာ၊ ငါ တစ်ခုခုများတာနဲ့ မသဒ္ဓါလို့ဆိုပြီး ပြဿနာရှာတော့တာပဲ"

"ဒါတော့ကွာ မင်းကို အားကိုးလို့ သူယူထားတာပဲလေ"

ကျွန်တော့်စကား သူ ဘာမှပြန်မပြောပါဘူး။ တိတ်တိတ်ဆိတ်ဆိတ်ပဲ ခေါင်းကိုတွင်တွင်ခါပြီး မင်းပြောတာ မှားတယ်ဆိုတဲ့ပုံစံမျိုးနဲ့ ငြင်းတယ်။ ဒီကောင်က စကားခပ်ရှည်ရှည်ပြောပြီးသွားရင် သူ တော်တော်မှားသွားပြီဆိုတဲ့ပုံစံမျိုးနဲ့ အခုလိုပဲ တိတ်နေတတ်တယ်။ ကျောင်းတုန်းက အတိုင်းပါပဲ။ ကျွန်တော်လည်း ဘာပြောရမှန်းမသိလို့ တိတ်နေပြီး အတော်ကြာမှ သူက ရီဝေဝေနဲ့ စကားပြောပါတယ်။

"အလကားပါကွာ၊ သူချောတာ လှတာ ငါ့အတွက်တော့ အလကားဝန်ထုပ်ဝန်ပိုးပဲ"

နောက်နေ့တွေ သူနဲ့ကျွန်တော် သိပ်မတွေ့ဖြစ်ကြပါဘူး။

သူကလည်း မနက်ဆို တွင်ခုံရှိရာသွား၊ ညကျမှ ပြန်တာ မဟုတ်လား။

တစ်မနက်တော့ ကျွန်တော် လက်ဖက်ရည်ဆိုင်ထိုင်ရင်း လမ်းထဲကကိုင်းကိုင်း ကိုင်းကိုင်းနဲ့ လွယ်အိတ်ကလေးလွယ်ပြီး ထွက်လာတဲ့သူ့ကိုတွေ့ပါတယ်။ သူလျှောက်လာပုံက မိန်းမလှလှရထားတဲ့ ငါ့ဘဝကို မင်းတို့ ကြည့်ကြပေရော့ဆိုတဲ့ ပုံစံမျိုး။

သူ့မိန်းမကတော့ သူနဲ့ဆန့်ကျင်ဘက်ပါ။ ရပ်ကွက်ထဲမှာ မနက်နဲ့





ညနေဆို ဈေးသွား မုန့်ထွက်စား ကျွန်တော့်တွေ့တိုင်း အမြဲသွက်လက်နေတာပဲ။ ရင်ဘတ်မှာ ဆွဲကြိုးခပ်ကြီးကြီးတစ်ကုံး၊ လက်မှာ လက်ကောက်နဲ့ လက်ချောင်းတွေမှာ လက်စွပ်တွေ ဘာတွေနဲ့ အမြဲတမ်းရယ်မောသွက်လက်နေတာပဲ။ သူ့မိန်းမ ဒီလိုသွက်လက်ဖို့အရေး သူ့မှာ ဒီလို မနက်စောစောဆို ခပ်လေးလေးကြီးသွားပေးရတယ် ထင်တာပဲ။ ကံပေါ့လေ။

ထူးခြားတာက ဖုန်းကိုကသာ ခပ်လေးလေးကြီးလာနေတာ။ သူ့ဘေးမှာ ရှေ့မှာ နောက်မှာ လမ်းထဲက ခွေးတွေကမြူးထူးပြီး ပြေးလွှားပါနေတာပဲ။ လမ်းပေါ်မှာ အိပ်နေတဲ့ခွေးတစ်ကောင်နှစ်ကောင်ကလည်း ချက်ချင်းထရပ်ပြီး နီးနီးကြားကြားနဲ့ ဖုန်းကိုရှိရာကို ပြေးသွားတာ ကျွန်တော်တွေ့ရတယ်။ သူ့ကိုပြေးရင်းလွှားရင်း ပတတ်ရပ်နေတဲ့ခွေးတွေကိုလှည့်မကြည့် သတိမထားဘဲ ဒီကောင်လျှောက်လာပုံက သူ့နံဘေးမှာ မြင်းတပ်တွေရံပြီး နန်းတော်ထဲကထွက်လာတဲ့ ဥရောပဘုရင်တစ်ပါးလို ဘာလိုလိုနဲ့၊ ကျွန်တော်လည်း ထူးဆန်းတာနဲ့ ကြည့်နေမိတယ်။

ဒီကောင်က လမ်းထိပ်က ကွမ်းယာဆိုင်မှာရပ်ပြီး ကွမ်းမှာတယ်။ ပြီးတော့ ကွမ်းယာဆိုင်မှာ ချိတ်ထားတဲ့ပေါင်မုန့်တစ်ထုပ် (ပူတင်းပေါင်မုန့်)ကို ဖြုတ်ပြီး ဖဲ့ကာဖဲ့ကာ သူ့နောက်ကပါလာတဲ့ခွေးတွေကို ကျွေးတယ်။ ကျွန်တော် လှမ်းငေးအံ့ဩရင်း သိရသရွေ့ကတော့ အဲဒီအချိန်မှာ ဒီကောင့်မျက်လုံးတွေက ရီဝေမနေတော့ဘူးဗျ။ လင်းလက်ပြီး ကျေနပ်နေတာပါပဲ။ သူက ချမကျွေးဘဲ လက်ကိုမြှောက်ထားရင် ခွေးတွေက အလုအယက် ပတတ်ရပ်ဟပ်တယ်။ ပစ်ချလိုက်ရင် ခွေးတွေရဲ့ခေါင်းက ပေါင်မုန့်ကိုဘက်စုပြုံတိုးသွားတာပဲ။ ကြည့်ရင်းနဲ့ ကျွန်တော်တောင် သဘောကျလာတယ်။



www.burmeseclassic.com

www.burmeseclassic.com

"အဲဒါ ဒီကောင်လုပ်နေကျပဲဗျ၊ မနက်သွား တစ်ခါ ညနေအပြန် တစ်ခါ သူဟာ ဒီဆိုင်ကပေါင်မုန့်ဈေး ကျွေးနေကျ၊ ဒါကြောင့် ခွေးတွေက သူလာရင် ဒီလိုဖြစ်နေကြတာပေါ့၊ သူ့မိန်းမကတော့ ခွေးတွေဆို မုန်းမှ မုန်း"

ကျွန်တော်နဲ့ အတူထိုင်နေတဲ့ ရပ်ကွက်ထဲက လူတစ်ယောက်က ပြောတာပါ။ ပေါင်မုန့်တစ်ထုပ်လည်းကုန်ရော ဒီကောင့်မျက်လုံးတွေ ရီဝေဝေနဲ့ ကားမှတ်တိုင်ဆီ ထွက်သွားတာပဲ။ ခွေးတွေကလည်း ဆက်မလိုက်ဘဲ ကျန်ခဲ့တယ်။

နောက်တစ်ခါ ဒီကောင်နဲ့ ထပ်တွေ့တာကတော့ ရပ်ကွက်ထဲက အရက်ဆိုင်တစ်ဆိုင်မှာပါ။ ကျွန်တော်ကလည်း ညဘက်ရောက်လာတဲ့ ကျွန်တော့်မိတ်ဆွေတွေကို ဧည့်ခံဖို့ ဆိုင်ကိုရောက်နေတဲ့အချိန်။ သူ ဝင်လာပြီး ရမ်သုံးပက်မှာသောက်ပါတယ်။ ထုံးစံအတိုင်းပဲ သူ့ခွေးတွေက ဆိုင်ရှေ့မှာ ငုတ်တုတ်ထိုင်စောင့်လို့။ သူ ကျွန်တော့်ကိုတွေ့ပေမယ့် လာမထိုင်ပါဘူး၊ ထုံးစံအတိုင်း ရီဝေဝေနဲ့ ပြုံးပြ၊ ရမ်သုံးပက်ကို ရေရောကာ ကျိုက်ချပြီး လမ်းထိပ်က ကွမ်းယာဆိုင်မှာ ကွမ်းစား။ ပူတင်းပေါင်မုန့်တစ်ထုပ်ဖြုတ် ခွေးတွေကိုကျွေးပြီး ပြန်သွားပါတယ်။

အဲဒီနေ့ကစပြီး နောက်လေးလလောက်အထိ ကျွန်တော်နဲ့ ဒီကောင် ထပ်မဆုံဖြစ်ကြတော့ဘူး။

ကျွန်တော်ကလည်း မနက်ဆို နေဖင်ထိုးအောင် အိပ်၊ ညဆို တစ်ညလုံး စာရေးတဲ့ကောင်၊ ဒီကောင်ကလည်း မနက်ဆိုထွက်၊ ညဆို ညဉ့်နက်မှ ပြန်ရောက်ဆိုတော့ မဆုံဖြစ်တာတော့ အဆန်း မဟုတ်ပါဘူး။ မနက်





ခုနစ်နာရီလောက်မှာ လမ်းထဲက ခွေးတွေတစ်ပြုံကြီးနဲ့ ထွက်၊ ဒီကောင် ကိုင်းကိုင်း ကိုင်းကိုင်းနဲ့လျှောက်လာ။ ကျွန်တော်က အိပ်နေ။ ညဆို ဒီကောင် နွမ်းနွမ်းနယ်နယ်နဲ့ ပြန်ရောက်လာ၊ ကွမ်းယာဆိုင်ဝင် ကွမ်းစား၊ ပူတင်းပေါင်မုန့်ဖြုတ်၊ သူ့ဘေးနားကကောင်တွေကို ကျွေး၊ ကျွန်တော်က စာရေးဖို့ပြင်နေ ဒီလိုနဲ့ လွဲနေကြတာပေါ့။

တစ်နေ့တော့ ရပ်ကွက်ထဲမှာ သတင်းကြားရတယ်။

ဖုန်းကိုနဲ့ သူ့မိန်းမ ကွဲကြလို့တဲ့၊

အဲဒီနေ့ညက ဖုန်းကိုက သူ့မိန်းမကို ရိုက်တယ်။ သူ့ခယ်မကိုလည်း ကန်တယ်ကြောက်တယ်ဆိုလားပဲ၊ ကျွန်တော် တော်တော်အံ့သြသွားတယ်။ ဖုန်းကိုဆိုတဲ့ကောင်ဟာ ကျောင်းတုန်းက လူဆိုးဆိုပေမယ့် ဒီလိုကောင်မျိုးတော့ မဟုတ်ဘူး။ ပြီးတော့ သူ့ထက် အများကြီးလှတဲ့ ခံ့ညားချောမော့သော မျိုးဆောင်မှုရှိတဲ့ သူ့မိန်းမကို ဒီကောင် ဘယ်လောက်ချစ်တယ်ဆိုတာလည်း သူ့အမူအရာနဲ့ သူ့ပုံစံကြည့်ရင် သိသာတာပဲ။ အရက်ကလေး ပင်ပန်းလို့ သောက်လာမိရင်တောင် ကွမ်းယာစားသွားပြီး မိန်းမနဲ့ ယောက္ခမ မသိအောင်နေတတ်တဲ့ကောင်မျိုး။ ဘယ်လိုဖြစ်ရတာလဲပေါ့လေ။

ရပ်ကွက်ထဲကမိန်းမတွေ ပြောစကားအရ ဇာတ်လမ်းမှုကွဲတွေ ရှိနေပေမယ့် အတူညီဆုံးကိစ္စကတော့ ဖုန်းကို သူ့မိန်းမကို ဆောတယ်၊ သူ့ခယ်မကို ပိတ်ကန်တယ်ဆိုတာပဲ။ လက်ကောက်တွေတဝင်းဝင်းနဲ့ အမြဲတမ်း မျှော်ထိုးနေတဲ့ သူ့မိန်းမကို မကြည်တဲ့လူတွေက (မိန်းမတွေ များတယ်) တော့ ဖုန်းကို မှန်တယ်လို့ ပြောကြတယ်။ တချို့ကလည်း မိန်းမကိုရိုက်တော့ ဖုန်းကို လွန်တယ်လို့ ပြောကြတယ်။ ဘယ်က မှန်မှန် ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



မသိဘူး။ ဒီကောင်နဲ့လည်း မတွေ့ဖြစ်ဘူး။

နှစ်လုံးထီပြီးရင် ရပ်ကွက်ထဲက Top Ten စာရင်းထဲမှာ ဖုန်းကိုတို့ ကိစ္စက ဒုတိယလိုက်ပါတယ်။ ဒါပေမဲ့ ဖုန်းကိုရဲ့ဇာတ်လမ်းကလည်း တစ်ယောက်မေးရင် တစ်မျိုးဖြစ်နေလို့ နှစ်လုံးထီလို မရေမရာပါပဲ။ ကျွန်တော် တာဝန်ရှိတယ်လို့ ကိုယ့်ကိုယ်ကိုဆုံးဖြတ်ပြီး ဒီကောင့်အိမ်သွားတော့လည်း အိမ်တံခါးပိတ်ထားတာနဲ့ မတွေ့ရဘူး။

အဲဒီသတင်းကြားပြီး ငါးရက်မြောက်နေ့မှာ ဒီကောင်နဲ့ ကျွန်တော် အရက်ဆိုင်မှာ ထပ်ဆုံကြတယ်။ ကျွန်တော့်မှာ ချိန်းသည် မပါပါဘူး။ တစ်ကိုယ်တော် လာကြိတ်တာ။ ဒီကောင်ကလည်း လမ်းထိပ်ရောက်တော့ သူ့ဆီ တစ်ဟုန်ထိုးပြေးလာတဲ့ခွေးတွေကို ခြေထောက်နဲ့ ပိတ်ကန်၊ တွေ့ကရာ လမ်းပေါ်ကခဲတွေနဲ့ ထု လုပ်နေတာ ကျွန်တော် လှမ်းတွေ့ရတယ်။ ကိုယ့်လူရေ ကျွန်တော်တင်မဟုတ်ဘူး။ လမ်းထိပ်အရက်ဆိုင်က လူတွေအားလုံးက သူ့ကိုကြည့်နေကြတာခင်ဗျ။

ဒီကောင် ဘယ်လိုကန်ကန် ဘယ်လိုကျောက်ကျောက် ခွေးတွေက ခဲထိရင် တကိန်ကိန်အော်ပြေးပြီး နောက်တော့ သူ့အနား အတင်းပြေးကပ်လာတာပဲ။ ဒီကောင်က အနားကိုကပ်လာတဲ့ခွေးတွေကို ကန်ပေမယ့် ခါးချိုးခေါင်းလှည့်မြန်တဲ့ ခွေးတွေကို တစ်ကောင်မှ မကန်မိဘူး။ ဒီတော့ ဒေါသထွက်ပြီး ဒီကောင်ထပ်ကန်တယ်။ အဲဒီကန်နေတဲ့ပုံစံကို ကြည့်ကတည်းက ဒီကောင်မူးလာတယ်ဆိုတာကိုတော့ လူတွေအားလုံး နားလည်ကြပါတယ်။

ခွေးတွေနဲ့ စစ်ခင်းပြီးလို့ အရေးနိမ့်တော့ ဒီကောင် ခေါင်းငိုက်စိုက်ချပြီး ဆိုင်ထဲကိုဝင်လာတယ်။ အရက်သုံးပက်နဲ့ ငါးပုဏ္ဏားကြော်တစ်ကောင်





မှာတယ်။ မိန်းမနဲ့ ကွဲနေတဲ့ကောင် အရက်ဆိုင်ထဲကို ဝင်လာတာကိုတော့ မဆန်းဘူးပေါ့လေ။ မှာပြီးသွားမှ ဒီကောင် ကျွန်တော့်ကိုမြင်တယ်။ ကျွန်တော်ပြုံးပြပြီး ခါတာကို ဒီကောင်လက်ခံတယ်ဆိုတဲ့သဘောနဲ့ ရီဝေဝေခေါင်းညိတ်ပြရင်း ကျွန်တော့်ခုံကို ကူးလာတယ်။

"သူငယ်ချင်း ဝမ်းသာတယ်ကွာ ဝမ်းသာတယ်၊ ဝမ်းသာတယ် ဝမ်းသာပါတယ်"

ကျွန်တော့်ပခုံးကို ခပ်နာနာလေးငါးချက်ပုတ်ရင်း ဝမ်းခေါင်းထဲက အသံဝါကြီးနဲ့ ပြောတယ်။ ဒါပေမဲ့ ဒီကောင်ကမူးနေလေတော့ နှုတ်ခမ်းပေါ်ရောက်တဲ့အခါ အသံတွေက မှုမမှန်ဘူး။ ဝမ်းသာတယ်ကွာက 'ဝမ်းတာဒယ်တွာ' တွေ ဘာတွေဖြစ်နေတယ်။ ဆိုင်ထဲက လူတွေကလည်း သူ့လိုပဲ ရီဝေဝေမျက်လုံးတွေနဲ့ ကျွန်တော်နဲ့ သူ့ကို အကဲခတ်ကြတယ်။

ဒီဆိုင်ကလေးမှာ သောက်နေတဲ့ လူတွေအားလုံးရဲ့သုံးပုံနှစ်ပုံက ဒီရပ်ကွက်ထဲကဆိုတော့ သူ ဘာဖြစ်လို့ မိန်းမနဲ့ကွဲသွားတယ်ဆိုတာကို သိချင်နေတဲ့မျက်လုံးတွေ ရှိတယ်။ ကျွန်တော်ကလည်း သူ့ကို ကိုယ်ရေးကိုယ်တာမေးမယ်ဆိုရင် ဒီအချိန်ဟာ အကောင်းဆုံးဆိုတာကို သိပါတယ်။ သူ့ကို ကိုယ်ချင်းစာတာလည်း ပါပါတယ်။ ဒီအချိန်မှာပြောလိုက်ရင် သူ ပေါ့သွားမယ်ဆိုတာလည်း ပါတယ်ဆိုပါတော့။

"ဖုန်းကို… သူငယ်ချင်း ငါ သတင်းတွေကြားတယ်ကွာ၊ မင်း ဘာဖြစ်တာလဲ"

"အောရိုက် အောရိုက်… ဟုတ်တယ်၊ အောပြီးတော့ရိုက်တာ သုံးပက် ငါးပုဏ္ဏား လာထားစမ်းကွာ အောရိုက်ပေါ့၊ ဒီမယ် ရဲဝင်း…



www.burmeseclassic.com

www.burmeseclassic.com



မိန်းမတွေက မကောင်းဘူးကွ၊ မကောင်းဘူး၊ ငါ့မိန်းမကတော့ အိုကွာ… အောရိုက်ပေါ့၊ ဟော့ ငါနဲ့ သူကွဲတာ ဒီခွေးတွေကြောင့်ကွ”

ကျွန်တော့်စိတ်ထင်တော့ သူ အဲဒီလိုလည်း အော်ပြီးရော တစ်ဆိုင်လုံးတိတ်သွားတယ်လို့ ထင်ပါတယ်။ သူ့ကိုကြောက်ကြလို့တော့ မဟုတ်ပါဘူး။ သူ ဘာဖြစ်တယ်ဆိုတာကို စိတ်ဝင်စားလို့နေမှာပါ။ သူ နေ့စဉ်အစာကျွေးနေတဲ့ခွေးတွေကြောင့် သူ့မိန်းမနဲ့သူကွဲတာဆိုတော့ သူ့အကြောင်းကို သိထားတဲ့ ဆိုင်ထဲကလူတွေ ပိုစိတ်ဝင်စားကြတာပေါ့။ အဲဒီအချိန်မှာ ခွေးတွေကလည်း ဆိုင်အဝမှာ ငုတ်တုတ်ထိုင်တဲ့ကောင်က ထိုင်၊ အိပ်တဲ့ကောင်က အိပ်နဲ့ သူ့ကို ထိုင်စောင့်နေကြဆဲပါပဲ။

ရောက်လာတဲ့ရမ်သုံးပက်ကို တစ္စွတ်စွတ်သောက်ရင်းနဲ့ သူ့အကြောင်းကို သူ ပြောပြပါတယ်။ သူ့အသံထွက်အတိုင်းရေးရင် ပရိသတ်ဖတ်ရတာခက်မှာမို့ ကျွန်တော်က သတ်ပုံမှန်အတိုင်း ရေးပြမှ ကောင်းမယ် ထင်ပါတယ်။

အဲဒီနေ့က လကုန်ရက်ပါ။

ဖုန်းကိုဟာ တွင်ခုံလုပ်လာတာ ၁၀ နှစ်ကျော်ပြီဆိုတော့ သူ့တွင်ခုံမှာ ဆရာကြီးတစ်ယောက်နီးပါး ဖြစ်နေပြီလို့ သူက ပြောပါတယ်။ တွင်ခုံက လက်မလွှတ်နိုင်တဲ့ အနေအထားမျိုးပေါ့။ ဘယ်ပစ္စည်းလာလာ သူ ခုတ်ရင် အော်ရီဂျင်နယ်ရတယ်ဆိုပဲ။ ထားတော့။ အဲဒီလကုန်တဲ့လက သူ့တွင်ခုံက ပစ္စည်းအသစ်လာအပ်တယ်။ အဆင်ပြေရင် ထောင်နဲ့ချီအပ်မယ်ပေါ့။ ဒီတော့ တွင်ခုံပိုင်ရှင်က ဖုန်းကိုကို အားကိုးရတယ်။ ဖုန်းကိုကတော့ အေးအေးပါပဲ။ ပစ္စည်းနမူနာကို ကြည့်ပြီး တစ်ရက်စဉ်းစား၊





နောက်နေ့မှာ လုံးဝချွတ်စွပ်ခုတ်ပေး တွင်ပေးလိုက်တယ်။ လာအပ်သူက အရမ်းသဘောကျပြီး တောင်းတဲ့ဈေးအတိုင်းပေးပြီး အရေအတွက် ၃၀၀၀ အပ်တယ်။

အဲဒီလတစ်လလုံး ဖုန်းကိုအားကိုးနဲ့ အဲဒီတွင်ခုံဟာ ဒီပစ္စည်းတွေကို ခုတ်ရ တွင်ရပြီး အဆင်ပြေသွားတဲ့လကုန်ပါ။ ပစ္စည်းတွေ အဆင်ပြေတော့ ငွေရှင်းအပြီး လကုန်ရက်မှာ တွင်ခုံပိုင်ရှင်ရော၊ ပစ္စည်းအပ်သူရောက ဖုန်းကိုကို ဂုဏ်ပြုတဲ့အနေနဲ့ ဝိုင်းကလေးတစ်ဝိုင်း လုပ်ပေးတယ်။ ဒီကောင် ဇာတ်လိုက်ဆိုတော့ အမူးဆုံးပေါ့။

ဖုန်းကိုဆိုတဲ့ကောင်ကလည်း မူးသာမူးတာ မိန်းမလှလှအတွက် လကုန်တဲ့ရက်မှာ စားစရာတစ်ခုခု ဝယ်နေကျဆိုတာကို မမေ့ဘူး။ ဖုန်းကိုတို့သောက်ကြတဲ့ဆိုင်မှာ ဖုန်းကို သဘောအကျဆုံးက ဘဲကင်ပါ။ သူ လေးလတစ်ခါလောက် ငွေကလေးလျှံတဲ့ လခထုတ်ရက်မှာ သူ့ဇနီး အချောအလှအတွက် ဘဲကင်ဝယ်လာလေ့ ရှိပါတယ်။ သူ့ဇနီးကလည်း ဘဲကင်ဆိုသိပ်ကြိုက်ဆိုပဲ။ ဒီနေ့ ငွေကလည်းရှင်၊ ဘောက်ဆူးကလည်းရ၊ မင်းသားတစ်ယောက်လို မျက်နှာပန်းလှဆိုတော့ ဖုန်းကိုက သူ့မိန်းမအတွက် ဘဲကင်ဝယ်တယ်။ အရင်လို တစ်ခြမ်းမဟုတ်ဘူး၊ တစ်ကောင်။ အဲဒီ ဘဲကင်ဖိုးကိုလည်း သူ့ဆရာက ပေးသွားပါတယ်။

ခပ်များများသောက်၊ ခပ်ကြာကြာ စကားတွေပြောကြတဲ့ ဖုန်းကိုတို့ဝိုင်းက ဘဲကင်တစ်ကောင် ပါဆယ်မှာတဲ့ အချိန်မှာတော့ အဲဒီစားတော်ဆက်က သိမ်းနေပါပြီ။ စဉ်းတီးတုံး ပြန်ထုတ်၊ ဘဲကင်ကို ခုတ်ပိုင်းလုပ်နေရတဲ့ ဆိုင်ကို အရက်တော်တော်ထွေလာတဲ့ ဖုန်းကိုက အားနာပြီး အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



ဘဲကင်ကို မခုတ်တော့ဘဲ အကောင်လိုက် ကြွပ်ကြွပ်အိတ်နှစ်ထပ်နဲ့ ဆွဲလာသတဲ့။ အရက်မူးလာတဲ့အခါ လူဟာ ဘာကိုမဆို အဆင်ပြေတယ်လို့ ထင်ကြစမြဲပါပဲ။ ပြီးတော့ သူ့ကို ပစ္စည်းအပ်တဲ့လူက ချီးကျူးစကား တဖွဖွပြောရင်း ကကတစ်စင်း ဖုန်းကို ပြန်မဲ့ဆီ ငှားပေးလိုက်တယ်။

လမ်းထိပ်ရောက်တော့ မြူးနေတဲ့ ဖုန်းကိုဟာ ဒီထူးခြားတဲ့နေ့ကို ဂုဏ်ပြုဖို့ အခုလမ်းထိပ်ကဆိုင်မှာပဲ အရက်သုံးပတ် ဝင်ချသေးတယ်။ အရက်မူးတာရယ်၊ ဟိုစီးပွားရေးသမားက အလိုလိုက် အကြိုက်ဆောင်ပြီး မြှောက်တာရယ်နဲ့ ဒီကောင် ဘဝင်လေဟပ် နောက်ထပ်သုံးပက်ကို လက်ခံလိုဟန်တူပါရဲ့။

အရက်လည်း တီးပြီးတော ဘဲကင်ထုပ် တယမ်းယမ်းနဲ့ ဆိုင်ထဲက ထွက်တဲ့သူ့ကို နေ့စဉ်ကျွေးနေကျ ခွေးအုပ်ကြီးက နံဘေးက ပြေးလွှားရင်း ပတတ်ရပ်ရင်း ပါလာပါတယ်။ သူကျွေးနေကျ ပူတင်းပေါင်မုန့်ရောင်းတဲ့ ကွမ်းယာဆိုင်ကလည်း သူနောက်ကျပြီးမှ ပြန်လာလို့ ပိတ်သွားပြီ။ ဖုန်းကို ကိုယ်တိုင်ကလည်း သူ့အောင်မြင်မှုကို ပြောရင်း ဇနီးအလှကလေးကို ဘဲကင်ကျွေးချင်နေတော့ ခွေးတွေကို ကန်ရင်း ဆဲရင်း ကြွပ်ကြွပ်အိတ်ကလေး မြှောက်ရင်း အိမ်ကိုပြန်ရှာပါတယ်။

“ဒယ်… ဒီထွေးတွေ… ဟဲ့… ဒုတ်ကျား၊ တေစမ်း… ဘယ် ဘယ်ဆိုနော်… ဟဲ့… ဟဲ့… တေအုန်းနယ်…”

အော်ရင်းဟစ်ရင်း အထုပ်ကလေးယမ်းရင်း မူးရင်း ယိုင်ရင်း လျှောက်လာတဲ့ ဖုန်းကိုဟာ သူ့ရှေ့က ကွေ့ကာပတ်ကာ ပြေးကာလွှားကာ ပတတ်ရပ်နေတဲ့ ခွေးအုပ်ကို ရှောင်သော်ငြားလည်း မလွတ်လို့ ခွေး





တစ်ကောင်ကို ခလုတ်တိုက်ပြီး လဲတယ်။

ခွေးတစ်ကောင်လုံး နပြီးလဲမှတော့ မူးနေတဲ့အချိန်မှာ ခြေပစ်လက်ပစ်ပေါ့။ တော်တော်နဲ့ ဘယ်ပြန်ထနိုင်မတုံး၊ သူ့လက်က လွှတ်ထွက်သွားတဲ့ ဘဲကင်ထုပ်ကို ဝိုင်းနေတဲ့ ခွေးတွေထဲက ခွေးတစ်ကောင်က ချီပြေးပါတယ်။ ဒါကို သူလည်းမြင်ရော ကိုယ့်လူရေ ဘယ်သူမဆိုပေါ့ ရှိသမျှအားတွေ ညှစ်ထုတ်ပြီး လဲနေရာက ထ၊ ချီပြေးသွားတဲ့ ခွေးနောက်ကို ဒရောသောပါး လိုက်ရတော့တာပေါ့။

ခွေးတွေက ရပ်ပြီး အချင်းချင်းလုနေလို့ မှီတယ်။

ခွေးတွေပါးစပ်ဖျားမှာ ဟိုဒီရောက်နေတဲ့ ဘဲကင်ထုပ်ကို သူ အတင်းဝင်ဆွဲတယ်။

အစွယ်တွေ၊ မာန်တွေ့ထက်နေတဲ့ ခွေးပါးစပ်တွေကြားတဲ သူ အရူးအမူး ဆွဲထုတ်ပေမဲ့ ခွေးတွေက သူ့လက်ကိုတော့ မကိုက်ပါဘူး။ ဟပ်လည်း မဟပ်ဘူး။ ခွေးဆိုတာ ဒီလိုပဲလေ၊ သူတို့ကို နှစ်ပေါင်းများစွာ အစာကျွေးလာတဲ့ သူတို့သခင်ကိုတော့ ဘယ်တော့မှ မကိုက်တတ်ကြဘူး မဟုတ်လား။ သူ့ကို မကိုက်ပေမဲ့ သူ အရူးအမူး လှမ်းဆွဲတဲ့ ဘဲကင်ကိုတော့ ခွေးတွေက ကိုက်ထားကြလို့ သူ့လက်ထဲ ပေါင်တစ်ဖက်နဲ့ အသားစပဲ ဘတ်လတ်ကြီး ပါလာရှာတယ်။

ကျန်တဲ့အပိုင်းကို ခွေးတစ်ကောင်က လှမ်းချီပြီး ပြေးတယ်။ ကျန်တဲ့ခွေးတွေက အဲဒီခွေးနောက်ကို ပြေးလိုက်ကြတယ်။ မာတ်မီးတိုင် အလင်းအောက်မှာ လက်ထဲမှာရှိနေတဲ့ ဘဲကင်ခြေထောက်နဲ့ အသားစကို ကိုင်ထားရင်း မူးနေတဲ့ဖုန်းကို ဒေါသအရမ်းထွက်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ သူ သတိတော့ရှိသေးတယ်။

အိတ်ထဲမှာ တွင်ခုံက လခထုတ်လာတဲ့ ဘောနပ်စ်ရလာတဲ့ ပိုက်ဆံကို စမ်းရင်း ပုဆိုးကို ခိုင်အောင်ပြင်ဝတ်၊ အိတ်ထဲက ပိုက်ဆံတွေကို တင်းနေတဲ့ ပုဆိုးအနားမှာလိပ်၊ လက်ထဲက ဘဲကင်ကို အဲဒီအချိန်မှာ သူ ပါးစပ်နဲ့ကိုက်ထားတယ်လို့ဆိုတယ်။ အားလုံးလည်း စိတ်ချရရော ခွေးတွေပြေးသွားတဲ့နောက်ကို လိုက်ဖို့ သူ့ဘော်ဒါခွေးတွေနဲ့တွေ့ရင် သူ့ဇနီး အချောအလှအတွက် ရည်စူးထားတဲ့ ဘဲကင်ကို ပြန်ရဖို့အတွက် သူ့စိတ်ထဲမှာ ရှိတဲ့အတိုင်း သူ တစ်ဟုန်ထိုး ပြေးထွက်ခဲ့တယ်။ သူ့ရဲ့ အမူးလွန်နေတဲ့ စိတ်ထဲမှာ ခွေးပါးစပ်ကို ပါသွားတဲ့သုံးပုံနှစ်ပုံသော ဘဲကင်ကပွဲလို့ ဘာမှမရှိတော့ဘူး။

အုံခဲရင်း မာန်ဖီရင်း ဘဲကင်ပါတဲ့ ကြွပ်ကြွပ်အိတ်ကို ဝိုင်းကိုက်နေကြတဲ့ သူ့ဘော်ဒါခွေးတွေကြားထဲ သူ ဘာမှသတိမရတော့ဘဲ ဒိုင်ဗင်ထိုးတယ်။ မာန်ဖီရင်း ဟပ်နေကြတဲ့ ပါးစပ်တွေထဲ လိုက်နှိုက်တယ်။ ရှေ့မှာတွေ့တဲ့ ခွေးတွေကို ပိတ်ကန်တယ်၊ ရိုက်တယ်။

ကိုယ့်ဆရာရေ… ခွေး ဆယ့်ငါးကောင်လောက်ကြားထဲမှာ ဒူးထောက်လျက်ထိုင်ပြီး ခွေးပါးစပ်တွေကို အတင်းဖြဲ အတင်းနှိုက်၊ ခွေးနှုတ်သီးတွေကို ပိတ်ရိုက်၊ ခွေးတွေကလည်း တကိန်ကိန်နဲ့ အော်ရုံမှတပါး ပြန်မကိုက်တဲ့မြင်ကွင်းကို လူတစ်ယောက်ယောက်သာ မြင်ရင် အကြီးအကျယ် တုန်လှုပ်သွားနိုင်တယ်။ ဖုန်းကိုဟာ သူ့မှာရှိသမျှ စွမ်းအားတွေ အကုန်သုံးပြီးမှ နောက်ဆုံး သူပြန်ရတဲ့ ဘဲကင်က တော်တော်လေး ရုပ်ပျက်ဆင်းပျက် ဖြစ်နေပါပြီ။





ဒါပေမဲ့ အဲဒီဘဲကင်ကို လက်နှစ်ဖက်မှာ အားရပါးရဆုပ်ကိုင်ပြီး ခွက်ထိုးခွက်လန် သူ ရယ်ပါတယ်။ ဒီဘဲကင်ကို ပြန်ရမှဖြစ်မယ်ဆိုတဲ့စိတ်နဲ့ မူးမူးရူးရူး သူ့ကြိုးစားမှုဟာ အောင်မြင်သွားတာကို သူ ရယ်တာပါ။ ဖုန်းကိုဟာ မူးနေပေမဲ့ ဒီဘဲကင်က သူ့ဇနီး အချောအလှလေးကိုကျွေး ဖို့ မသင့်တော်တော့ဘူးဆိုတာတော့ သိတယ်လို့ဆိုတယ်။ သူရောက်နေတဲ့ နေရာဟာ သူ့အိမ်နဲ့ သုံးလမ်းအကျော်မှာဆိုတာကိုလည်း သိတယ်။ သူ့အနားက ပြန်မခွာကြသေးတဲ့ ပတတ်ရပ်တဲ့ကောင်က ရပ်၊ သူ့ခြေထောက်ကို ခေါင်းနဲ့ဝှေ့တဲ့ကောင်က ဝှေ့၊ ယောင်တဲ့ကောင်က ယောင်နေဖြစ်နေတဲ့ သူ့ဘော်ဒါခွေးတွေကိုလည်း သတိရတယ်လို့ စိုတယ်။

နောက်ဆုံး ဖုန်းကိုက အားရပါးရ ဆက်ရယ်ရင်း လက်ထဲက ဘဲကင်စတွေကို ဖဲ့ဖဲ့ပြီး ခွေးတွေကိုကျွေးရင်း လျှောက်ခဲ့တယ်တဲ့။ သူ့လမ်းထိပ်ကိုရောက်တော့ လက်ထဲက ဘဲကင်ကို အကုန်ပစ်ချပေးပြီး မြောင်းထဲကရေနဲ့ လက်ဆေးတယ်။ ပြီးတော့ သူ့ခါးပုံစထဲမှာ ညှပ်ထားတဲ့ ပိုက်ဆံတွေ ရှိမရှိကို စစ်တယ်။ အားလုံးရှိနေတော့မှ ဖုန်းကိုဟာ မူသားမူးတယ်၊ သူ မမှားဘူးဆိုပြီး ပိုကျေနပ်သွားတယ်။

သူ့ဇနီးချောအတွက် ဝယ်လာတဲ့ ဘဲကင်ကိုလည်း သူ မနှမြောတော့ပါဘူး။ ဒီနေ့ ရလာတဲ့ လခဘောက်ဆူးတွေနဲ့ နောက်နေ့ ဆိုင်မှာ ခေါ်ကျွေးလို့ရတာပဲ။ သူ့မှာ ဘဲကင်တစ်ကောင် ပါလာတယ်ဆိုတာ သူနဲ့ ခွေးတွေကလွဲလို့ ဘယ်သူမှသိတာ မဟုတ်ဘူးလေ။

သူ အိမ်ရှေ့ကိုရောက်ပြီး တံခါးကိုခေါက်တဲ့အထိ သူ့ဘော်ဒါခွေးတွေက အနားမှာ ဝိုင်းပတ်နေတုန်းပါပဲ။ သူ လေးငါးဆယ်ခွန်းအော်တော့



www.burmeseclassic.com

www.burmeseclassic.com



မှ သူ့ဇနီးချောက အိပ်ရာကထပြီး တံခါးဖွင့်ပေးတယ်။ မိန်းမကို တွေ့လိုက်ရတော့ ဖုန်းကို မူးနေတာတွေကို အသိနဲ့ ချုပ်လို့ နည်းနည်းအမူးပြေသွားတယ်လို့ ဆိုပါတယ်။

ဒါနဲ့ ခပ်တည်တည်ပဲ ခြံထဲကိုဝင်တယ်။ ဇနီးချောက ခြံတံခါးပိတ်ရင်း အတင်းတိုးနေတဲ့ ခွေးတွေကို အော်နေတယ်။ ဒါလည်း ဖုန်းကို ပြန်နေကျ ညတွေရဲ့ ထုံးစံပါပဲ။ ဖုန်းကိုကလည်း ခြံထဲရောက်ပြီဆိုရင် ခွေးတွေကို ပြန်လှည့်မကြည့်တော့ဘူး။

"မောင်ရယ်... နောက်ကျလိုက်တာနော်"

"အေးကွာ... မောင်ကိုင်နေတဲ့ပစ္စည်းတွေ ဒီနေ့အပ်ပြီလေ၊ အဲဒါကွာ နည်းနည်းနောက်ကျသွားတယ်"

"ဒီနေ့ လခထုတ်တယ်နော်၊ ဘာဝယ်လာသေးလဲဟင်"

"အာ... မပါပါဘူးကွာ၊ ဒီအချိန် ဘယ်ဆိုင်က ဖွင့်တော့မှာလဲ၊ ကဲ... မောင်ဆာပြီ၊ ထမင်းခူးကွာ"

ဖုန်းကို မူးလာတယ်ဆိုတာ သူ့ဇနီးချောက သိပေမဲ့ ပြောတဲ့စကားတွေက အမှန်ဆိုတော့ ဘာပြဿနာမှ မရှိပါဘူး။ ဒါနဲ့ ဖုန်းကိုလည်း စိတ်အေးလက်အေးနဲ့ အိမ်ပေါ်ကိုတက်တယ်။ သူ့ဇနီးချောက နောက်ကလိုက်လာရင်း အိမ်ပေါ်လည်းရောက်ရော ရေ့အင်္ကျီကြယ်သီးကလေးတွေ ချွတ်နေတဲ့ ဖုန်းကိုကို လေသံမာမာနဲ့မေးတယ်။

"ရှင် ဘာမှဝယ်မလာတာ သေချာလား"

"ဟာ... မပါဘူးဆိုမှပဲ၊ ဒီအချိန်မှ ပြန်ရတဲ့လင်ကွာ၊ မင်းတို့က အိမ်ကစောင့်ပြီး စားဖို့ပဲသိတာ ဘာမှမပါဘူး၊ နောက်နေ့မှစားကွာ





ကိုယ် ဝယ်လာခဲ့မယ်"

"ရှင်... ရှင်... မလိမ်နဲ့နော်၊ စားချင်လို့မဟုတ်ပေမဲ့ လိမ်တာကိုတော့ မုန်းတယ်၊ ကျွန်မ လူလိုမေးနေတာ"

ဒီစကားကြားတော့ ဖုန်းကို ဒေါသတစ်ချက် ထွက်သွားတယ်။ သူက ခွေးတွေကို သိပ်ချစ်တာကိုး။

"မင်းစကားက ရင့်သီးလှချေလား၊ ဘာမှမပါဘူးလို့ပြောနေရင် တော်တော့ကွာ"

"ရှင် မလိမ်နဲ့၊ ဘာလဲ ရှင်က အိမ်က ကျွန်မအမေနဲ့ ညီမကို မသဒ္ဓါဘူးလား"

ဒီစကားကို ကြားလိုက်ရတော့ ခုနက ဒေါသကလေး ထွက်စပြုနေတဲ့ ဖုန်းကိုဟာ ရင်ထဲမှာ မချိအောင်နာသွားတယ်။ ဘယ့်နှယ် သူ့ကာယအားလုံးကို တာဝန်ယူပြီး ရှာကျွေးနေရသေး၊ မကြာခဏလည်း ဒီစကားနဲ့ အရှုံးပေးနေရသေးဆိုတော့ ဒီစကားဟာ သူ့နှလုံးသားကို တိုက်ရိုက်ထိတဲ့ စကားပါပဲ။ အသူရာနတ်မင်းကြီး သခွပ်ပန်းပွင့်တာကို မြင်လိုက်ရသလိုပေါ့လေ။

"ဟော့... မင်းအမေတွေ ညီမတွေကို ငါပဲရှာကျွေးနေတာမဟုတ်လား ဒီစကား မပြောနဲ့ကွ၊ ငါမသဒ္ဓါတာ ဘာရှိလို့လဲ"

"အို... အခုပဲလေ၊ ဘာမှဝယ်မလာဘူးလို့ ရှင်လိမ်နေတာ၊ အဲ ကျွန်မအိမ်မှာရှိတဲ့ လူတွေကို မသဒ္ဓါတာမဟုတ်ဘူးလား"

ဖုန်းကို တစ်ချက်တော့ တွေသွားပေမဲ့ သူ လမ်းမှာဖြစ်ခဲ့တာကို သူ့ဇနီးချော ဘယ်လိုမှ မသိနိုင်ဘူးဆိုတာကိုတော့ သူ သတိရတယ်။ သူ



www.burmeseclassic.com

www.burmeseclassic.com



ပုဆိုးအနားမှာ ကျစ်ထားတဲ့ ပိုက်ဆံကို စမ်းကြည့်တော့လည်းပါတယ်။ ဖုန်းကို စိတ်အေးသွားတယ်။ နားချင်နေပြီဆိုတော့ သူကပဲ စပြီးစိတ်ကို လျှော့ပါတယ်။

"မိန်းမရာ... ပြဿနာမရှာနဲ့ကွာ၊ ရော့ ဒီမှာ လခရော၊ ပစ္စည်းတွေပြီးလို့ ဘောက်ဆူးရတာရော၊ နောက်နေ့မှ ဆိုင်တစ်ဆိုင်မှာ လိုက်စားကွာ"

"ဩော်... ရှင်က ငွေပေးပြီး နှစ်သိမ့်တယ်ပေါ့လေ၊ အစားကို မက်တာမဟုတ်ပေမဲ့ ရှင်မသဒ္ဓါသို့ လိမ်တာ ဖွက်လာတာကို မကြိုက်တာသိလား"

"မင်း တော်တော့ကွာ၊ တိတ်ဆိုတိတ်တော့၊ ငါ ထပ်ပြောမယ်၊ ငါ ဘာမှမဖွက်ဘူး၊ ဘာမှလဲ ဝယ်မလာဘူး၊ ခုနစ်သံချီနဲ့ အော်မနေနဲ့၊ မင်း တိတ်တော့"

အပြန်အလှန် အော်သံတွေကြောင့် ဖုန်းကိုယောက္ခမနဲ့ ခယ်မလည်း အိပ်နေရာကနေ ထလာကြတယ်။ 'ဘာဖြစ်တာလဲ' ပေါ့လေ။

"ဘာဖြစ်ရမလဲ အမေရဲ့ သူ ဘဲကင်ဝယ်လာပြီး သမီးကို ဘာမှဝယ်မလာဘူးလို့ ပြောနေတာ၊ အဲဒါကို မကျေနပ်တာ"

ဒီစကားကြားတော့ ဖုန်းကို အံ့သြသွားတယ်။ တွင်ခုံစက်တွေပေါ်မှာ ပြေးလွှားနေတဲ့ သူ့လက်တွေ အန္တရာယ်မရှိအောင် ထိန်းနိုင်တဲ့ အသိစိတ်နဲ့သူ့ကိုယ်သူ ပြန်စစ်ဆေးတော့ သေချာတယ်၊ သူ့မိန်းမ ဒီကိစ္စဘယ်လိုမှ မသိနိုင်ဘူး။ သိမယ်ဆိုရင်လည်း သူ့မိန်းမဟာ တစ္ဆေပဲဖြစ်ရမယ်။ စိတ်ချတော့ ဖုန်းကိုက မူးစိတ်ကလေးနဲ့ တင်ပါလေရော။





"ဟား ဟား ဟား ဟား ဟား... ဘဲကင်... ဘာဘဲကင်လဲကွ၊ မင်း ရူးနေသလား၊ ဘာဆိုင်မှ မဖွင့်တော့လို့ ငါတောင် ဘာမှမစားခဲ့ရဘူး၊ ဘာတွေလာပြောနေတာလဲ၊ တိတ်စမ်းကွာ... ငါ ပိတ်တီးလိုက်ရ"

"ဟဲ့... အကောင်ရဲ့၊ နင် ငါ့ကို မသဒ္ဓါရင်ထားဟဲ့၊ ငါ့အမေငါ့ညီမကိုပါ မသဒ္ဓါတာတော့ လွန်လွန်းတယ်၊ နင်က အခုထိ လိမ်နေတုန်း၊ နင့်နောက်ကျော ခါးမှာထိုးထားတာ ဘဲကင်မဟုတ်လို့ ဘာတုံးဟဲ့၊ ဟဲ့ကောင်ရဲ့"

ဖုန်းကို လန့်ဖျပ်ပြီး သူ့နောက်ကျောကိုစမ်းတော့ ချွေးတွေပါးစပ်ဖျားက ပထမဦးဆုံး သူလုလို့ရတဲ့ ဘဲကင်ကို သွားတွေ့တယ်။ လက်ဖွားလက်ကြပ်ဆိုတော့ ဖုန်းကိုလည်း ရှင်းလို့မရတော့ဘူး၊ ပြောစရာ စကားမျိုးစုံရသွားပြီမို့ ခုနစ်သံချီဟစ်တော့ သူ့ဇနီးချောရဲ့ပါးစပ်ကို ပိတ်သွားအောင် ဖုန်းကိုက လက်ပါလာတယ်။ အစ်မကို ဘေတော့ ဒေါသထွက်ပြီး ဝင်ကုတ် ဝင်လုံးတဲ့ ခယ်မကို ဖုန်းကိုက ပိတ်ကန်တယ်။ အတင်းဝင်ဖက်ပြီးကိုက်တဲ့ ယောက္ခမကြီးကို ပစ်တွန်းလိုက်တာ ဗီရိုစောင်းနဲ့ထိပြီး နဖူးမှာ ဘုသီးကြီးထသွားတယ်။ ကျန်တာတွေတော့ ဘုန်းကိုက သူလည်း မမှတ်မိတော့ဘူးတဲ့။ ညတွင်းချင်းပဲ သူ့မိန်းမနဲ့ ယောက္ခမရော ခယ်မပါ အိမ်ပေါ်က ဆင်းသွားကြတာတဲ့။

ဖုန်းကိုရဲ့ မျက်နှာဟာ ရီဝေနေပါတယ်။

နောက်ထပ်မှာထားတဲ့ နှစ်ပတ်ကို ရေနည်းနည်းရောပြီး မျက်စိမှိတ် ကျိုက်ချလိုက်တယ်။ မျက်နှာတစ်ခုလုံးလည်း တွန့်လိမ်လို့။

ပြီးတော့ ကျွန်တော့်ကို မကြည့်ဘဲ အဝေးကိုငေးရင်း ပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ပထမဦးဆုံးအောနဲ့ ရခဲ့တဲ့ ဘဲကင်ကို လုံချည်ပြင်ဝတ်ရင်း နောက်ခါးကြားမှာ ထိုးခဲ့တာကို ငါ မေ့သွားတာပါကွာ၊ အဲဒီဘဲကင်ကိုလဲ သူစားဖို့ဆိုတဲ့အောနဲ့ ငါ လုခဲ့သိမ်းခဲ့တာပါကွာ၊ ဒါပေမဲ့ အဲဒါကို ငါမေ့သွားတယ်၊ အဲဒါလေးတစ်ခုပါပဲကွာ"

စကားဆုံးတော့ ဖုန်းကိုဟာ လေးလေးကြီး ထရပ်တယ်။ ပြီးတော့ ဂျက်ကမ္ဘာလေးကိုဖွာရင်း ဆိုင်အပြင်ကိုထွက်တော့ သူ့ကို အသင့်စောင့်နေကြတဲ့ ခွေးတွေက အိပ်နေ လမ်းသလားနေရာက ဖုန်းကိုဆီကို ပြေးဝင်သွားကြတယ်။ သိပ်မကြာဘူး ခွေးဟောင်းသံ၊ တကိန်ကိန်အော်သံ၊ ဖုန်းကိုရဲ့ ဆဲသံတွေကို ကြားရတယ်။

သူ ရှင်မသွားလို့ သူသောက်တဲ့ အရက်ဖိုးကို ကျွန်တော်က ရှင်းပေးလိုက်ရပါတယ်။ ဖုန်းကိုက အရက်သမားစကားနဲ့ ပြောရရင်တော့ သူ့အိမ်ကို သူမှန်ပြီး ရောက်သွားမှာပါပဲ။ ဒါပေမဲ့ အဲဒါက မှားပါတယ်။

အရက်မူးတဲ့သူဆိုတာ သူတို့ကိုယ်သူတို့ အရာအားလုံးသိတယ်လို့ ထင်တတ်ကြပါတယ်။ မူးသာမူးပေမဲ့ ဘယ်တော့မှ မမှားဘူးလို့လည်း ပြောတတ်ကြပါတယ်။ ကိုယ်လုပ်တာတွေကို အားလုံးမှတ်မိတယ်လို့လည်း ရင့်ကျူးတတ်ကြပါတယ်။

ဒါပေမဲ့ ကိုယ့်ဆရာရေ...

ဒီခေတ် မိုးရာသီအထိ အသူရာက သိကြားမင်းကို မနိုင်သေးပါဘူး။

▢



BURMESE CLASSIC .com

www.burmeseclassic.com